မြန်မာ့အလင်း

၁၂၇၉ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၉ ခုနှစ်၊ ကဆုန်လဆန်း ၄ ရက်၊ ၂၀၀၇ ခုနှစ်၊ ဧပြီ ၁၉ ရက်၊ ကြာသပတေးနေ့၊ အတွဲ (၄၆)၊ အမှတ် (၁၉၆)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ်ထားရှိ မွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

ပြန်ကြားရေးဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း သတင်းစာတိုက်များ၏ ပုံနှိပ်စက်များစစ်ဆေး နှစ်သစ်ကူးရုံးပိတ်ရက်အတွင်း အကြီးစားပြင်ဆင်မွမ်းမံဆောင်ရွက်ထားရှိမှု ကြည့်ရှုအားပေး

အမှာစကားပြောကြား ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း မြန်မာ့အလင်းသတင်းစာတိုက် အစည်းအဝေးခန်းမ၌ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဝန်ထမ်းများအား အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ရန်ကုန် ဧပြီ ၁၈

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ဧပြီ ၁၆ ရက်(သင်္ကြန်အတက်နေ့) မွန်းလွဲပိုင်းတွင် ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းအောက်ရှိ မြန်မာ့အလင်းသတင်းစာတိုက်သို့ သွားရောက်၍ နှစ်သစ်ကူးရုံးပိတ်ရက် အလုပ်ကျသတင်းစာနားရက်များအတွင်း နားရက်မယူဘဲ ပုံနှိပ်စက်များ အကြီးစားပြင်ဆင်မွမ်းမံဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးအားပေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

ကြိုဆိုနှုတ်ဆက်

ရှေးဦးစွာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် မွန်းလွဲ ၂ နာရီ မိနစ် ၄၀ တွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် နတ်မောက်လမ်းသွယ်(၁) အမှတ်(၅၃)ရှိ မြန်မာ့အလင်းသတင်းစာတိုက်သို့ ရောက်ရှိလာရာ ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနတို့မှ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ၊ မြန်မာ့အလင်းသတင်းစာတိုက်နှင့် မြန်မာ့သတင်းစဉ်(ပြည်တွင်း)တို့မှ စာတည်းမှူးချုပ်များ၊ သတင်းစာတိုက်များမှ စာတည်းနှင့် မန်နေဂျာများက ကြိုဆိုနှုတ်ဆက်ကြသည်။

ရင်းရင်းနှီးနှီး

ထို့နောက် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် သတင်းစာတိုက်ရှိ စာတည်းဌာန၊ စာပြင်ဌာန၊ ကွန်ပျူတာဌာနတို့သို့ သွားရောက်၍ လုပ်ငန်းဆောင်ရွက်နေမှုတို့ကို ကြည့်ရှုအားပေးပြီး ဝန်ထမ်းများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

စာမျက်နှာ ၆ ကော်လံ ၁ ■

မိုးလေဝသအခြေအနေ ၁၉-၄-၂၀၀၇

နေပြည်တော်

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

ရန်ကုန်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်မည်။

မန္တလေး

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင်ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန် ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

အယ်ဒီတာ့ အာဘော်

(၂၀၀၇ ခုနှစ်၊ ဧပြီလ ၁၉ ရက်)

ပတ်ဝန်းကျင်ထိန်းသိမ်းရေး လုပ်ငန်းများ ပြည်သူများ ဝိုင်းဝန်းကာကွယ်စောင့်ရှောက်

နိုင်ငံတော်က ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကို အလေးပေးဆောင်ရွက်နိုင်ရန် ပတ်ဝန်းကျင်ထိန်းသိမ်းရေး အမျိုးသားကော်မရှင်တစ်ရပ် ဖွဲ့စည်းဆောင်ရွက်လျက်ရှိသည်။

စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုအတွက် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေး အစီအစဉ်ကို ၁၉၉၂ခုနှစ်က ချမှတ်ခဲ့သည်။ မြန်မာနိုင်ငံသည် ကုလသမဂ္ဂ သဲကန္တာရဖြစ်ထွန်းမှု တိုက်ဖျက်ရေး ကွန်ဗင်းရှင်းကို ၁၉၉၇ခုနှစ်၌ သဘောတူ လက်မှတ်ရေးထိုးခဲ့သည်။

အပူပိုင်းဒေသ ၁၃ ခရိုင် စိမ်းလန်းစိုပြည်ရေးစီမံကိန်းများ၊ ဆည်အစုအဖွဲ့များနှင့် ကျေးလက်ရေရရှိရေး စီမံကိန်းများဆောင်ရွက်ခဲ့ခြင်းဖြင့် အပူပိုင်းဒေသတွင် သစ်တောသစ်ပင်များဖြင့် စိမ်းလန်းစိုပြည်လျက် ရှိသည်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေး အမျိုးသားကော်မရှင်နှင့် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်တို့ ပူးပေါင်းပြီး အမျိုးသားပတ်ဝန်းကျင်ထိန်းသိမ်းရေး ပညာပေး ရက်သတ္တပတ် အစီအစဉ်များကို ကျင်းပခဲ့သည်။ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်သည် အမျိုးသမီးများ ပတ်ဝန်းကျင်ရေးရာကိစ္စရပ်များတွင် တက်ကြွစွာလုပ်ဆောင်နိုင်ရေးအတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေး လုပ်ငန်းအဖွဲ့များကို ဖွဲ့စည်းလှုပ်ရှားမှုများ လုပ်ဆောင်ခဲ့သည်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေး အမျိုးသားကော်မရှင်က ပြည်သူများအတွင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေး အသိအမြင်များ ကျယ်ပြန့်လာစေရန် ရည်ရွယ်၍ ဟောပြောပွဲများ၊ သင်တန်းများနှင့် အလုပ်ရုံဆွေးနွေးပွဲများကို ကျင်းပပို့ချပေးလျက်ရှိသည်။ စက်ရုံ၊ အလုပ်ရုံများ၌ အသိပညာပေးခြင်း၊ ရေကန်ဆယ်ယူသန့်ရှင်းခြင်းနှင့် အမှိုက်သရိုက်များ ရှင်းလင်းခြင်းတို့ကို လူထုလှုပ်ရှားမှုအသွင်ဖြင့် ဖော်ဆောင်ခဲ့သည်။

သက်ရှိများဘဝ ရှင်သန်ရပ်တည်နိုင်ရေးအတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းသည် အဓိကကျသည့် လုပ်ငန်းများဖြစ်ရာ သဘာဝပတ်ဝန်းကျင် အရင်းအမြစ်များကို တိုင်းရင်းသားပြည်သူများက နိုင်ငံတော်နှင့်အတူ ဝိုင်းဝန်းကာကွယ်စောင့်ရှောက်သွားကြရမည်ဖြစ်ပေသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ ကြီးမှူး နှစ်သစ်ကူး ကလေးအထူးတရားပွဲကျင်းပ

ရန်ကုန် ဧပြီ ၁၈

ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူးကျင်းပသော နှစ်သစ်ကူး ကလေးအထူးတရားပွဲကို ယမန်နေ့ ညနေ ၃ နာရီက ရန်ကုန်အနောက်ပိုင်းခရိုင် စမ်းချောင်းမြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြု တက္ကသိုလ် ကထိက ဓမ္မဒူတ ဆရာတော် အရှင်ဆေကိန္ဒထံမှ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်မာမာဝေ၊ ဥက္ကဋ္ဌဒေါ်ခင်မျိုးသူ နှင့်အဖွဲ့ဝင်များ၊ ဧည့်ပရိသတ်များနှင့် ကလေးငယ်များက ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ယဉ်ကျေးလိမ္မာတရားဟောကြား

ထို့နောက် အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြု တက္ကသိုလ် ကထိက ဓမ္မဒူတဆရာတော်အရှင်ဆေကိန္ဒက ကလေးငယ်များအား ယဉ်ကျေးလိမ္မာတရားကို ဟောကြားတော်မူသည်။

ဆက်ကပ်လှူဒါန်း

ယင်းနောက် ဓမ္မဒူတ ဆရာတော် အရှင်ဆေကိန္ဒအား ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်မာမာဝေက လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး**(အပေါ်ပုံ)** အမျှပေးဝေကာ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဒေါ်ရီရီမြင့်အား ရည်စူး၍ ဩစတြေးလျနိုင်ငံ ဆစ်ဒနီမြို့မှ ဦးသန်းလွင် မိသားစုက ဒဂုံမြို့နယ် အမှတ် ၁၆ စကားဝါ လမ်းမင်းကွန်း ဆရာတော်ကြီး၏ တိပိဋကတိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူငွေကျပ်ငါးသိန်းကို အနုနာယက ဆရာတော် ဘဒ္ဒန္တ ပဏ္ဍိစ္စထံ ရေစက်ချအနုမောဒနာတရားနာယူပြီး တိ=နိ(ပင်မ) ဥက္ကဋ္ဌ ဦးအေးဖေထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

မြဝတီရုပ်မြင်သံကြား

၁၉-၄-၂၀၀၇ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	အဖွင့်သီချင်း
၇း၁၀	၃။	မျိုးချစ်တပ်မတော်
၇း၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၅။	မြန်မာသံစဉ်ချိုနှားဝင်
၇း၄၅	၆။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၀	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅	၈။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၀။	ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၀	၃။	မြတ်ဘုရားဒေသနာ ရှည်လျားတဲ့ဘဝသံသရာ
၅း၁၀	၄။	မျိုးချစ်တပ်မတော်
၅း၂၅	၅။	မြန်မာသံစဉ်ချိုနှားဝင်
၅း၃၀	၆။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၅း၃၅	၇။	ရွှင်ကြည်ပြုံးစရာတေးကဗျာ
၅း၄၀	၈။	သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၀။	နိုင်ငံတကာသတင်း
၆း၂၀	၁၁။	မိုးလေဝသသတင်း
၆း၂၅	၁၂။	လျှပ်တစ်ပြက်
၆း၅၀	၁၃။	လှုပ်လှုပ်ရှားရှား ပုံရိပ်များ
၇း၀၀	၁၄။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မြစ်တစ်စင်းရဲ့သံစဉ်** (အပိုင်း-၄၂)
၈း၀၀	၁၅။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၆။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၁၇။	ကုန်သွယ်သုတ
	၁၈။	ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	၁၉။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ဝေဟင်ချစ်သူ** (အပိုင်း-၂၀) ဇာတ်သိမ်းပိုင်း

သမိုင်းဝင် ကုဿာပုဏ္ဏစေတီတော် ပန္နက်တင် မင်္ဂလာအခမ်းအနားကျင်းပ

ရန်ကုန် ဧပြီ ၁၈

ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ် ကုန်းတလပေါင် စံပြကျေးရွာ အမရဝတီကျောင်းတိုက်အတွင်း တည်ထားကိုးကွယ်မည့် ရှေးဟောင်းသမိုင်းဝင် ကုဿာပုဏ္ဏစေတီတော်အား ပြန်လည်တည်ထားကိုးကွယ်ရန် ပန္နက်တင်မင်္ဂလာ အခမ်းအနားနှင့် သဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော် ဆက်ကပ်ခြင်းခံရသော ဆရာတော်ဘဒ္ဒန္တရေဝတအား ဂုဏ်ပြုပူဇော်ပွဲကို ယမန်နေ့ နံနက်ပိုင်းက အဆိုပါကျောင်းတိုက်၌ ကျင်းပသည်။

ငါးပါးသီလခံယူ

ရှေးဦးစွာ အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပြီး အမရဝတီကျောင်းသာသနဓဇဓမ္မာစရိယ ဓမ္မကထိကဗဟုဇနဟိတဓရ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပညာနန္ဒ(သီတဂူကြယ်တစ်ပွင့်)ထံမှ ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြသည်။

ပရိတ်တရားတော်ဟောကြား

ထို့နောက် ဆရာတော်ကြီးများထံ ဧည့်ပရိသတ်များက ပရိတ်ရေ၊ ပရိတ်ပန်းများ ဆက်ကပ်ကြပြီး ဆရာတော်ကြီးများက ပရိတ်တရားတော်များ ဟောကြားကြကာ စေတီတော်အား လက်ယာရစ်လှည့်လည်ပူဇော်ပြီး ပန္နက်တင်ပေးတော်မူကြသည်။

ဆက်ကပ်လှူဒါန်း

ယင်းနောက် သဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော် ဆက်ကပ်ခြင်းခံရသော ဆရာတော်ဘဒ္ဒန္တရေဝတအား တေးသံရှင်များက ပိဒ်စုံရတုဖြင့် ချီးကျူးပူဇော်ကြပြီး အလှူရှင်များက လှူဖွယ် ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ရေစက်ချ

ဆက်လက်၍ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပညာနန္ဒ(သီတဂူကြယ်တစ်ပွင့်)ထံမှ လှူဒါန်းမှုအစုစုတို့ အတွက် ရေစက်ချ တရားတော်နာယူကြကာ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နှစ်ဖက်သောမိဘများအား အမှူးထား၍ အမှတ် ၁၅၂ သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ်နေ ဦးသန့်စင်-ဒေါက်တာ လှလှဝင်းမိသားစုက ဗဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရ ဆွမ်း၊ ဆေးပဒေသာပင်နှင့် ခြောက်ထပ် ဆေးရုံသစ်ကြီးအတွက် အလှူငွေကျပ် သုံးသိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဦးမောင်မောင် လက်ခံယူစဉ်။ (က-ပ)

စည်းကမ်းရှိမှ

ဇာတ်ပွဲတစ်ခုတွင်

ဖြစ်ရပ်မှန်တစ်ခုကို တင်ပြ၍ စတင်ပါရစေ။

မြေလတ်ဒေသ ဘုရားပွဲတော်တစ်ခု၏ ဇာတ်ပွဲခင်းတစ်ခုအတွင်းမှာ ဖြစ်ပါသည်။ နိုင်ငံအဝန်း ကျော်ကြားသော အသံကောင်း၊ ရုပ်ချော၊ အပြောကောင်း၊ အကကောင်း၊ ခေါင်းဆောင်ဇာတ်မင်းသား၏ ဇာတ်စင်ပဲ ဖြစ်ပါသည်။ ပွဲကြည့်ပရိသတ်ကလည်း ကြက်ပျံမကျ စည်ကား များပြားသည်။ ဇာတ်ကကောင်းသဖြင့် ပရိသတ်က တစ်ခဲနက် အားပေး ကြည့်ရှုနေကြသည်။ ပြဇာတ်ကလည်း ကောင်းသည်။ ယခု ကပြနေသော နှစ်ပါးသွားခွင်ကလည်း ကောင်းသည်။ လူရွှင်တော်ကြီးတွေ ပြက်လုံး ထုတ်လျှင်လည်း တသောသော ရယ်မောကြလျက် ပတ်တုတ်မရအောင် ပွဲကျလျက်ရှိ၏။ မျက်ရည်ကျအောင် ရယ်ရသတဲ့။ အူနာအောင် ရယ်ရသကွယ်နှင့်။ အညာသူ၊ အညာသားပရိသတ်များ အလွန်သဘောကျ ပျော်ရွှင်နေကြစဉ် ပရိသတ်ထောင့်တစ်နေရာမှ အသံတစ်သံကြောင့် အားလုံး၏အာရုံသည် ထိုနေရာဆီသို့ ရောက်ရှိသွား၏။

နှစ်ပါးသွားကနေစဉ်

"ဆိုတာကောင်းပါတယ်။ ကတာကောင်းပါတယ်။ ဒါပေမယ့် ဆိုင်းအတီးမပါဘဲ ကတာသက်သက် ကြည့်ချင်တယ်ဗျို့။ ဆိုင်းမပါဘဲ ကပြစမ်းပါ"

လူတစ်ယောက်က ပရိသတ်ထဲမှ ထအော်လိုက်ခြင်းဖြစ်ပါသည်။ သူက ထိုစကားကို နှစ်ခါ သုံးခါ ထပ်ပြောနေသည်။ မူးယစ်နေသလား တော့မသိပေ။ သူ့အုပ်စုက ဟုတ်တယ် ဟုတ်တယ်တဲ့။

"ဆိုင်းမပါဘဲ ကပြစမ်းပါ"

ပရိသတ်သည် ရုတ်တရက်ကြီး ငြိမ်သက်သွား၏။ မီးကိုရေနှင့် ပက်လိုက်သကဲ့သို့ဟု ဆိုရမည်။

နှစ်ပါးသွားကပြနေသော မင်းသားက သေချာစွာနားထောင်သည်။ ဣန္ဒြေမပျက်ပေ။အချိန်ကိုစောင့်၍ပြုံးလျက်အဖြေစကား သူပြောကြားသည်။

"ဦးဇာတ်ဆီရေ"

"ဇာတ်ဆရာခင်ဗျား"

"ဦးဇာတ်ဆန်"

"ရှိပါတယ် ဆရာရေ့"

"သဘင်၊သဘင်နဲ့ အမြင်သာလွယ်တယ် ထင်ရပေမယ့် တကယ် လုပ်ရင် အဟုတ်ခက်ပါတယ်ဆိုတဲ့စကား ရှိတယ်မဟုတ်လားခင်ဗျာ"

"ကြားဖူးပါရဲ့ ဇာတ်ဆရာ"

"ကျွန်တော်တို့ ဇာတ်သဘင်သည်များဟာ ရွှေပွဲလာပွဲကြည့်ပရိသတ် များက အားပေးမြှောက်စားကြလို့လဲ ယခုလို ကပြတင်ဆက်နိုင်ခြင်း မဟုတ်ပါလားခင်ဗျာ"

"အမှန်ပါပဲ ဇာတ်ဆရာခင်ဗျ"

ထမင်းရှင်

"ရွှေပွဲလာ ပွဲကြည့်ပရိသတ်များဟာ ကျေးဇူးရှင်၊ ထမင်းရှင်တွေ ဆိုရင်ကော မှားမလားခင်ဗျာ"

"မမှားပါခင်ဗျ"

"ကျေးဇူးရှင် ကျွေးမွေးယုယ အားပေးကြတဲ့ ကျေးဇူးရှင်တွေရဲ့ စိတ်ဆန္ဒအလိုကျအောင် ကျွန်တော်တို့က အစွမ်းကုန် ဖြည့်ဆည်းပေးရန် တာဝန်ရှိပါတယ်။ ဒါဟာ ကျွန်တော်တို့ရဲ့ ကျေးဇူးဆပ်ချင်တဲ့စေတနာ၊ စေတနာနဲ့ တာဝန်ကြောင့် ကျွန်တော်တို့ဟာ စေခိုင်းရာကို လုပ်နိုင်သမျှ လုပ်ပေးကြရပါမယ်"

"ကောင်းလှပါတယ် ဇာတ်ဆရာ"

"သို့ရာတွင် အကြောင်းအကျိုး အကောင်းအဆိုး တင်ပြစရာရှိရင် လည်း တင်ပြရမှာပဲ မဟုတ်ပါလား ဦးဇာတ်ဆန်ရေ"

"ဆိုရေးရှိက ဆိုအပ်လှပါတယ်ခင်ဗျား"

"ဆိုင်းမပါဘဲ ကပြပါဆိုရင် ကလို့မရဘူးလား၊ မေးလာရင်ရပါတယ် လို့ ဖြေရပါ့မယ်၊ ဆိုင်းမပါဘဲ ကလို့ရပါတယ်၊ ကပြပါမယ်" သို့သော်–"စည်းဝါးမပါဘဲနဲ့တော့ ကပြလို့မရပါ။ စည်းနဲ့ဝါး မပါဘဲနဲ့ ကလို့ရပါ့မလား၊ ဦးဇာတ်ဆီရေ"

"စည်းလွတ်ဝါးလွတ်ကလို့ မဖြစ်ပါခင်ဗျား"

စည်းနှင့်ဝါး

"ကခြင်း၊ သီဆိုခြင်း၊ တီးမှုတ်ခြင်း၊ အနုပညာ ရသဖန်တီးခြင်း မှန်သမျှမှာ စည်းမျဉ်းစည်းကမ်း၊ နရီ၊ စည်း၊ ဝါး သတ်မှတ် ပြဋ္ဌာန်း ထားသော အကန့်၊ အပိုင်းအခြားဟာ ရှိကြရစမြဲဖြစ်ပါတယ်။ ဘီလူးစည်း၊ လူ့စည်းဆိုတဲ့ စကားလည်း ရှိတယ်မဟုတ်လားခင်ဗျား"

"ရှိရပါတယ် ဇာတ်ဆရာခင်ဗျား"

"စည်းဆိုတာ ရေးထားတာ၊ ပြောထားတာရှိသည်ဖြစ်စေ၊ မရှိသည် ဖြစ်စေ၊ စည်းကတော့ လူသားမှန်သမျှ အသိဉာဏ်အရ သိအပ် လိုက်နာအပ်တဲ့ အတိုင်းအတာ တစ်ရပ်အနေနဲ့ ရှိကြရတာပါပဲ။ ရဟန်းမှာ ဝိနည်း၊ ရွာမှာစည်းရိုး၊ လူမှာစည်းကမ်းဆိုတာ အနားကွပ်ထားတဲ့ အပိုင်းအခြားတွေ မဟုတ်ပါလား ဦးဇာတ်ဆန်ရယ်"

"မှန်ပါတယ်၊ စည်းကမ်းဟာ လူရဲ့တန်ဖိုးပါခင်ဗျ"

စည်းကမ်း

ဇာတ်ဆရာသည် စည်းအခြေခံကျပုံ၊ စည်းကမ်းသည် အရေးကြီးပုံ၊ စည်းကမ်းရှိသော လူ့အဖွဲ့အစည်းကသာလျှင် ဖွံ့ဖြိုးတိုးတက်စည်ပင်နိုင်ပုံ များကို ပရိသတ်အငေးသား နားထောင် ဘဝင်ကျလောက်အောင် နာရီဝက်ခန့် ဖွဲ့ဖွဲ့နွဲ့နွဲ့ ပြောဆိုလေတော့သည်။ ပွဲကြည့်ပရိသတ်က သဘောကျ၊ သဘောပေါက်သည်။ ငြိမ်သက်စွာ အာရုံစိုက်နားထောင်ကြ သည်။

မူးတိမူးကြောင်နှင့် ထအော်ဟစ်သော ပွဲကြည့်သူလူတစ်စုကြောင့် ဒေသနယ်မြေ နာမည်ပျက်၍ အရှက်ရစေနိုင်ကြောင်း သတိပြုမိလာသည်။ ရပ်ရွာလူကြီးများ ဖြစ်ပုံရသူအချို့က ထိုကဲ့သို့ အော်ဟစ်သူ သုံးလေးယောက် တို့အား ချိုင်းမှထူမကာ ဆွဲထုတ်သွားကြသည်ကို တွေ့ရလေသည်။ ခေါင်းငုံ့လျက် ပါသွားကြပေပြီ။

ဇာတ်ဆရာသည် ဆိုင်းမပါဘဲ စည်းဝါးအတီးမျှဖြင့် နရီ၊ စည်းထိပ်၊

ချစ်နိုင် (စိတ်ပညာ)

စည်းကျဲ၊ ဝါးလတ်၊ စည်းသုတ်အမျိုးမျိုးဖြင့် လှပစွာကပြ အသုံးတော်ခံပြီး ပရိသတ်၏မေတ္တာကို ထိုညက အဆများစွာ ရသွားခဲ့လေသည်။ ထို ဇာတ်မင်းသား၏ ထိုညက လှပစွာ တင်ပြပြောဆိုသမျှ စည်းကမ်းနှင့် ပတ်သက်သော စကားကိုလည်း ပွဲကြည့်ပရိသတ်က ထာဝစဉ် စွဲမြဲ အမှတ်ရသွားစေပါတော့သည်။ ထိုဇာတ်ဆရာကား မင်္ဂလာဦးအောင်မောင်း ဖြစ်ပါသည်။ အချိန်ကာလမှာ လွန်ခဲ့သော နှစ်ပေါင်းခြောက်ဆယ်ခန့်က မြန်မာပြည် လွတ်လပ်ရေးရပြီးစ သူပုန်သူကန်၊ လက်နက်ကိုင် ပြောက်ကျား တွေ တစ်တောတစ်ကြက်ဖ ရှိနေကြသေးသောကာလ ဖြစ်ပါသည်။ သူက ရဲရဲဝံ့ဝံ့ ပြောခဲ့၏။

စည်းကမ်းရှိမှ တိုးတက်မည်။

မှန်လေသည်

သဘင်ပညာရှင်တစ်ဦး ထိုတစ်ည ထိုစဉ်ကပင် အလေးအနက် လှစ်ဟခဲ့သောစကားသည် မှန်ခဲ့သည်။ စည်းကမ်းရှိသဖြင့် တိုးတက်ကြ ရသည်။

စည်းကမ်းကို ရိုသေလေးစား လိုက်နာတတ်ကြသဖြင့် ကျွန်ုပ်တို့ နိုင်ငံသည် တစ်စတစ်စ ဖွံ့ဖြိုးတိုးတက်လာခဲ့ရသည်။ ဆက်လက်ပြီး နိုင်ငံကြီးသားပီပီသသ စည်းကမ်း၏တန်ဖိုးကို ပိုမိုသိမြင် နားလည်ကြသည် နှင့်အမျှ အဘက်ဘက်မှ တိုးတက်အောင်မြင်ကြဦးမှာလည်း အမှန်ပင်။

ဖွံ့ဖြိုးတိုးတက်မည်ကို မလိုလားသူအချို့တော့ ရှိကြသေးသည်။ ပြည်သူလူထုက တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးရှိမှ တိုးတက်ဖွံ့ဖြိုးမှုများ အရှိန်အဟုန် ပိုမိုကောင်းလာမည်ကို သိကြသည်။ ဖွံ့ဖြိုးတိုးတက်မည်ကို မလိုလားသူ အဖျက်သမားတစ်စုမှာ ပေါ်ပေါ်ထင်ထင် ခေါင်းမဖော်ရဲ။ ထောက်ခံသူမရှိသဖြင့် မျက်နှာမဖော်ရဲ။

တစ်ချိန်တည်း၊ တစ်ပြိုင်တည်း ဈေးကြီးထဲ ဗုံးခွဲသည်။ လူထုက မကျေနပ်၊ တောရွာများမှာ မိုင်းထောင်သည်။ ပြည်သူက မုန်းတီးသည်။ လမ်းမပေါ်အော်ဟစ်ဆူပူ မငြိမ်မသက်ဖြစ်အောင် နှိုးဆွသည်။ ပြည်သူ လူထုက ဝိုင်းပယ်ဆန့်ကျင်ကြသည်။ ရွံရှာစက်ဆုပ်သည်။ အော်ဟစ်ဆူပူ ခြင်းများကို အလိုမရှိပါ။ အေးချမ်းလုံခြုံခြင်းကိုသာ ပိုမိုလိုလားသည်။

စည်းကိုကျော်လာ

ပြည်သူကို ထိတ်လန့်ချောက်ချားအောင် အနည်းနည်းအဖုံဖုံ ခြောက်လှန့်သော်လည်း ပြည်သူက သွေးမလန့်ခဲ့။ ပြည်ပသံရုံးအချို့သည် စည်းကိုကျော်လျက်၊ အရှက်မရှိ ၊အဖျက်လုပ်ရပ်များလုပ်အောင် နည်းမျိုးစုံ နှိုးဆော်တိုက်တွန်းနေကြ၏။ ပြည်သူလူထုက နိုင်ငံကြီးသား ပီသစွာ သည်းခံနေကြ၏။ သံတမန်တချို့သည် စည်းကိုဖောက်လျက် သူလျှို အဖျက်လုပ်ရပ်များ ပြုမူခဲ့ကြ၏။ နိုင်ငံတော်အစိုးရသည် မုန်းစကို တိုစေလျက် ချစ်စကို ရှည်စေရမည်ဟူသော ကျင့်ဝတ်စေတနာမပျက် ခွင့်လွှတ်ထားခဲ့၏။

အဖျက်လုပ်ရပ်များ လက်ဝါးချင်းရိုက်နေသော အချို့သံတမန်နှင့် ပလူးပလဲ ဝင်ချည်ထွက်ချည်လုပ်နေသော ငါးခုံးမ အချို့ကိုလည်း ပြည်သူလူထုက နေ့စဉ်မြင်နေ၏။ တွေ့နေ၏။ ဘာသာစကားသင်တန်းဟု ဗန်းပြကာ ထိပ်တိုက်ဆန့်ကျင်ရေး နည်းနာများကို ပို့ချသင်ပြလှုံ့ဆော် ခဲ့ကြ၏။ ဗုံးသွင်းနေကြ၏။ နိုင်ငံနှင့်လူမျိုးအကျိုးကို ကာကွယ် စောင့်ရှောက်ရန် တာဝန်ရှိသူအချို့က စည်းကိုမကျော်အောင် အစဉ်မပြတ် စောင့်ကြည့်နေကြ၏။

ဘာသာရေးကို အကြောင်းပြုကာ ဆူပူအုံကြွမှုများ ဖြစ်လာအောင် ဗုံးခွဲသူကို စေလွှတ်ခဲ့၏။ ထိုသူကိုယ်တိုင် စနစ်တံကို ဖြုတ်မိသဖြင့် ဝမ်းဗိုက်ပွင့်ပြီး သေပွဲဝင်သွားရ၏။ ဘာသာရေးကို ခုတုံးလုပ်ကာ မကျေနပ်မှုများဖြစ်အောင် လေလှိုင်းသံမှ မဟုတ်မမှန်စွပ်စွဲ သွေးထိုး လှုံ့ဆော်နေ၏။ သွေးခွဲခြင်းဟူသမျှ၏ဆိုးကျိုးများကို နားလည်နေကြပြီ ဖြစ်သည့် ပြည်သူလူထုသည် နားငြီးခံပြီး နားမထောင်ကြတော့ပေ။ စည်းလုံးခြင်းသည် ခွန်အား။

မျက်နှာဖုံးကွာကျ

လူ့အခွင့်အရေး၊ အမျိုးသမီးများ အခွင့်အရေး၊ ဒီမိုကရေစီရေး၊ ဘာသာရေးလွတ်လပ်ခွင့် စသည်ဖြင့် အပေါ်ယံမျက်နှာဖုံး အမျိုးမျိုး စွပ်ပြီး ပါးစပ်ဖျားက သကြားရည်သုတ်ထားကြပါသော်လည်း တကယ့် ရည်ရွယ်ချက်ကား ကျွန်ုပ်တို့နိုင်ငံနှင့်လူမျိုးကို ဖိနှိပ်ရေး၊ သိက္ခာချ ဝိုင်းပယ်ရေး၊ ထိုးနှက်ဖျက်ဆီးရေး၊ ဒုက္ခရောက်စေရအောင် ပိတ်ပင်ရေး၊ နိုင်ငံတကာနှင့် အဆက်ပြတ်စေရေးကိုသာလျှင် ၁၉နှစ်လုံးလုံး တစိုက် မတ်မတ် သူတို့ကြိုးစား လုပ်ဆောင်ခဲ့သည်မို့ ဟန်ဆောင်ဖုံးကွယ်၍ မရပြီ။

ဗူးပေါ်သလို ပေါ်နေပြီ။ ထင်ရှားခဲ့ပြီ။

အဖျက်လုပ်ရပ်များကို ပြည်သူမလိုလား။

စည်းကမ်းတန်ဖိုး

ပြည်သူက နိုင်ငံတကာနှင့်အညီ ခေတ်မီရင်ပေါင်တန်းနိုင်အောင် ပြောင်းလဲချင်နေပြီ။ အပြုလုပ်ရပ်များ၏ အကျိုးကျေးဇူးကိုလည်း ကိုယ်တိုင် ခံစား ထိတွေ့နေရပြီ။ လေလှိုင်းသံထဲက လုပ်ကြံလီဆယ် ဘာတွေပဲ ပြောနေနေ မျက်မြင်ကောင်းကျိုး တစ်ခုမျှမပါ။ စေတနာ မွဲလှသည်။ အကြံအစည် ယုတ်ညံ့လှသည်။ ပျဉ်ဖိုးနားလည်ခဲ့ပြီ။

ကဗျာဆရာကြီး မင်းသုဝဏ်ရေးသားဖွဲ့ဆိုခဲ့သော ဒွေးချိုးကဗျာ တစ်ပုဒ်ကို ယခုခေတ်ပြည်သူများက နားဝင်လက်ခံသည်။

စည်း တွင်းမှာနေ၊ ကင်းကွေလိမ့်ရန်ဘေး။

ကမ်း ကမ်းကိုကျော်၊ ချော်ကာကျ၊ များလှရန်ဘေး။

မယ်သီတာသည် ရာမနှင့်လက္ခဏာတို့ စည်းသားထားခဲ့သော စည်းကို ကျော်မိခဲ့သဖြင့် ဒသဂီရိဘီလူး၏ ခိုးယူခေါ်ဆောင်ရာသို့ ပါသွားခဲ့ရသည်။ ရာမဇာတ်တော်ထဲက သင်ခန်းစာကို မလိုက်နာသူသည် မှားခဲ့မိပြန်၏။ သြော်...မော်ရုံဟောဝန် တောမြိုင်စွန်တွင် စည်းကို အကြိမ်ကြိမ်ကျော်သဖြင့် မျက်စိလည်နေရှာသူတွေလည်း ရှိနေခဲ့၏။ စည်းကမ်းသည် လူ၏ တန်ဖိုးဖြစ်သကဲ့သို့ မည်သည့်နိုင်ငံ၊ မည်သည့် တိုင်းပြည်မဆို စည်းကမ်းရှိမှ တိုးတက်မည်ဖြစ်ပါသည်။ မျက်စိမှောက်ကာ စည်းကမ်းဖောက်ကြအောင် ဘေးတီးလှုံ့ဆော်နေသည့် ပြည်ပအဖျက်သမားများ၏ အစွယ်ပြူးပြူး ဘီလူးဇာတိရုပ်ကား ဖုံးကွယ်ထား၍မရတော့ပြီ။

မြင်သာပြီ

လူ့စည်း၊ ဘီလူးစည်း ကွဲပြားသဖြင့် နိုင်ငံတကာဖြစ်ပေါ်ပြောင်းလဲ မှု၊ ဆက်သွယ်ရေးနည်းပညာ ခေတ်မီကျယ်ပြန့်မှု၊ တိုးလျှိုပေါက်မြင်သာ နိုင်စွမ်းရှိမှု အခြေအနေကို ကျေးဇူးတင်ရသည်။ အမှားသည် အမှန်ဖြစ် မလာ။ အဆိုးသည် အကောင်းမဟုတ်ပါ။ အဖျက်သည် အပြုအဖြစ် အထောက်အကူမပြု။ ယုတ်မာကောက်ကျစ်မှုသည် ရိုးသားဖြူစင်မှုအဖြစ် ဖုံးကွယ်ပုံဖျက်ချင်၍ မရချေ။ Transprancy ပွင့်လင်းမြင်သာသောခေတ် ရောက်လာပြီ။

မည်သူတွေက မည်မျှပင် နှောင့်ယှက်ဟန့်တား ပိတ်ဆို့ထားခဲ့စေကာမူ ကျွန်ုပ်တို့သည် တက်ညီလက်ညီ စည်းကမ်းရှိရှိနှင့် ပိုမိုကောင်းမွန်တိုးတက် သော၊ ခေတ်မီဖွံ့ဖြိုးသော အခြေအနေတစ်ရပ်ဆီသို့ ရှေးရှုပြောင်းလဲနိုင် ကြသည်ကား မုချသေချာပေသည်။ ပြည်သူတွေ၏ ဖွဲလုံ့လနှင့် အမြော်အမြင်ကို လေးစားချီးကျူးရပေမည်။ ပြည်သူ၏စွမ်းအားသည် ကြီးမားလေသည်။ ။

ဖွံ့ဖြိုးတိုးတက်မည်ကို မလိုလားသူအချို့တော့ ရှိကြသေးသည်။ ပြည်သူလူထုက တရားဥပဒေ စိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးရှိမှ တိုးတက်ဖွံ့ဖြိုးမှုများ အရှိန်အဟုန် ပိုမိုကောင်းလာ မည်ကို သိကြသည်။ ဖွံ့ဖြိုးတိုးတက်မည်ကို မလိုလားသူ အဖျက်သမား တစ်စုမှာ ပေါ်ပေါ်ထင်ထင် ခေါင်းမဖော်ရဲ။ ထောက်ခံသူမရှိသဖြင့် မျက်နှာမဖော်ရဲ။

ပြည်သူများ အန္တရာယ်ကင်းရှင်းစေရန် ပရိတ်တရားတော် ရွတ်ပွားသရဇ္ဈာယ်
ရေလှောင်ကန်များအတွင်း ပရိတ်ရေများ သွန်းလောင်း

ရန်ကုန် ဧပြီ ၁၈

ရန်ကုန်မြို့အတွင်း မှီတင်းနေထိုင်ကြသောပြည်သူများ အန္တရာယ်ကင်းရှင်းစေရန် ပရိတ်တရားတော်များ ရွတ်ပွားသရဇ္ဈာယ်ခြင်းနှင့် ရေလှောင်ကန်များအတွင်းသို့ ပရိတ်ရေများသွန်းလောင်းခြင်း မင်္ဂလာအခမ်းအနားကို ယမန်နေ့ညနေ ၃ နာရီခွဲက ရန်ကုန်မြောက်ပိုင်းခရိုင် မင်္ဂလာဒုံမြို့နယ်ရှိ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (ရေနှင့်သန့်ရှင်းမှု)လှော်ကားရေလှောင်ကန် ဧည့်ရိပ်သာ၌ ကျင်းပသည်။

ငါးပါးသီလခံယူ

ရှေးဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ကြပြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တတေဇနိယထံမှ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့်ဇနီး ဒေါက်တာ ဒေါ်ခင်ဆန်းနွယ်၊ အတွင်းရေးမှူး ဦးတင်စိုးနှင့်ကော်မတီဝင်များ၊ ဌာနမှူးများနှင့် ပရိသတ်များက ငါးပါးသီလခံယူ ဆောက်တည်ကြသည်။

ရွတ်ပွားသရဇ္ဈာယ်

ဆက်လက်၍ ဆရာတော်၊ သံဃာတော် အရှင်သူမြတ်တို့က မေတ္တာသုတ်နှင့် ပရိတ်တရားတော်များ ရွတ်ပွားသရဇ္ဈာယ် ချီးမြှင့်တော်မူကြသည်။

လှူဖွယ်ဝတ္ထုပစ္စည်းများဆက်ကပ်

ထို့နောက် မြို့တော်ဝန်နှင့်ဇနီး၊ အတွင်းရေးမှူး၊ ကော်မတီဝင်များ၊ ဌာနမှူးများနှင့်၎င်းတို့၏ ဇနီးများက ဆရာတော်၊ သံဃာတော်အရှင်သူမြတ်တို့အား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ် လှူဒါန်းကြသည်။

ရေစက်ချတရားနာယူ

ယင်းနောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တမာနိတသိရီဘိဝံသထံမှ မြို့တော်ဝန်နှင့် ဇနီး အမှူးပြုသော ပရိသတ်များက သာဓုအနုမောဒနာ တရားနှင့် ရေစက်ချတရားနာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြကာ ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ပရိတ်ရေများသွန်းလောင်း

ထို့နောက် ရန်ကုန်မြို့နေ ပြည်သူများ အန္တရာယ်ကင်းရှင်းစေရန်ဆရာတော်၊ သံဃာတော် အရှင်သူမြတ်များ၊ မြို့တော်ဝန်၊ အတွင်းရေးမှူးနှင့် ကော်မတီဝင်များ၊ ဌာနမှူးများက လှော်ကားရေလှောင်ကန်အတွင်းသို့ ပရိတ်ရေများ သွန်းလောင်း ပေးကြသည်။ **(အပေါ်ပုံ)**

ထို့အတူ ရန်ကုန်မြို့နေ ပြည်သူများ အန္တရာယ်ကင်းရှင်းစေရန် ဂျိုးဖြူ၊ ဖူးကြီးနှင့်ငမိုးရိပ် ရေလှောင်ကန်များအတွင်းသို့လည်း ပရိတ်ရေများ သွန်းလောင်းကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပေးအပ်လှူဒါန်း

နှစ်ဖက်သော မိဘများကို ရည်စူး၍ ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် ဝေဠုဝန်အိမ်ရာနေ ဦးအောင်လှထူး၊ ဒေါ်ယဉ်နုမိသားစုက သုံးထပ်ဘိုးဘွားဆောင်သစ်ကြီးအတွက် ငွေကျပ်တစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဦးအောင်သန်းထံ ပေးအပ်လှူဒါန်းစဉ်။

(က-ပ)

ဆရာတော်ဦးသူရိယအား ဂုဏာဝိသိဋ္ဌပူဇော်မည်

ရန်ကုန် ဧပြီ ၁၈

ဧရာဝတီတိုင်း ဖျာပုံမြို့ ၉ ရပ်ကွက် ၁၀ လမ်း တိုက်သစ်ကျောင်း စာသင်တိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တသူရိယ(မှော်စရိယ)အား ဂုဏာဝိသိဋ္ဌပူဇော်ပွဲကို ၁၃၆၉ခုနှစ် ကဆုန်လဆန်း ၁၁ရက် (ဧပြီ ၂၆ ရက်) မွန်းလွဲ၁ နာရီတွင် တိုက်သစ်ကျောင်းစာသင်တိုက်၌ ကျင်းပမည်ဖြစ်ရာ မည်သူမဆို ကြွရောက်ကြည်ညိုနိုင်ရန် အကျိုးဆောင်အဖွဲ့က နှိုးဆော်ထားကြောင်း သိရသည်။ **(သတင်းစဉ်)**

မှခင်းတပ်ဖွဲ့မှူးရုံး(အင်းစိန်)ရှိ တပ်ဖွဲ့မော်ရုံကြီးတွင် တပ်ဖွဲ့ဝင်များနှင့် မိသားစုများက မြန်မာနှစ်ဆန်းတစ်ရက်နေ့က သက်ကြီးပူဇော်ကန်တော့ပွဲ ကျင်းပစဉ်။ (က-ပ)

မော်လမြိုင် မဟာသင်္ကြန်ပိတ်ပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

၁၃၆၈ခုနှစ် မော်လမြိုင်မြို့ မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ပိတ်ပွဲနှင့်ဆုချီးမြှင့်ပွဲ အခမ်းအနားကို ၁၃၆၈ခုနှစ် မဟာသင်္ကြန် အတက်နေ့(ဧပြီ ၁၆ ရက်) ညနေ ၆ နာရီခွဲက မော်လမြိုင်မြို့ မြန်မာ့ရိုးရာယဉ်ကျေးမှု ကျင်းပရေးဗဟိုမဏ္ဍပ်တွင်ကျင်းပရာ မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် သက်နိုင်ဝင်းက ဖျော်ဖြေရေးနှင့်ရေကစားမဏ္ဍပ်ပြိုင်ပွဲတွင် ဆုရရှိသော ပထမဆုရ မေတ္တာရွှေရည် (ကျိုက်ဖန်) မဏ္ဍပ်၊ ဒုတိယဆုရ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ရေကစားနှင့် ဖျော်ဖြေရေးမဏ္ဍပ်၊ တတိယဆုရ ချမ်းမြေ့ရွှေရည် ဖျော်ဖြေရေးနှင့် ရေကစားမဏ္ဍပ်၊ နှစ်သိမ့်ဆုရ ဖျော်ဖြေရေးနှင့် ရေကစားမဏ္ဍပ်များအား ဆုများချီးမြှင့်သည်။ (က-ပ)

ဂန့်ဂေါမြို့၌ သက်ကြီးပူဇော်

ဂန့်ဂေါမြို့မဟာအတာသင်္ကြန်ပွဲတော်ကျင်းပရေးကော်မတီက ကြီးမှူး၍ အသက် ၈၀အထက် သက်ကြီးပူဇော်ပွဲ အခမ်းအနားကို ဧပြီ ၁၇ ရက်နံနက်က မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးအစည်းအဝေးခန်းမ၌ ကျင်းပရာ ဂန့်ဂေါခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအင်းကြူ၊ မြို့နယ်ဥက္ကဋ္ဌ ဦးကျော်စိုးဝင်း၊ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်သန်းသန်းနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြပြီး သက်ကြီးအဘိုးအဘွား ၆၀တို့အား လက်ဆောင်ပစ္စည်းများ ပေးအပ် ဂါရဝပြု ပူဇော်ကန်တော့ကြကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

ချင်းပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ ရိခေါဒါရ်မြို့၌ စကားဝိုင်းဆွေးနွေး

ချင်းပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်ဝါဝါသည် ချင်းပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ အမှုဆောင် ဒေါ်ခင်သန်းနွဲ့နှင့် ဖလမ်းခရိုင် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မို့မို့တင်ဦးတို့ လိုက်ပါလျက် ဧပြီ၅ရက် နံနက် ၈နာရီက ရိခေါဒါရ်မြို့ခန်းမ၌ အမျိုးသမီးရေးရာ အဖွဲ့ဝင်များနှင့်တွေ့ဆုံပြီး စကားဝိုင်းဆွေးနွေးပွဲ ပြုလုပ်သည်။ အဆိုပါစကားဝိုင်း ဆွေးနွေးပွဲသို့ ရိခေါဒါရ်မြို့ အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင် ၃၀ တက်ရောက်ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

မြန်မာ့အလင်း

ပြည်တွင်း သတင်း အတိုအထွာ

မင်းတပ်မြို့ သောက်သုံးရေဖူလုံရေး ငွေကျပ် သိန်း ၈၀ လှူဒါန်း

ရန်ကုန်မြို့နေ သီရိသုမေ့ မဏိဇောတရေ ဦးထွန်းရှိန်သည် ချင်းပြည်နယ် မင်းတပ်မြို့ သောက်သုံးရေ ဖူလုံစွာရရှိရေးအတွက် (၁၂)မိုင် ရေထွက်မှ ရှစ်မိုင်၊ လေးဖာလုံ ရေစုကန်အထိပေပေါင်း ၂၁၃၂၅ပေကို နှစ်လက်မ ပီဗွီစီ ရေပိုက်လိုင်းသွယ်တန်းရန်အတွက် ဧပြီ ၄ ရက်က ငွေကျပ် သိန်း ၈၀လှူဒါန်းရာ မင်းတပ်ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသန်းမြင့်က လက်ခံယူသည်။

(ခရိုင် ပြန်/ဆက်)

ကြက်ငှက်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး ကွင်းဆင်း

ရှမ်းပြည်နယ် (တောင်ပိုင်း) မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ဒုတိယ ညွှန်ကြားရေးမှူး ဒေါက်တာ သန်းအေးနှင့် ရှမ်းပြည်နယ် (တောင်ပိုင်း) မွေးမြူ ရေးလုပ်ငန်းအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာ သိန်းစိန်တို့သည် တောင်ကြီး၊ ဟိုပုံး၊ ညောင်ရွှေမြို့နယ်များမှ မြို့နယ်ဦးစီးမှူးများ၊ ဝန်ထမ်းများနှင့်အတူ ကြက်ငှက် တုပ်ကွေးရောဂါ ကာကွယ်တားဆီးရေးလုပ်ငန်းကို ရွှေညောင်၊ တောင်လေးလုံး၊ ဟက်ကယ်၊ ပေါရိသ၊ ပန်းတင်၊ ဘုရားဖြူ၊ နမ့်ခုတ်၊ နမ့်ဆီး၊ အောင်ပန်းကျေးရွာအုပ်စု ကျေးရွာ များရှိ မွေးမြူရေးလုပ်ငန်းရှင်များ၊ ကြက်ဥ၊ ကြက်သားထုတ်လုပ်ရောင်းချ သူများ၊ အသင်းဝင်များအား မတ် ၁၇ရက်မှ ဧပြီ ၃ရက်အထိ ကွင်းဆင်း တွေ့ဆုံခဲ့ပြီး ကြက်ငှက်တုပ်ကွေး ရောဂါ ကာကွယ်တားဆီးရေးကိစ္စ ရပ်များနှင့် ထူးခြားသည့် ကြက်၊ငှက် သေဆုံးမှုဖြစ်စဉ်များရှိပါက ပြည်နယ် မွေး/ကုဦးစီးဌာနရှိဓာတ်ခွဲခန်းသို့ ပေးပို့ရန် ကိစ္စရပ်များ ရှင်းလင်း ပြောကြားပြီး ကြက်ငှက်တုပ်ကွေး ရောဂါ ကြိုတင် ကာကွယ်တားဆီးရေး၊ ဇီဝ လုံခြုံရေး အလုပ်ရုံ ဆွေးနွေးပွဲကို မတ်၂၉ရက်မှ ၃၀ ရက်အထိ ကျင်းပကြောင်း သိရသည်။ (က-ပ)

သွေးလှူရှင်များ စုဆောင်းရေး ပညာပေးဆွေးနွေး

ယင်းမာပင် မြို့နယ် သွေးလှူရှင်များ စုဆောင်းရေး ပညာပေးဆွေးနွေးပွဲ အခမ်းအနားကို ဧပြီ၅ရက် နံနက် ၉ နာရီက မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး သာယာအေးခန်းမ၌ ကျင်းပရာ ခရိုင် ကျန်းမာရေးဦးစီးမှူး ဒေါက်တာ သန်းထွန်းက သွေးလှူရှင် စုဆောင်းမှု ပညာပေး ဆွေးနွေးခြင်းနှင့် ပတ်သက်၍ လည်းကောင်း၊ မြို့နယ် ကျန်းမာရေး ဦးစီးအရာရှိ ဒေါက်တာ ခင်ခင်ထွန်းက သွေးလှူရှင်များအား သွေးစစ်ဆေးခြင်းနှင့် ပတ်သက်၍ လည်းကောင်း၊ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးတင်အောင်စိုးက မေတ္တာမွန် သွေးလှူရှင်အသင်း ဖွဲ့စည်းထားရှိမှု အခြေအနေကို လည်းကောင်း ဆွေးနွေးကြသည်။ (မြို့နယ် ပြန်/ဆက်)

စာဆိုတော်နေ့အထိမ်းအမှတ် စာပေဟောပြော စာပေပြိုင်ပွဲဆုရရှိသူများ ဆုချီးမြှင့်

အင်းတော်မြို့ စာပေနှင့်စာနယ်ဇင်းအဖွဲ့က ကြီးမှူးကျင်းပသည့် ၂၀၀၇ခုနှစ် စာဆိုတော်နေ့အထိမ်းအမှတ် စာပေဟောပြောပွဲနှင့် စာပေပြိုင်ပွဲ ဆုချီးမြှင့်ပွဲကို ဧပြီ ၂ ရက် ည ၈ နာရီက အင်းတော်မြို့ မြအင်းသာခန်းမတွင်ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်ဝင်းက အမှာစကားပြောကြားပြီး ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာပြိုင်ပွဲတွင် ဆုရရှိကြသူများအား ဆုများချီးမြှင့်ပေးအပ်ကြပြီး စာရေးဆရာများဖြစ်ကြသော ဒါရိုက်တာ မောင်နေမျိုး၊ သန်လျင် မောင်မောင်ဦး၊ ဒေါက်တာ ခင်မောင်ညိုတို့က စာပေရေးရာများ ဟောပြောကြကြောင်း သိရသည်။ (၁၃၃)

ကမ္ဘာ့ကျန်းမာရေးနေ့ အခမ်းအနား ကျောက်ပန်းတောင်း၌ကျင်းပ

၂၀၀၇ ကမ္ဘာ့ကျန်းမာရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို ဧပြီ ၇ ရက်က ကျောက်ပန်းတောင်းမြို့နယ် ပြည်သူ့ဆေးရုံ၌ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး၏ သဝဏ်လွှာကို မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ ကျော်စိုးက လည်းကောင်း၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ်၏ သဝဏ်လွှာကို ဒေါက်တာဦးစိန်က လည်းကောင်း ဖတ်ကြားပြီး ကမ္ဘာ့ကျန်းမာရေးနေ့ အထိမ်း အမှတ် လှုပ်ရှားမှုအဖြစ် ဒေါက်တာခင်နိုင်သင်းက ကြက်ငှက်တုပ်ကွေးရောဂါအကြောင်း ပညာပေးဟော ပြော၍ ပညာပေးပိုစတာများ ဖြန့်ဝေ ပေးကြောင်း သိရသည်။ **(မြို့နယ်ကျန်းမာရေး)**

အကြိုအခြေခံမီးသတ် သင်တန်းဆင်း

မုံရွာခရိုင် ကနီမြို့နယ် အရန်မီးသတ်တပ်ရင်းက ကြီးမှူး၍ အကြိုအခြေခံမီးသတ်သင်တန်း (၁/၂၀၀၇)ဆင်းပွဲ အခမ်းအနားကို ဧပြီ ၂ ရက်က ကနဲကျေးရွာ၌ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးစိုးလင်းက အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ်အရန်မီးသတ်တပ်ရင်းမှူး ဒုတိယရဲမှူး စိုးအောင်က သင်တန်းတွင် ထူးချွန်ဆုရရှိကြသော သင်တန်းသားသုံးဦးအား ဆုများချီးမြှင့်ကာ ဒုတိယတပ်ရင်းမှူး ဦးရန်နိုင်ဝင်းက သင်တန်းသားများအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်သည်။ သင်တန်းသို့ ကနဲကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာငါးရွာမှ သင်တန်းသား ၃၅ ဦး တက်ရောက်ခဲ့ကြသည်။ (မြို့နယ် ပြန်/ဆက်)

အင်တာနက် အားကစားသတင်း အတိုအထွာ

* အာဆင်နယ်နည်းပြ ဝင်းဂါးသည် ဒီဇင်ဘာလက ပို့စ်မောက်အသင်းနှင့် ကစားစဉ် ဒိုင်လူကြီး စတိဗ်ဘားနက်အား ဝေဖန်ပြစ်တင်ခဲ့မှုကြောင့် အက်ဖ်အေက ပေါင် ၂၅၀၀ ဒဏ်ရိုက်ပြီး သတိပေးလိုက်ကြောင်း သိရသည်။

* **အက်စ်တွန်ဗီလာတိုက်စစ်မှူး ပါဘယ်လိုအိန်ဂျယ်သည် မေဂျာလိဂ်အသင်းဖြစ်သည့် နယူးယောက် ရက်ဘူးလ်အသင်းသို့ ပြောင်းရွှေ့သွားပြီဖြစ်သည်။**

* ဒေးဗစ်ဘက်ခမ်းသည် ရီးရဲမက်ဒရစ်အသင်းနှင့် ဇွန် ၃၀ ရက်တွင် လက်ရှိစာချုပ် ကုန်ဆုံးပြီးနောက် အယ်လ်အေဂလက်စီအသင်းတွင် ပါဝင်ကစားရန် ပြင်ဆင်ထားပြီဖြစ်ကြောင်း သိရသည်။

* **ချယ်လ်ဆီးအသင်းတွင် မော်ရင်ဟိုနှင့် အသင်းပိုင်ရှင် အေဘရာမိုဗစ်ချ်တို့အကြား စိတ်ဝမ်းကွဲမှုမရှိကြောင်း၊ အက်ဖ်အေဖလား အကြိုဗိုလ်လုပွဲတွင် ယင်းတို့နှစ်ဦးသည် အပြန်အလှန်ပွေ့ဖက်ခဲ့ကြကြောင်း အသင်းခေါင်းဆောင် ဂျွန်တယ်ရီက ပြောကြားသည်။**

* အေစီမီလန်ဂိုးသမား ဒီဒါသည် ပခုံး၌ဒဏ်ရာရထားသဖြင့် ဧပြီ ၂၄ ရက်တွင် မန်ယူနှင့်ကစားမည့် ချန်ပီယံလိဂ် အကြိုဗိုလ်လုပွဲ၌ ပါဝင်ကစားနိုင်မည်မဟုတ်ကြောင်း ၎င်းကလပ်က ပြောကြားသည်။

* **အီဂျစ်နိုင်ငံ ကိုင်ရိုမြို့၌ ဧပြီ ၁၁ ရက်မှ ၁၅ ရက်အထိ ကျင်းပခဲ့သော အာဖရိက၏ ပဉ္စမအကြိမ်မြောက် ဒေသတွင်းလက်ဝှေ့ချန်ပီယံပြိုင်ပွဲများတွင် အိမ်ရှင်အီဂျစ်နိုင်ငံသည် စုစုပေါင်း ရွှေတံဆိပ် ကိုးခုဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။**

* တောင်ကိုရီးယား ရှေ့တန်းတိုက်စစ်မှူး လီချန်ဆိုးအား ပရီမီယာလိဂ် ဖူလ်ဟမ်အသင်းက ကမ်းလှမ်းလိုက်သည်။ အသက်(၂၅)နှစ်အရွယ်ရှိ လီချန်ဆိုးအား ဖူလ်ဟမ်အသင်းက တစ်နှစ်စာချုပ်ဖြင့် လာရောက်ကစားရန် ကမ်းလှမ်းလိုက်ခြင်းဖြစ်သည်။ **(အင်တာနက်)**

ကမ္ဘာတစ်လွှား အားကစား

လီဗာပူးအတွက် တိုက်စစ်မှူးဒရက်ကွတ်

စုစည်းတင်ပြသူ
မောင်မောင်မြင့်ဆွေ

လန်ဒန် ဧပြီ ၁၈

လီဗာပူးအသင်း ချန်ပီယံလိဂ်တွင် အောင်မြင်မှုများရရှိရန် ကြိုးစားပေးနေသူများတွင် တိုက်စစ်မှူး ဒရက်ကွတ်လည်း အပါအဝင်ဖြစ်ရာ ဒရက်ကွတ်၏ သွင်းဂိုးများက ပရီမီယာလိဂ်နှင့် ချန်ပီယံလိဂ်တို့တွင် လီဗာပူးအား နိုင်ပွဲများရအောင် ဆောင်ကြဉ်းပေးလျက်ရှိနေသည်။

ဒရက်ကွတ်ကို ၁၉၈၀ ပြည့်နှစ် ဇူလိုင် ၂၂ ရက်က နယ်သာလန်နိုင်ငံ ကတ်ဝိခ်အင်ဇီးမြို့တွင် မွေးဖွားခဲ့ရာ ယခုအခါ အသက် (၂၆)နှစ်အရွယ်ရှိပြီဖြစ်သည်။ အသက်(၁၈)နှစ်သားအရွယ်ကပင် နယ်သာလန်ဘောလုံးအသင်း လက်ရွေးစင်ဖြစ်လာခဲ့ပြီး ထိုနှစ်မှာပင် နယ်သာလန်ကလပ် အက်ဖ်စီအူထရက်အသင်း၌ ကြေးစားဘောလုံးသမားအဖြစ် စတင်ကစားခဲ့သည်။

ဒရက်ကွတ်သည် အက်ဖ်စီအူထရက်အသင်း၌ ပထမဘောလုံးသမားအဖြစ် တိုက်စစ်မှူးတာဝန်ယူကာ ကစားခဲ့ရာ ခြေစွမ်းပြ ကစားနိုင်ခဲ့သလို ဂိုးများလည်း သွင်းယူပေးနိုင်ခဲ့သည်။ ၂၀၀၁–၂၀၀၂ ဘောလုံးရာသီတွင် အက်ဖ်စီအူထရက်အသင်းအတွက် ၂၆ပွဲကစားပေးခဲ့ပြီး ခုနစ်ဂိုး သွင်းယူပေးနိုင်ခဲ့သည်။

၂၀၀၂–၂၀၀၃ ဘောလုံးရာသီ၌မူ ဒရက်ကွတ်အနေဖြင့် တစ်ရာသီလုံး ခြေပေါ် အောင်ကစားနိုင်ခဲ့ရာ အက်ဖ်စီအူထရက်အသင်းအတွက် ၃၄ပွဲ ကစားပေးခဲ့ပြီး ဂိုးပေါင်း ၂၀ အထိ သွင်းယူပေးနိုင်ခဲ့သည်။

ထိုသို့ ဂိုးသွင်းခြေစွမ်းပြနိုင်ခဲ့သဖြင့် ၂၀၀၃–၂၀၀၄ ဘောလုံးရာသီ၌ နယ်သာလန်ကလပ်အသင်း တစ်သင်းဖြစ်သည့် ဖေယင်နုအသင်းက ခေါ်ယူခဲ့သည်။ ဖေယင်နုကလပ်တွင် ထိုနှစ်ဘောလုံးရာသီ၌ ပွဲပေါင်း ၃၄ပွဲကစားခဲ့ပြီး ဂိုးပေါင်း ၂၉ ဂိုးအထိ သွင်းယူပေးနိုင်ခဲ့ရာ ဒရက်ကွတ်၏နာမည်သည်လည်း ကျော်ကြားခဲ့လေသည်။

တိုက်စစ်မှူး ဒရက်ကွတ်

လီဗာပူးအတွက် ဂိုးအများဆုံးသွင်းယူပေးထားသော တိုက်စစ်မှူး ဒရက်ကွတ်။
(ဓာတ်ပုံ–အင်တာနက်)

ထိုနှစ်က ဖေယင်နုအသင်းအတွက် ယူအီးအက်ဖ်အေဖလားဘောလုံးပြိုင်ပွဲ ခုနစ်ပွဲကစားပေးပြီး သုံးဂိုးသွင်းယူပေးနိုင်ခဲ့သလို မိခင်နယ်သာလန်အသင်းအတွက်လည်း နိုင်ငံတကာ ချစ်ကြည်ရေးဘောလုံးပွဲ တစ်ပွဲ ကစားပေးခဲ့ပြီး တစ်ဂိုးသွင်းယူပေးနိုင်ခဲ့သည်။

ထို ၂၀၀၃–၂၀၀၄ ဘောလုံးရာသီတွင် ဒရက်ကွတ်သည် နယ်သာလန်ပထမတန်းကလပ် ဘောလုံးပြိုင်ပွဲ၌ ဂိုးအများဆုံး သွင်းယူနိုင်သော တိုက်စစ်မှူးတစ်ဦးဖြစ်ခဲ့သည်။ ဖေယင်နုအသင်းတွင် ဂိုးများအဆက်မပြတ်သွင်းနိုင်သော ခြေစွမ်းကြောင့် ပရီမီယာလိဂ်အသင်းများဖြစ်သည့် စပါးနှင့်လီဗာပူးအသင်းတို့က ခေါ်ယူခဲ့သော်လည်း ဖေယင်နု၌သာ ဆက်လက်ကစားခဲ့သည်။

၂၀၀၅–၂၀၀၆ ဘောလုံးရာသီတွင် ဖေယင်နုအသင်းအတွက် ဒရက်ကွတ်အနေဖြင့် ၃၅ပွဲကစားပေးခဲ့ပြီး ၂၄ဂိုးသွင်းနိုင်ခဲ့သလို ယူအီးအက်ဖ်အေ နှစ်ပွဲကစားပေးခဲ့ရာ တစ်ဂိုးသွင်းပေးနိုင်ခဲ့သဖြင့် ထိုနှစ်က ဒရက်ကွတ် သွင်းဂိုးမှာ ၂၅ဂိုး ရှိခဲ့သည်။

သို့သော် ၂၀၀၆–၂၀၀၇ ဘောလုံးရာသီတွင် လီဗာပူးအသင်းက ပြောင်းရွှေ့ကြေး ပေါင်ကိုးသန်းဖြင့် ရအောင်ခေါ်ယူခဲ့ရာ ဖေယင်နုမှ လီဗာပူးအသင်းသို့ ဒရက်ကွတ် ပြောင်းရွှေ့ခဲ့လေသည်။

လီဗာပူးသို့ ရောက်ရှိလာသော ဒရက်ကွတ်သည် ပရီမီယာလိဂ်၌ ၂၅ပွဲကစားပြီးချိန်တွင် ၁၀ဂိုးသွင်းထားပေးနိုင်ပြီး လက်ရှိအနေအထား၌ လီဗာပူးအသင်းတွင် ဂိုးအများဆုံးသွင်းထားနိုင်သူ တစ်ဦးဖြစ်နေသည်။

ထို့အပြင် လီဗာပူးအတွက် အက်ဖ်အေဖလားဘောလုံးပွဲ၌ တစ်ဂိုးသွင်းယူပေးနိုင်ခဲ့သည့်အပြင် ချန်ပီယံလိဂ်ဘောလုံးပြိုင်ပွဲ၌လည်း လီဗာပူးအတွက် အောင်မြင်မှုများရရှိအောင် ကြိုးစားပေးနေသူများ၌ ထိပ်ဆုံးမှပါဝင်လျက် ရှိသည်။

ဒရက်ကွတ်သည် ဂိုးသွင်းခြေမှန်ခြင်း၊ အဆုံးသတ် ကောင်းမွန်ခြင်း၊ ဘောလုံးသယ်ယူမှု လျင်မြန်ခြင်းတို့ဖြင့် တစ်ဖက်ခံစစ်မှူးများကို ကျော်ဖြတ်ဂိုးသွင်းနိုင်သူ ဖြစ်သည်။ လီဗာပူးအသင်းသည် ယခုနှစ်ဘောလုံးရာသီ၌ ပရီမီယာလိဂ်၊ အက်ဖ်အေနှင့် ကားလင်းဖလားတို့ကို လက်လွှတ်ခဲ့ရပြီဖြစ်ရာ ချန်ပီယံလိဂ်ဖလားသည် တစ်ခုတည်းသော မျှော်လင့်ချက် ပန်းတိုင်ဖြစ်နေသည်။

ထို့ကြောင့် လီဗာပူးအတွက် ချန်ပီယံလိဂ်ဖလားရရှိရေးတွင် နယ်သာလန်တိုက်စစ်မှူး ဒရက်ကွတ်က မည်သို့ စွမ်းဆောင်ပေးနိုင်မည်ကို စောင့်ကြည့်ရမည် ဖြစ်ပါကြောင်း။

(ကိုးကား–အင်တာနက်)

ပရီမီယာလိဂ်ပွဲစဉ်များ ဆက်လက်ယှဉ်ပြိုင် မန်ယူနှင့် အာဆင်နယ်တို့ နိုင်ပွဲများရရှိ

လန်ဒန် ဧပြီ ၁၈

အင်္ဂလိပ်ပရီမီယာလိဂ် ဘောလုံးပြိုင်ပွဲများကို ဧပြီ ၁၇ ရက်က ဆက်လက်ကစားရာ မန်ယူနှင့်ရက်ဖ်ဖီးတို့ပွဲတွင် မန်ယူက နှစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီး အာဆင်နယ်နှင့် မန်စီးတီးတို့ပွဲတွင် အာဆင်နယ်က သုံးဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

မန်ယူနှင့် ရက်ဖ်ဖီး

အိုးထရက်ဖို့ဒ်၌ မန်ယူတိုက်စစ်ကို အလန်စမစ်နှင့် ရွှန်နေတို့ဖြင့် ပွဲထွက်ခဲ့ပြီး ကွင်းလယ်၌ ပေါလ်စခိုးလ်၊ စီရိုနယ်ဒို၊ ရိုင်ယန်ဂစ်၊ ဖလက်ချာနှင့် မိုက်ကယ်ကရစ်တို့ကိုထားကာ ကစားစေခဲ့သည်။

ပရီမီယာလိဂ်ပွဲစဉ်အဖြစ် မန်ယူနှင့် ရက်ဖ်ဖီးတို့ပွဲတွင် မန်ယူတောင်ပံတိုက်စစ်မှူး ရိုင်ယန်ဂစ် ဤသို့ထိုးဖောက်ကစားခဲ့သည်။ (ဓာတ်ပုံ–အင်တာနက်)

မန်ယူအတွက် အဖွင့်ဂိုးကို ပွဲအစလေးမိနစ်မှာပင် ကွင်းလယ်ကစားသမား မိုက်ကယ်ကာရစ်က သွင်းယူပေးခဲ့ပြီး ဒုတိယဂိုးကို ဒုတိယပိုင်း ပွဲချိန်မိနစ်၅၀၌ ရွှန်နေက သွင်းယူပေးခဲ့ခြင်း ဖြစ်သည်။ ရက်ဖ်ဖီးတို့ ချေပဂိုးသွင်းယူရေး ကြိုးစားသော်လည်း မန်ယူနောက်တန်းကို ထိထိရောက်ရောက် မထိုးဖောက်နိုင်ခဲ့သဖြင့် ချေပဂိုး မရရှိခဲ့ခြင်းဖြစ်သည်။ မန်ယူတို့ ယခုပွဲအနိုင်ရရှိခဲ့သဖြင့် ၃၃ပွဲကစားပြီးချိန်၌ တန်းစီဇယားထိပ်ဆုံးနေရာကို စိုးမိုးထားဆဲရှိသည်။

အာဆင်နယ်နှင့် မန်စီးတီး

အဒီဘာယော တစ်ဦးတည်းကို တိုက်စစ်မြားဦးထားကာ ကွင်းလယ်၌ ငါးဦးအထိအသုံးပြု ကစားခဲ့သဖြင့် မန်စီးတီးတိုက်စစ်ကို ကွင်းလယ်မှာပင် အာဆင်နယ်တို့ဟန့်တားနိုင်ခဲ့သည်။ အာဆင်နယ်အတွက် အဖွင့်ဂိုးကို ပွဲချိန် ၁၂ မိနစ်၌ ရိုစစ္စကီးက သွင်းယူပေးခဲ့သည်။

မန်စီးတီး၏ ချေပဂိုးကို ပွဲချိန်၄၁မိနစ်၌ ဘာစလေကသွင်းယူပေးခဲ့သဖြင့် ပထမပိုင်း တစ်ဂိုးသရေပွဲ ဖြစ်နေသည်။ အာဆင်နယ်အတွက် အနိုင်ဂိုးများကို ၇၃ မိနစ်၌ ဖာဘရီဂတ်စ်၊ မိနစ် ၈၀တွင် ဘာတစ္စတာတို့က သွင်းယူပေးခဲ့သဖြင့် အာဆင်နယ်တို့ သုံးဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ **(အင်တာနက်)**

ကိုးကားတင်ပြသူ
မြင့်မောင်စိုး

လီဗာပူးအသင်းကို ရှုံးကြွေးဆပ်မည် ချယ်လ်ဆီးတိုက်စစ်မှူး ရှက်ဗ်ချင်ကိုပြောကြား

လန်ဒန် ဧပြီ ၁၈

ချယ်လ်ဆီးအသင်းနှင့် လီဗာပူးအသင်းတို့သည် ချန်ပီယံလိဂ်အကြိုဗိုလ်လုပွဲ ပထမအကျော့ကို ဧပြီ ၂၅ ရက်တွင် ယှဉ်ပြိုင်ကစားကြမည်ဖြစ်ရာ ချယ်လ်ဆီးတိုက်စစ်မှူး ရှက်ဗ်ချင်ကိုက ၎င်းအနေဖြင့် လီဗာပူးအသင်းကို ရှုံးကြွေးဆပ်နိုင်လိမ့်မည်ဟု ယုံကြည်ကြောင်း ထုတ်ဖော်ပြောကြားလိုက်သည်။



ရှက်ဗ်ချင်ကို။ (ဓာတ်ပုံ–အင်တာနက်)

ဖလားဆွတ်ခူးခဲ့

လီဗာပူးအသင်းနှင့် အေစီမီလန်အသင်းတို့သည် ၂၀၀၅ ခုနှစ်က ချန်ပီယံလိဂ် ဗိုလ်လုပွဲတွင် ဆုံတွေ့ခဲ့ကြရာ ရှက်ဗ်ချင်ကိုက အေစီအတွက် ပယ်နယ်တီတစ်ဂိုး သွင်းယူပေးခဲ့သည်။ ထိုနှစ်တွင် လီဗာပူးက အေစီအသင်းအား နောက်မှ ချေပဂိုးသုံးဂိုးသွင်းယူပြီး ဖလားဆွတ်ခူးနိုင်ခဲ့သည်။

ယင်းတို့နှစ်သင်းသည် ပထမအကျော့ကို ချယ်လ်ဆီးကွင်း စတန်းဖို့ဒ်ဘရစ်၌ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ပြီး ဒုတိယအကျော့ကို မေ ၁ ရက်၌ အင်ဖီးကွင်း၌ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ **(အင်တာနက်)**

မန်ချက်စတာယူနိုက်တက်အသင်း အာရှတစ်ခွင် လှည့်လည်ကစားမည်

လန်ဒန် ဧပြီ ၁၈

မန်ချက်စတာယူနိုက်တက်အသင်းသည် ဇူလိုင်လတွင် ရာသီအကြိုအဖြစ် အာရှနိုင်ငံများဖြစ်သည့် ဂျပန်၊ တောင်ကိုရီးယား၊ တရုတ်နှင့် မလေးရှားနိုင်ငံများသို့ လှည့်လည်ကစားမည်ဖြစ်ကြောင်း ၎င်းကလပ်က ကြေညာသည်။

ပရီမီယာလိဂ်ထိပ်တန်း မန်ယူအသင်းသည် ဇူလိုင် ၁၇ရက်တွင် ဂျပန်နိုင်ငံ တိုကျိုမြို့ဆင်ခြေဖုံးရှိ ဆိုင်တမာကွင်း၌ ယူရာဝါရက်ဒိုင်းမွန်းအသင်းနှင့်လည်းကောင်း၊ ဇူလိုင် ၂၃ရက်တွင် တရုတ်နိုင်ငံ မကာအိုကွင်း၌ ရှန်ကျန်းအသင်းနှင့်လည်းကောင်း၊ ဇူလိုင် ၂၀ရက်တွင် တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့တော်၌ အက်ဖ်စီဆိုးလ်အသင်းနှင့်လည်းကောင်း၊ ဇူလိုင် ၂၇ရက်တွင် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ မလေးရှားဘောလုံးအသင်းနှင့်လည်းကောင်း ယှဉ်ပြိုင်ကစားမည် ဖြစ်ကြောင်း သိရသည်။

(အင်တာနက်)

ဂုဏ်ပြုဆုငွေ ချီးမြှင့်

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း နှစ်သစ်ကူး ရုံးပိတ်ရက်အတွင်း နားရက်မယူဘဲ လုပ်ငန်းတာဝန်များ ထမ်းဆောင်ကြသည့် မြန်မာ့အလင်းသတင်းစာတိုက် ဝန်ထမ်းများအတွက် ဂုဏ်ပြုဆုငွေ ပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

■ **ရှေ့ဖုံးမှ**

နားရက်မယူ

ဆက်လက်၍ ဝန်ကြီးသည် ပုံနှိပ်စက်ခန်းသို့သွားရောက်၍ မဟာသင်္ကြန်ကာလ သတင်းစာနားရက်များအတွင်း နားရက်မယူဘဲ ပုံနှိပ်စက်များ အကြီးစား ပြင်ဆင်မွမ်းမံမှုနှင့် သန့်ရှင်းရေး ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးရာ မန်နေဂျာ ဦးဇော်ဝင်းနှင့် တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။

ယင်းနောက် ဝန်ကြီးက နှစ်သစ်ကူး ရုံးပိတ်ရက် သတင်းစာ နားရက်များအတွင်း နားရက်မယူဘဲ ပုံနှိပ်စက် အကြီးစားပြင်ဆင်မွမ်းမံမှု ဆောင်ရွက်နေကြသည့် ဝန်ထမ်းများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ရှင်းလင်းတင်ပြ

ထို့နောက် ဝန်ကြီးသည် အစည်းအဝေးခန်းမ၌ ဌာနဆိုင်ရာတာဝန်ရှိသူများ ဝန်ထမ်းများနှင့်တွေ့ဆုံရာ ရှေးဦးစွာ နယူးလိုက်အော့ဖ်မြန်မာသတင်းစာတိုက် မန်နေဂျာ ဦးထွန်းထွန်းလတ်က မဟာသင်္ကြန်ကာလအတွင်း ပုံနှိပ်စက်များ အကြီးစားပြင်ဆင်မွမ်းမံ ဆောင်ရွက်ပြီးစီးမှုနှင့် စက်အရန်ပစ္စည်းများ အရန်သင့်သုံးစွဲနိုင်ရေး ဝယ်ယူစုဆောင်းထားရှိမှုများကိုလည်းကောင်း၊ မြန်မာ့အလင်းသတင်းစာတိုက်စာတည်းမှူးချုပ် ဦးရဲမြင့်ဖေက အသုံးပြုလျက်ရှိသော Goss Community SSC 798,Four Unit Web Offset ၏ ယူနစ်များ အကြီးစား ပြင်ဆင်မွမ်းမံမှုအတွက် ဆောင်ရွက်နေမှုများ၊ လျှပ်စစ်ပိုင်းဆိုင်ရာ ကြွခိုင်ရေးဆောင်ရွက်မှုများ၊ ပုံနှိပ်စက် အထွေထွေကြံ့ခိုင်ရေးနှင့် ပုံနှိပ်စက်ကို နေ့စဉ်၊ အပတ်စဉ်၊ လစဉ် ကြံ့ခိုင်ရေးဆောင်ရွက်မှု လုပ်ငန်းများနှင့် မီးဘေးအန္တရာယ်ကာကွယ်ရေး ဆောင်ရွက်ထားရှိမှု၊သတင်းစာအသွင်သဏ္ဌာန်နှင့် အနှစ်သာရ တိုးတက်ကောင်းမွန်ရေးအတွက် ကြိုးပမ်းဆောင်ရွက်နေမှုများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဝန်ကြီးက လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားပြီး ညနေ ၃ နာရီခွဲတွင် မြန်မာ့အလင်းသတင်းစာတိုက်မှ ပြန်လည်ထွက်ခွာသွားသည်။

မှာကြား

အလားတူ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့ မွန်းလွဲပိုင်းတို့တွင် ကြေးမုံသတင်းစာများ ရိုက်နှိပ်ဖြန့်ချိနေသော ပုံနှိပ်စက်ရုံနှင့် နယူးလိုက်အော့ဖ်မြန်မာ သတင်းစာတိုက်တို့သို့ သွားရောက်၍ နှစ်သစ်ကူး ရုံးပိတ်ရက် အလှည့်ကျ သတင်းစာနားရက်များအတွင်း နားရက်မယူဘဲ ပုံနှိပ်စက်များ အကြီးစား ပြင်ဆင်မွမ်းမံ ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးအားပေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ကြေးမုံ သတင်းစာများ ရိုက်နှိပ်ဖြန့်ချိနေသော ပုံနှိပ်စက်ရုံတွင် ပုံနှိပ်စက်များ အကြီးစားပြင်ဆင်မွမ်းမံ ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ရှေးဦးစွာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် အဖွဲ့ဝင်များသည် မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကိုယ့်မင်းကိုယ့်ချင်းလမ်းရှိ ကြေးမုံသတင်းစာများ ရိုက်နှိပ်ဖြန့်ချိနေသော ပုံနှိပ်စက်ရုံသို့ ရောက်ရှိလာရာ ကြေးမုံသတင်းစာတိုက် စာတည်းမှူးချုပ် ဦးမြင့်ဆွေ၊ စာတည်းမှူး၊ မန်နေဂျာနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ပုံနှိပ်စက်ဝန်ထမ်းများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

အစားထိုးလဲလှယ်

ဆက်လက်၍ ဝန်ကြီးသည် ကြေးမုံသတင်းစာများ ရိုက်နှိပ်ဖြန့်ချိနေသော Goss Community Sc 1230 ပုံနှိပ်စက်ကို အကြီးစားပြင်ဆင်မွမ်းမံထားရှိမှုများကို ကြည့်ရှုစစ်ဆေး အားပေးရာ မန်နေဂျာ ဒေါ်ခင်ညိုဝင်းက ပုံနှိပ်စက်ကို အကြီးစား ပြင်ဆင်မွမ်းမံထားရှိမှု အခြေအနေများကိုလည်းကောင်း၊ စက်ခန်းမှူး ဦးမြင့်ကျော်က စက်အရန်ပစ္စည်းများကို ပြုပြင်လဲလှယ်တပ်ဆင်ရာ၌ ပြည်တွင်းဖြစ် စက်အရန်ပစ္စည်းများဖြင့် အစားထိုးလဲလှယ် ပြင်ဆင်မွမ်းမံထားရှိမှု အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြပြီး ဝန်ကြီးက လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

နယူးလိုက်အော့ဖ်မြန်မာ

ထိုမှတစ်ဆင့် ဝန်ကြီးနှင့် အဖွဲ့ဝင်များသည် ဗိုလ်တထောင်မြို့နယ် ကမ်းနားလမ်းရှိ နယူးလိုက်အော့ဖ်မြန်မာ သတင်းစာတိုက်သို့ ရောက်ရှိကြရာ စာတည်းမှူးချုပ် ဦးမောင်မောင်အေး၊ စာတည်းမှူး၊ မန်နေဂျာနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ဝန်ကြီးသည် နယူးလိုက်အော့ဖ်မြန်မာ သတင်းစာတိုက်၏ စက္ကူလုံးများ သိုလှောင်ခန်းကို လည်းကောင်း၊ ပုံနှိပ်စက်ခန်းအတွင်း အကြီးစားပြင်ဆင်မွမ်းမံထားရှိသည့် Bandhu Pacer-36(4) Unit ပုံနှိပ်စက်ကိုလည်းကောင်း လှည့်လည်ကြည့်ရှု စစ်ဆေးအားပေးရာ မန်နေဂျာ ဦးထွန်းထွန်းလတ်က လိုက်လံ ရှင်းလင်းပြသသည်။

ယင်းနောက် ဝန်ကြီးက လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားပြီး ပုံနှိပ်စက်ဝန်ထမ်းများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

တွေ့ဆုံ

ထို့နောက် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် နယူးလိုက်အော့ဖ်မြန်မာသတင်းစာတိုက်ရှိ သင်တန်းခန်းမ၌ သတင်းစာတိုက်များမှ စာတည်းမှူးချုပ်များ၊ စာတည်းမှူးများ၊ မန်နေဂျာများနှင့် တာဝန်ရှိသူများ၊ ဝန်ထမ်းများအား တွေ့ဆုံ အမှာစကား ပြောကြားရာ၌ ဝန်ထမ်းများအနေဖြင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ နှစ်သစ်ကူး ရုံးပိတ်ရက် ၁၀ ရက်အတွင်း အပြည့်အဝအနားမယူဘဲ နိုင်ငံတော်နှင့် လူမျိုးအကျိုးအတွက် စေတနာထားဆောင်ရွက်သည်ကို အသိအမှတ်ပြုသောအားဖြင့် နှစ်စဉ်လာရောက်နေကျဖြစ်သည့်အတိုင်း ယခုကဲ့သို့ လာရောက်အားပေး ဂုဏ်ပြုခြင်းဖြစ်ကြောင်း၊ သတင်းစာ၏ လုပ်ငန်း သဘောသဘာဝသည် အခြားလုပ်ငန်းများနှင့် မတူဘဲ အချိန်နှင့်တစ်ပြေးညီ ပြီးစီးအောင် နေ့ည ဆောင်ရွက်ရသည့် လုပ်ငန်းဖြစ်ကြောင်း၊ ဝန်ထမ်းများအားလုံးက ပျော်ပျော်ရွှင်ရွှင် စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် ဆောင်ရွက်မှုကြောင့် သတင်းစာ၏ အသွင်သဏ္ဌာန်ရော အနှစ်သာရပါတိုးတက်ကောင်းမွန်လာပြီဖြစ်ကြောင်း၊ စက်များကို နေ့စဉ်၊ အပတ်စဉ်၊ လစဉ် ကြံ့ခိုင်ရေးပြုလုပ်ထိန်းသိမ်းခြင်း၊ ယခုကဲ့သို့ နှစ်စဉ် သင်္ကြန်ကာလ သတင်းစာများ အလှည့်ကျ ထုတ်ဝေချိန်တွင် အကြီးစား ပြင်ဆင်မွမ်းမံမှုများ ပြုလုပ်ခြင်းဖြင့် စက်များကို ရေရှည်အသုံးပြုနိုင်မည် ဖြစ်သည့်အပြင် ပုံနှိပ်စက်အရည်အသွေးလည်း ပိုမိုကောင်းမွန်လာမည် ဖြစ်ကြောင်း။

အရည်အသွေးကောင်းမွန်

သတင်းစာတိုက်များတွင် လက်ရှိအသုံးပြုနေသည့် စက်များသည် နှစ်ပေါင်း ကြာမြင့်ပြီဖြစ်သော်လည်း ဝန်ထမ်းများ၏ ကြိုးပမ်းပြင်ဆင်မွမ်းမံမှုများကြောင့် ယခုအချိန်အထိ အရည်အသွေးကောင်းမွန်သည့် သတင်းစာများအဖြစ် ရိုက်နှိပ်ထုတ်ဝေနိုင်ဆဲ ဖြစ်ကြောင်း၊ စက်အရန်ပစ္စည်းများကို လဲလှယ်ပြုပြင်တပ်ဆင်ရာတွင် နိုင်ငံခြားငွေ ခြိုးခြံချွေတာသည့်အနေဖြင့် ပြည်တွင်းဖြစ် စက်အရန်ပစ္စည်းများဖြင့်သာ အစားထိုးလဲလှယ်တပ်ဆင်နိုင်ရေး ကြိုးစားတီထွင်ကြစေလိုကြောင်း။

ဆက်လက်ကြိုးပမ်း

မိမိတို့ ဝန်ကြီးဌာနအောက်ရှိ လုပ်ငန်းတူရာ ဌာနများ စုပေါင်း၍ စက်မှုလုပ်ငန်းကျွမ်းကျင်သူ ပညာရှင်များနှင့်ညှိနှိုင်းပြီး စက်အရန်ပစ္စည်းများကို မိမိတို့ ပြည်တွင်း၌ပင် ထုတ်လုပ်သုံးစွဲနိုင်ရေး အစီအမံများ ချမှတ်ဆောင်ရွက်ကြစေလိုကြောင်း၊ ဝန်ထမ်းများအနေဖြင့် နိုင်ငံတော်အကျိုး၊ လူမျိုးအကျိုးအတွက် အချင်းချင်း စည်းလုံးညီညွတ် ရှင်လန်းတက်ကြွစွာဖြင့် နောင်တွင်လည်း ဆက်လက် ကြိုးပမ်းဆောင်ရွက်သွားကြစေလိုကြောင်း။

ဂုဏ်ပြုမှတ်တမ်းတင်

ယခုကဲ့သို့ ပုံနှိပ်စက်များကို အကြီးစားပြင်ဆင်မွမ်းမံမှုကြောင့် သတင်းစာများ ယခင်ကထက် အရည်အသွေး ပိုမို တိုးတက်ကောင်းမွန်လာသည်ကို တွေ့မြင်ရသဖြင့် မိမိအနေဖြင့် ဝန်ထမ်းများအားလုံးကို ဂုဏ်ပြုမှတ်တမ်းတင်ပါကြောင်းဖြင့် ပြောကြားသွားသည်။

ထို့နောက် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက နှစ်သစ်ကူး ရုံးပိတ်ရက်အတွင်း သတင်းစာများ အလှည့်ကျ ထုတ်ဝေဖြန့်ချိနိုင်ရေး ဆောင်ရွက်ခဲ့ကြသည့် သတင်းစာတိုက် သုံးတိုက်မှ ဝန်ထမ်းများအတွက် တစ်တိုက်လျှင် ဂုဏ်ပြုချီးမြှင့်ငွေကျပ် နှစ်သိန်းငါးသောင်းစီကို ပေးအပ်ရာ တာဝန်ရှိသူအသီးသီးတို့က လက်ခံယူကြသည်။

ယင်းနောက် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် မွန်းလွဲ ၂ နာရီ ၁၀ မိနစ်တွင် နယူးလိုက်အော့ဖ်မြန်မာ သတင်းစာတိုက်မှ ပြန်လည်ထွက်ခွာသွားသည်။ **(သတင်းစဉ်)**

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် မိုးညှင်းဝိပဿနာတိုက်သစ်အတွင်းရှိ တည်ဆောက်ဆဲ ရွှေရတုစိန်တိုး ကျောင်းဆောင်တော်ကြီးအတွက် ဒေါက်တာ ဦးအောင်လွင်-ဒေါ်ရီရီဝင်း၊ သမီး မာလာရီလွင်၊ သား ဇော်ဝင်းအောင် မိသားစု ၂၉/၃၀ လင်းလွန်းလမ်း စမ်းချောင်းက အလှူငွေကျပ်တစ်သိန်းကို ကျောင်းဆောင်ဖြစ်မြောက်ရေးအဖွဲ့ နာယကဆရာတော် မိုးညှင်း အရှင်ဣန္ဒကထံသို့ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

တောင်သာမြို့နယ်အသင်း(ရန်ကုန်)သင်းလုံးကျွတ်စည်းဝေးမည်

ရန်ကုန် ဧပြီ ၁၈

တောင်သာမြို့နယ်အသင်း(ရန်ကုန်)၏ နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးကို ဧပြီ ၂၉ ရက် (တနင်္ဂနွေနေ့) နံနက် ၇ နာရီတွင် ရန်ကုန်မြို့ ရွှေတိဂုံဘုရားအရှေ့ဘက်မုခ် အာဇာနည်လမ်း စက်မှုဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ပြီး အစည်းအဝေးနှင့်အတူ ပညာရည်ချွန်ဆုပေးပွဲကိုပါ ပူးတွဲကျင်းပမည်ဖြစ်ရာ ဂုဏ်ထူးရ ကျောင်းသူ ကျောင်းသားများ စာရင်းပေးသွင်းရန်နှင့် အသင်းမဝင်ရသေးသူများပါ တက်ရောက်နိုင်ကြောင်း တောင်သာမြို့နယ်အသင်း(ရန်ကုန်) အလုပ်အမှုဆောင်အဖွဲ့က နှိုးဆော်ထားသည်။ **(က-ပ)**

ရှမ်းပြည်နယ်(တောင်ပိုင်း)တောင်ကြီးမြို့ ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် အထူးစည်ကား ပျော်ရွှင်စွာဆင်နွှဲခဲ့

ရန်ကုန် ဧပြီ ၁၈

မြန်မာသက္ကရာဇ် ၁၃၆၈ ခုနှစ် ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် သင်္ကြန်အကြိုနေ့ ဧပြီ ၁၃ ရက်မှ သင်္ကြန်အတက်နေ့ ဧပြီ ၁၆ရက်အထိကျင်းပခဲ့ရာ ရိုးရာယဉ်ကျေးမှု ထုံးတမ်းစဉ်လာအရ တိုင်းရင်းသားပြည်သူတို့သည် တောင်ကြီးမြို့ ကျက်သရေဆောင် စူဠာမုနိ လောကချမ်းသာဘုရား၊ ရွှေဘုန်းပွင့်စေတီတော်နှင့် ဘုန်းတော်ကြီးကျောင်းများ၌ ကုသိုလ်ကောင်းမှု ပြုလုပ်ကြသူများ၊ စတုဒိသာ ဧည့်ခံကျွေးမွေးကြသူများဖြင့် အထူးစည်ကားခဲ့သည်။

သရုပ်ပြဖျော်ဖြေ

တောင်ကြီးမြို့မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်တွင် ပါဝင်ဆင်နွှဲကြသည့် ဌာနဆိုင်ရာများ၊ တိုင်းရင်းသားအဖွဲ့များနှင့် အေးသာယာစက်မှုဇုန်စသည့် ရေကစားမဏ္ဍပ်များသည် ဗိုလ်ချုပ်လမ်းတစ်လျှောက်၌ များပြားလှပြီး ရေကစားကြသူများ၊ ရေပက်ခံများဖြင့် စည်ကားခဲ့သည်ကို တွေ့ရသည်။ သင်္ကြန်ကာလအတွင်းတွင် ဗဟိုမဏ္ဍပ်၌ ပြိုင်ပွဲဝင်ယိမ်းအဖွဲ့ ၂၉ဖွဲ့နှင့် အလှပြယာဉ်များကလည်း ပြိုင်ပွဲဝင် သရုပ်ပြဖျော်ဖြေခဲ့ကြသည်။

တိုးမပေါက်

ထို့အတူ ရွှေနေကြာမဏ္ဍပ်၊ စက်မှုဇုန်မဏ္ဍပ်၊ အိပ်မက်သင်္ကြန်မဏ္ဍပ်နှင့် ပိတောက်ချယ်ရီ မဏ္ဍပ်တို့တွင် အတာရေသဘင်ပွဲ ဆင်နွှဲသူများဖြင့် စည်ကားခဲ့သည့်အပြင် တောင်ကြီးမဏ္ဍပ်တွင်လည်း Lazy Club စင်တင်တေးဂီတအဖွဲ့နှင့်အတူ သင်္ကြန်လုပျိုဖြူများ၏ အဆို၊ အက၊ အလှများကြောင့် သင်္ကြန်ချစ်သူများ၊ အတာရေသဘင်ပွဲ ဆင်နွှဲသူများဖြင့် တိုးမပေါက်အောင် စည်ကားခဲ့သည်။

တောင်ကြီးမြို့မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် ကျင်းပရေးဗဟိုကော်မတီက ကြီးမှူး၍ အလှပြယာဉ်၊ အလှပြမဏ္ဍပ်များကို အကဲဖြတ်ကော်မတီကနေ့စဉ် စိစစ်အကဲဖြတ်ခဲ့ပြီး သင်္ကြန်အတက်နေ့ ဧပြီ ၁၆ ရက် ညနေ ၅ နာရီတွင် ဗဟိုမဏ္ဍပ်၌ မဟာသင်္ကြန်ပွဲတော်ပိတ်ပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ကျင်းပခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မန္တလေးမြို့ မြန်မာ့ရိုးရာယဉ်ကျေးမှုသင်္ကြန် အေးချမ်းပျော်ရွှင် အောင်မြင်စွာ ကျင်းပပြီးစီး

ရန်ကုန် ဧပြီ ၁၈

မြန်မာသက္ကရာဇ် ၁၃၆၈ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်၏ နောက်ဆုံးနေ့ဖြစ်သော မဟာသင်္ကြန်အတက်နေ့တွင် မန္တလေးမြို့တစ်ခွင်လုံး၌ အတာသင်္ကြန်ရေပက်ဖျန်းကစားကြသူများ၊ အတာသင်္ကြန်ရေပက်ခံကစားကြသူများသည် မြန်မာ့ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်းနှင့်အညီ အစဉ်အလာ အမွေအနှစ်ကောင်းများကို ထိန်းသိမ်းကာ အဆို၊ အတီး၊ အကတို့ဖြင့် ဧပြီ ၁၆ရက် နံနက်ပိုင်းမှ ညနေပိုင်းအထိ မြူးထူးပျော်ရွှင်စွာ ရေကစားကြပြီး ညပိုင်း၌ ဆုပေးမဏ္ဍပ်အသီးသီးတို့၌ ဆုပေးပွဲနှင့် မဏ္ဍပ်ပိတ်ပွဲအခမ်းအနားကို ကျင်းပကာ မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကို စည်ကားသိုက်မြိုက် အေးချမ်းပျော်ရွှင် အောင်မြင်စွာ ကျင်းပပြီးစီးသွားသည်။

သင်္ကြန်အတက်နေ့ နံနက်ပိုင်းတွင် မန္တလေးမြို့တော် စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ် ဖုန်းဇော်ဟန်နှင့်ဇနီး ဒေါ်မိုးသီတာနှင့် ဧည့်သည်တော်များ၊ သင်္ကြန်မိသားစုဝင်များသည် မန္တလေးမြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ်နှင့် ရေကစားမဏ္ဍပ်၊ နန်းမြို့သူသင်္ကြန်မဏ္ဍပ်များသို့ လှည့်လည် သွားရောက်ကာ မဏ္ဍပ်မှ သင်္ကြန်ပျိုဖြူများက နိုင်ငံကျော်အဆိုတော်များ၊ အနုပညာရှင်များနှင့်အတူ အဆို၊ အတီး၊ အကများဖြင့် ဖျော်ဖြေမှုကို အားပေးကြည့်ရှုကြပြီး ချမ်းမြေ့ပျော်ရွှင်စွာ ပါဝင်ရေကစားကြသည်။

ထို့ပြင် သင်္ကြန်ရေကစားမဏ္ဍပ်များကလည်း သင်္ကြန်ပွဲတော်လာ ဧည့်သည်တော်များအား ရွှေရင်အေး၊ အအေး စသည့် မြန်မာ့ရိုးရာစားစရာတို့ဖြင့် ဧည့်ခံကျွေးမွေး၍ သင်္ကြန်တေးသီချင်းများဖြင့် ဖျော်ဖြေတင်ဆက်ကြရာ သင်္ကြန်ရေကစားမဏ္ဍပ်ရှေ့၌ သင်္ကြန်ပွဲဆင်နွှဲကြသည့် သင်္ကြန်ချစ်သူပြည်သူများ တိုးမပေါက်အောင် အထူးစည်ကားလှသည်။

ဆုများပေးအပ်ချီးမြှင့်

မြန်မာသက္ကရာဇ် ၁၃၆၈ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်မန္တလေးမြို့တော်ဝန်မဟာသင်္ကြန်မဏ္ဍပ် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ည ၈နာရီက မန္တလေးမြို့တော် စည်ပင်သာယာရေး ကော်မတီရုံးရှေ့ရှိ မြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ်၌ ကျင်းပရာ မန္တလေးမြို့တော် စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ် ဖုန်းဇော်ဟန် တက်ရောက်၍ ဆုများပေးအပ်ချီးမြှင့်သည်။ **(အပေါ်ပုံ)**

ဧည့်ခံဖျော်ဖြေ

ထို့နောက် မန္တလေးမြို့ မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်၌ အလှပြယာဉ်ပထမဆုရ မန္တလေးခရိုင်ကိုယ်စားပြု ချမ်းအေးမန္တလာအလှပြယာဉ်၊ ဒုတိယဆုရကျောက်ဆည်ခရိုင် ကိုယ်စားပြု ရွှေဆည်သူဇာ အလှပြယာဉ်နှင့် တတိယဆုရ မိတ္ထီလာခရိုင် ကိုယ်စားပြု ထီလာမေအလှပြယာဉ်တို့က အဆို၊ အတီး၊ အကတို့ဖြင့် ဧည့်ခံဖျော်ဖြေသည်။

ဆက်လက်၍ မန္တလေးမြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ်မှ မန်းစည်ပင်တေးဂီတအဖွဲ့နှင့် သင်္ကြန်လှပျိုဖြူများက အဆို၊ အတီး၊ အကတို့ဖြင့် ဖျော်ဖြေပြီး နိုင်ငံကျော်ရုပ်ရှင်၊ ဂီတ၊ သဘင် အနုပညာရှင်များကလည်း သင်္ကြန်တေးသီချင်းများဖြင့် ဧည့်ခံဖျော်ဖြေကြသည်။

နှုတ်ခွန်းဆက်စကား

ထို့နောက် မန္တလေးမြို့ မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် မြို့တော်ဝန်မဟာသင်္ကြန်ပိတ်ပွဲ အခမ်းအနားကို ကျင်းပရာ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်က နှစ်သစ်ကူးနှုတ်ခွန်းဆက်စကားပြောကြားပြီး မြို့တော်ဝန်နှင့်အတူ ကော်မတီဝင်များ၊ ဧည့်သည်တော်များ၊ အနုပညာရှင်များနှင့် မန်းစည်ပင်လှပျိုဖြူများက မန်းတောင်ရိပ်ခိုသီချင်းဖြင့် စုပေါင်းသီဆို၍ မဟာသင်္ကြန်ပွဲတော် ပိတ်ပွဲ အထိမ်းအမှတ်အဖြစ် မီးရှူး၊ မီးပန်းများ ပစ်ဖောက်ကာ ၁၃၆၈ခုနှစ် မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော်ကြီးကို အေးချမ်းပျော်ရွှင်စွာ ပိတ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသဗုဒ္ဓဂယာ မြေမြတ်မဟာရှိ ဗုဒ္ဓဂယာ မြန်မာကျောင်း(မူလကျောင်းဟောင်း) အနောက်ဘက် တိုးချဲ့မြေနှစ်ကေဝယ်ယူရန်နှင့် သာသနိကအဆောက်အအုံများဆောက်လုပ်ရန်အတွက် ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် အမှတ်(၁) သမိုင်းမြို့မကျောင်းလမ်း (၂)ရပ်ကွက်နေ ဖခင်ဦးချစ်ထွေးအား ရည်စူး၍ ဒေါ်လှစိန်နှင့် သားသမီး၊ မြေးတစ်စုတို့က အလှူငွေကျပ် နှစ်သိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် (ဂမုန်းပွင့်ဘေးလမ်း) အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံဗုဒ္ဓဂယာကျောင်း ဘဒ္ဒန္တ ဉာဏိန္ဒ(ဗုဒ္ဓဂယာဆရာတော်) အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဗုဒ္ဓဂယာမြန်မာကျောင်း ပဓာနနာယကဆရာတော် အိန္ဒိယနိုင်ငံ ပရဒေသီ သံဃနာယကအဖွဲ့ဥက္ကဋ္ဌထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနမှ နှင်းဆီကုန်းဘိုးဘွားရိပ်သာသို့ နှစ်သစ်ကူးအခါသမယ နေ့စဉ်ကျွေးမွေးလှူဒါန်းပွဲနှင့် ရေစက်ချမင်္ဂလာ

ရန်ကုန် ဧပြီ ၁၈

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီးရုံး၊ ဦးစီးဌာနလုပ်ငန်းများနှင့် မွေးမြူရေးနှင့် ရေလုပ်ငန်း ဖွံ့ဖြိုးရေးဘဏ်တို့က နှင်းဆီကုန်း ဘိုးဘွားရိပ်သာသို့ နှစ်သစ်ကူးအခါသမယတွင် (၁၆)ကြိမ်မြောက် နေ့စဉ်ကျွေးမွေးလှူဒါန်းပွဲနှင့် ရေစက်ချမင်္ဂလာ အခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းက ဗဟန်းမြို့နယ် ကမ္ဘာအေးစေတီလမ်းရှိ အဆိုပါဘိုးဘွားရိပ်သာ၌ ကျင်းပသည်။

ရှေးဦးစွာ နံနက် ၈နာရီတွင် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနမှ ဝန်ထမ်းမိသားစုများက ဘိုးဘွားများအား ခြေသည်း၊ လက်သည်း ညှပ်ပေးခြင်း၊ ခေါင်းလျှော်ပေးခြင်းနှင့် အမွှေးနံ့သာရည်များ လိမ်းခြယ်ပေးခြင်းတို့ဖြင့် ကုသိုလ်ပြုကြသည်။

ရေစက်ချမင်္ဂလာ

ထို့နောက် နံနက် ၉နာရီခွဲတွင် ရေစက်ချ မင်္ဂလာ အခမ်းအနားကို သီရိရတနာဓမ္မာရုံ၌ ကျင်းပရာ ရှေးဦးစွာ နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်ပေးသည်။

ယင်းနောက် နိုင်ငံတော် ဩဝါဒါစရိယ ဗဟန်းမြို့နယ် ပါဠိတက္ကသိုလ် ညောင်တုန်းကျောင်းတိုက် ပဓာနနာယကဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တသောဘဏထံမှ ပရိသတ်များက ကိုးပါးသီလခံယူ ဆောက်တည်ကြပြီး ဆရာတော် သံဃာတော်များထံမှ ပရိတ်တရားတော်များ နာယူကြသည်။

ရှင်းလင်းလျှောက်ထား

ထို့နောက် မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန မြန်မာ့ မွေးမြူရေးနှင့် ရေလုပ်ငန်း ဖွံ့ဖြိုးရေးဘဏ် ဥက္ကဋ္ဌ ဦးကျော်လွင်က အလှူဒါနပြုရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်း လျှောက်ထားသည်။

လှူဖွယ်ပစ္စည်းဆက်ကပ်

ဆက်လက်၍ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများက ဆရာတော် သံဃာတော်များထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ပေးအပ်လှူဒါန်း

ထို့နောက် မြန်မာ့မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးရေးဘဏ်ဥက္ကဋ္ဌဦးကျော်လွင်က နှင်းဆီကုန်းဘိုးဘွားရိပ်သာသို့ အလှူငွေစုစုပေါင်း ငွေကျပ် ၄၀၇၉၀၀၀ ကို ပေးအပ်လှူဒါန်းရာ ဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ရှိန်က လက်ခံယူပြီး ရိပ်သာအုပ်ချုပ်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌဦးသန်းထွတ်က လှူဒါန်းမှုအတွက် ကျေးဇူးတင်စကား ပြောကြားသည်။

ရေစက်သွန်းချအမျှဝေ

ထို့နောက် ပါဠိတက္ကသိုလ် ညောင်တုန်းကျောင်းတိုက် ပဓာန နာယကဆရာတော်ကြီးထံမှ ပရိသတ်များက အနုမောဒနာ တရားနာယူကြပြီး လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေ၍ ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်းကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

နေ့ဆွမ်းဆက်ကပ်

ယင်းနောက် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများသည် ဆရာတော်သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြပြီး ဘိုးဘွားများ နံနက်စာ သုံးဆောင်နေမှုကို ကြည့်ရှုသဒ္ဒါပွားများကြသည်။

ငွေပဒေသာပင်

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနသည် မဟာသင်္ကြန်အကြိုနေ့မှ နှစ်ဆန်းတစ်ရက်နေ့အထိ နေ့စဉ်ဘိုးဘွားများအား ကျွေးမွေးလှူဒါန်းမှုအတွက် ငွေကျပ် ၂၇၄၇၀၀၀၊ ဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့သို့ ငွေပဒေသာပင် ငွေကျပ်လေးသိန်းနှင့် ဆေးဝါးပဒေသာပင် ငွေကျပ်ငါးသိန်း၊ ဘိုးဘွားတစ်ဦးလျှင် ငွေကျပ် ၂၀၀၀ နှုန်းဖြင့် ၂၁၆ဦးအတွက် စုစုပေါင်းငွေကျပ် ၄၃၂၀၀၀အပါအဝင် ယခုနှစ်နှစ်သစ်ကူးအခါသမယတွင် နှင်းဆီကုန်းဘိုးဘွားရိပ်သာသို့ လှူဒါန်းမှု စုစုပေါင်းမှာ ငွေကျပ် ၄၀၇၉၀၀၀ဖြစ်သည်။

ထို့အတူ နှစ်စဉ်ကျင်းပမြဲဖြစ်သော ဗိုလ်တထောင်ကောလိပ်ကျောင်းသားဟောင်းများနှင့် တက္ကသိုလ်မိသားစုများ၏ (၂၉)ကြိမ်မြောက် ကုသိုလ်ပြုပွဲ အခမ်းအနားကို နံနက်ပိုင်းတွင် နှင်းဆီကုန်းဘိုးဘွားရိပ်သာ အလှူတော်မင်္ဂလာခန်းမ၌ ကျင်းပသည်။

အမျှပေးဝေ

ရှေးဦးစွာ ရိပ်သာရှိ အဘိုးအဘွားများအား ခေါင်းလျှော်ပေးခြင်း၊ ခြေသည်း၊ လက်သည်းညှပ်ပေးခြင်း စသည့် တစ်ကိုယ်ရေသန့်ရှင်းရေး လုပ်အားပေး ကုသိုလ်ယူ ဆောင်ရွက်ကြပြီး နံနက်၉နာရီခွဲတွင် ရိပ်သာဝင်းအတွင်းသို့ ကြွရောက်တော်မူလာကြသော သံဃာတော် ၄၅ပါးတို့အား ဆွမ်းနှင့် ဆွမ်းဟင်းများ လောင်းလှူကြသည်။ ထို့နောက် အလှူတော်မင်္ဂလာခန်းမ၌ ပင့်သံဃာ ငါးပါးတို့အား နေ့ဆွမ်းဆက်ကပ်၍ အနုမောဒနာတရားနာယူကာ ရေစက်သွန်းချ အမျှပေးဝေကြသည်။ **(သတင်းစဉ်)**

ညောင်ဦးမြို့ ရွှေစည်းခုံစေတီတော်မြတ်ကြီး လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူပွဲအတွက် တာမွေမြို့နယ် နတ်မောက်ရပ်ကွက် နတ်မောက်ရိပ်သာလမ်းနေ ဦးတင်ဆောင်-ဒေါ်တင်တင်မြင့်(မြင်းခြံမိသားစု)က ၁၂လက်မပတ်လည် ရွှေချပြီး ရွှေပြား ၁၀ချပ်အတွက် ငွေကျပ် တစ်သိန်းကို ဗုဒ္ဓပူဇနိယ ဆီမီး ၉၉၀၀အဖွဲ့ စုပေါင်းရုံးဝင်း အင်းစိန်သို့ လာရောက်လှူဒါန်းရာ နာယကဦးစိုးဝင်း(စဥ့်ကူစိုးဝင်း)နှင့် တာဝန်ရှိသူများက လက်ခံယူစဉ်။ (ဝ၄၆)

ဖဲကြိုးဖြတ်ဖွင့်လှစ်

ကိုယ့်အားကိုယ်ကိုး ကျောက်ချောလမ်းသစ်ဖွင့်ပွဲကို ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အမှတ် ၈ ရပ်ကွက် ယင်းမာလမ်း၌ ဧပြီ ၁၀ ရက်က ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးတင့်ကျော်လွင်၊ လမ်းကော်မတီဥက္ကဋ္ဌ ဦးစိန်ဝင်းဖေနှင့် အလှူရှင်ဒေါ်ခင်ထွေးရီတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (က-ပ)

ဝန်ကြီးဗိုလ်ချုပ်ဋ္ဌေးဦး မြို့ကြီးရေလှောင်တမံစီမံကိန်းစစ်ဆေး ပြည်သူ့အတွက် အကျိုးရှိမည့် စီမံကိန်းဖြစ်သည့်အတွက် သတ်မှတ်ကာလထက်စောပြီးအောင် ဆောင်ရွက်ရန်မှာကြား



လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ဋ္ဌေးဦး မြို့ကြီးရေလှောင်တမံစီမံကိန်း တည်ဆောက်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (လယ်/ဆည်)

နေပြည်တော် ဧပြီ ၁၈

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ဋ္ဌေးဦးသည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ဧပြီ ၁၅ရက် ညနေပိုင်းက ရှမ်းပြည်နယ်(တောင်ပိုင်း)ရွာငံမြို့နယ်၌ ဆည်မြောင်းဦးစီးဌာနက တည်ဆောက်နေသည့် မြို့ကြီးရေလှောင်တမံစီမံကိန်းသို့ရောက်ရှိကြရာ စီမံကိန်းရှင်းလင်းဆောင်၌ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၇) ညွှန်ကြားရေးမှူး ဦးမျိုးထွန်းက စိုက်ပျိုးရေရရှိရေးနှင့် ရေအားလျှပ်စစ်ရရှိရေးအတွက် တည်ဆောက်နေသည့် ပင်မတမံ၊ ရေလွှဲဥမင်လိုဏ်၊ ရေအားလျှပ်စစ်ဥမင်လိုဏ်နှင့် ရေလွှဲဆည်တည်ဆောက်မှုနှင့် ကျောက်ဆည်ခရိုင်အတွင်းရှိ ဇော်ဂျီရေသောက်စနစ်သို့ ရေပမာဏ ဧကပေ ၇ သိန်းခန့်၊ မိတ္ထီလာလွင်ပြင်ဒေသသို့ ရေပမာဏ ဧကပေ ၄ သိန်းခန့် ရေလွှတ်ပေးရန်နှင့် ရေအားလျှပ်စစ်နှစ်စဉ် ကီလိုဝပ်နာရီသန်းပေါင်း ၁၃၅ ဒသမ ၇၀ ထုတ်လွှတ်ပေးရန် ဆောင်ရွက်နေမှုတို့ကို ရှင်းလင်းတင်ပြရာ ဆည်မြောင်းဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးခင်ဇော်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ဝန်ကြီးက ပြည်သူများအတွက် အကျိုးရှိသည့်စီမံကိန်းများဖြစ်သည့်အတွက် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ သတ်မှတ်ကာလထက်စော၍ ပြီးစီးအောင် ဆောင်ရွက်ရေး၊ စက်သုံးဆီနှင့် ဆောက်လုပ်ရေးပစ္စည်းများ လေလွင့်ဆုံးရှုံးမှုမရှိစေရေး၊ သတ်မှတ်စံများအတိုင်း ဆောင်ရွက်ရေးတို့အတွက် မှာကြားပြီး လိုအပ်သည်များပံ့ပိုးဖြည့်ဆည်းပေးကာ ရှုရပ်အမြင့်ပိုင်းမှနေ၍ တည်ဆောက်မှုလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ပံ့ပိုးဖြည့်ဆည်းပေး

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် မြို့ကြီးရေလှောင်တမံ ဘက်စုံစီမံကိန်း၏ တည်ဆောက်ပြီး ရေစိမ့်တားနံရံပေါ်တွင် ပင်မတမံမြေဖို့မှုလုပ်ငန်းကို စက်ယန္တရားများဖြင့်ဆောင်ရွက်နေမှုနှင့် တည်ဆောက်ဆဲလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် ရေလွှဲဥမင်လိုဏ်အဝင်ပိုင်းမှ အထွက်ပိုင်းအထိ အရှည်ပေ ၁၅၇၅ တိုးလျှိုပေါက်ပြီးစီး၍ ဥမင်လိုဏ်အတွင်း၌ သံမဏိခုံထောင်ပြီးစီးမှု၊ ကွန်ကရစ်လိုင်နင် လုပ်ငန်းဆောင်ရွက်နေမှု၊ ရေအားလျှပ်စစ်ဥမင်လိုဏ်အထွက်ပိုင်းတွင် ပေ ၂၀၀ ကျော် တူးဖော်ပြီးစီးမှုနှင့် ဆက်လက်တူးဖော်နေမှုတို့ကိုစစ်ဆေးကာ လုပ်ငန်းလိုအပ်ချက်များ ပံ့ပိုးဖြည့်ဆည်းပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တာမွေမြို့နယ် နတ်ချောင်းရပ်ကွက် သာသနာ့ဇေယျမင်္ဂလာပရိယတ္တိစာသင်တိုက် ပဓာနနာယက ဆရာတော်မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပညိန္ဒက ကမ္မဋ္ဌာနာစရိယအဖြစ် ဆောင်ရွက်ကျင်းပသော ပထမအကြိမ်သင်္ကြန်တွင်း ခုနစ်ရက် မဟာစည်တရားစခန်းအောင်ပွဲအဖြစ် ဧပြီ ၁၈ရက်က အလှူရှင်များကိုယ်စား နတ်ချောင်းရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်သူက ဆရာတော်ထံ ဆက်ကပ်လှူဒါန်းစဉ်။
(မြန်မာ့အလင်း)

ဒဂုံမြို့နယ် အလက(၂) အာစရိယပူဇော်ပွဲ

ရန်ကုန် ဧပြီ ၁၈

အလက(၂)ဒဂုံ (ယခင်မင်းမနိုင် အလယ်တန်းကျောင်း)တွင် တာဝန်ထမ်းဆောင်ခဲ့ကြသော သက်ပြည့်ပင်စင်ယူခဲ့ကြသည့် ကျောင်းအုပ်ကြီးများ၊ သက်ပြည့်ပင်စင်ယူခဲ့ကြသော ဆရာ ဆရာမကြီးများနှင့် အလက(၂) ဒဂုံ၌ လက်ရှိတာဝန်ထမ်းဆောင်နေကြသော ဆရာ ဆရာမများအား ကျောင်းသားဟောင်းများက (၁၀)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို မေ ၈ ရက် (အလုပ်သမားနေ့) နံနက် ၁၀ နာရီ၌ အလက(၂)ဒဂုံ၌ကျင်းပရန် စီစဉ်ထားသည်။

အာစရိယပူဇော်ပွဲနှင့် စပ်လျဉ်း၍ အသေးစိတ် သိရှိလိုသူများနှင့် အလှူငွေထည့်ဝင်လိုသူများသည် ကျောင်းအုပ်ဆရာမကြီး ဖုန်း-၃၇၉၁၇၈၊ ကိုနိုင်ဦး ဖုန်း-၀၉-၅၁-၉၉၉၉၂၊ ဒေါ်စန်းစန်းဝေ ဖုန်း-၅၁၉၂၇၄၊ ၅၁၉၃၀၂၊ ဒေါ်ခင်စုစုကြည် ဖုန်း-၃၇၄၀၈၅၊ ဒေါ်ခင်အေးမူ ဖုန်း-၃၇၄၁၂၃ (ကျောင်းချိန်)၊ ကိုတင်အေး ဖုန်း- ၂၄၂၄၇၂၊ ကိုငြိမ်းချမ်းဦး ဖုန်း- ၀၉- ၈၀-၂၄၀၇၂နှင့် ကိုကျော်လင်းထက် ဖုန်း-၀၉-၉၉-၂၈၀၂၀ တို့သို့ ဆက်သွယ်စုံစမ်းလှူဒါန်းနိုင်ကြကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

မြန်မာ့ရုပ်မြင်သံကြား

၁၉-၄-၂၀၀၇ရက် (ကြာသပတေးနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
- ၇:၅၀ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
- ၈:၀၀ ၆။ အဆိုပြိုင်ပွဲ
- ၈:၁၀ ၇။ အကပဒေသာ
- ၈:၂၀ ၈။ ဗိုက္ကရဲ ရေထိန်းတံခါး
- ၈:၃၀ ၉။ International News
- ၈:၄၅ ၁၀။ Let's Go
- ၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၁၆:၀၀ ၁။ စစ်ချီတေး စစ်သည်တေး
- ၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၁၆:၃၀ ၃။ English For Everyday Use.
- ၁၆:၄၅ ၄။ တေးဂီတအစီအစဉ်
- ၁၇:၀၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ တတိယနှစ်(မြန်မာစာအထူး ပြု) [မြန်မာစာ]
- ၁၇:၁၅ ၆။ ချစ်စရာ့အရွယ်ကကြိုးသွယ်
- ၁၇:၂၅ ၇။ **မူးလျှင်မမောင်းနဲ့ မောင်းလျှင်မမူးနဲ့** (လူမင်း၊သူသူဟံသာ၊ အိမ်အိမ်း) (ဒါရိုက်တာ-သက်တင်)
- ၁၇:၃၅ ၈။ တေးဂီတအစီအစဉ်
- ၁၇:၄၅ ၉။ ကြယ်ပွင့်များရဲ့ရင်ခုန်သံ
- ၁၈:၀၀ ၁၀။ ညနေခင်းသတင်း
- ၁၈:၃၀ ၁၁။ မိုးလေဝသအခြေအနေ
- ၁၈:၃၅ ၁၂။ မှုဟန်သွယ်သွယ်ဆိုကြမယ်
- ၁၈:၅၀ ၁၃။ Discovery
- ၁၉:၀၀ ၁၄။ မြန်မာမှုပန်းဆယ်မျိုး (ပန်းပွတ်)
- ၁၉:၁၀ ၁၅။ နိုင်ငံခြားဇာတ်လမ်းတွဲ **သစ်ရွက်ကလေး၏ ရင်ခုန်သံ** (အပိုင်း-၁၄)
- ၂၀:၀၀ ၁၆။ ပြည်တွင်းသတင်း
- ၁၇။ နိုင်ငံတကာသတင်းများ
- ၁၈။ မိုးလေဝသအခြေအနေ
- ၁၉။ နိုင်ငံခြားဇာတ်လမ်းတွဲ **အကြင်နာရွှေဦး** (အပိုင်း-၂၇)

ဗုဒ္ဓဘာသာ ယဉ်ကျေးမှု သင်တန်းဖွင့်မည်

ရန်ကုန် ဧပြီ ၁၈

မြို့နယ် သံဃနာယက အဖွဲ့၏ ဩဝါဒကို ခံယူလျက် ဒေါပုံမြို့နယ် ထေရဝါဒဗုဒ္ဓသာသနာထိန်းသိမ်းစောင့်ရှောက်ရေးအသင်းက စတုတ္ထအကြိမ် ဗုဒ္ဓဘာသာယဉ်ကျေးမှု သင်တန်းကို ဧပြီ ၂၂ ရက်မှ မေ ၂၀ရက်အထိ မြို့နယ်ဓမ္မာရုံ၌ ဖွင့်လှစ်သင်ကြားမည် ဖြစ်သည်။ ယင်းသင်တန်းသို့ တက်ရောက်လိုသူများသည် ဦးဇော်ဝင်း(၈၂/ခ) မင်္ဂလာသီရိလမ်း မြို့သစ်ရပ်ကွက် ဒေါပုံမြို့နယ်သို့စာရင်းပေးသွင်းနိုင်ပြီး သင်တန်းအတွက် ဖုန်း-၅၅၈၈၅၀ နှင့် ၀၉-၅၁၃၂၈၀၂ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။**(က-ပ)**

ပထမအကြိမ် သက်ကြီးပူဇော်ပွဲနှင့် ဘေးမဲ့လွှတ်ပွဲ

ရန်ကုန် ဧပြီ ၁၈

ရန်ကုန်တိုင်း ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ၃၅ ရပ်ကွက် ရပ်ကွက်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီနှင့် ၃၅ရပ်ကွက် ညီမူရာဓမ္မာရုံ အမှုဆောင်များ၊ ရပ်ကွက်နေ ဝန်ကြီးဌာနအသီးသီးမှ တာဝန်ရှိသူများ၊ အသင်းအဖွဲ့အစည်းအသီးသီးရှိ တာဝန်ရှိသူများဦးဆောင်လျက် ရပ်ကွက်အတွင်းရှိ အသက် ၈၀ အထက် အဘိုးအဘွား ၉၁ဦးတို့အား ဧပြီ ၁၇ ရက် (နှစ်ဆန်းတစ်ရက်နေ့) နံနက် ၇ နာရီက လှူဖွယ်ဝတ္ထုတို့နှင့် သက်ကြီးပူဇော်ပွဲကို ညီမူရာဓမ္မာရုံတွင်ကျင်းပပြီး ကျေးငှက်တိရစ္ဆာန် အကောင်ရေ ၁၀၀ ကျော်တို့အား ဘေးမဲ့လွှတ်ပေးခဲ့ကြကြောင်း သိရသည်။ **(က-ပ)**

မတ် ၂၇ ရက်က ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကကြီးမှူးကျင်းပသော နွေရာသီအမျိုးသားယဉ်ကျေးမှုနှင့် စာရိတ္တပညာ သင်တန်းဆင်းပွဲ အခမ်းအနားကို အမှတ် (၂၈) ရပ်ကွက် အမက (၁၀) ကျောင်းခန်းမ၌ ကျင်းပရာ(၂၈) ရပ်ကွက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း စည်းရုံးရေးမှူး ဒေါ်ခင်ချိုလှိုင်က သင်တန်းဆင်းလက်မှတ်ပေးအပ်စဉ်။ (က-ပ)

ဆားနယ်အသားခြောက်များစားသုံးပါက အဆုတ်ရောဂါများဖြစ်ပွားစေနိုင်

လန်ဒန် ဧပြီ ၁၈

အသားများကို ကြာရှည်ခံအောင် ဆားနယ်ကျပ်တိုက်ထားသော အသားခြောက်များကို စားခြင်းသည် လူတို့၏ အဆုတ်လုပ်ငန်းဆောင်တာများကို ထိခိုက်ပျက်စီးစေပြီး အဆုတ်ရောဂါဖြစ်ပွားမှုများကို ပိုမိုဖြစ်ပွားစေကြောင်းကို ကိုလံဘီယာတက္ကသိုလ်မှ သုတေသနပညာရှင်များတွေ့ရှိထားသည်။

တွေ့ရှိ

အဆိုပါ အသားခြောက်များကို တစ်လအတွင်း ၁၄ ကြိမ်ခန့်စားသုံးလေ့ရှိပါက လူတို့၏ အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါများဖြစ်ပွားနိုင်သည်ဟု ၎င်းတို့၏ တွေ့ရှိချက်၌ ဖော်ပြထားသည်။

သေဆုံး

ထိုသို့သော အစားအစာများကို စားသုံးခြင်းကြောင့် အဆုတ်ရောဂါနှင့် အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါများဖြစ်ပွားပြီး ဗြိတိန်နိုင်ငံတွင် နှစ်စဉ်လူ ၃၀၀၀၀ ခန့်သေဆုံးနေကြရကြောင်း သိရသည်။

သတိပြုစားသုံးသင့်

ထို့ကြောင့် အသားဆားနယ်များ၊ အသားကျပ်တိုက်အခြောက်လှမ်းထားမှုများ စသော အစားအစာများကို မစားသုံးမီ ဘက်တီးရီးယားပိုးများမပါရှိစေရန်နှင့် ဆေးအရောင်များသုံးစွဲခြင်းမပြုဘဲ သတိပြုစားသုံးသင့်ကြောင်း သုတေသနပညာရှင် ဒေါက်တာရှိုင်ဂျန်းက အကြံပြုပြောကြားထားသည်။
(ကိုးကား-အင်တာနက်)

မြန်မာ့အလင်း အင်တာနက် ကျန်းမာရေး

■ *ကျောဖုံးမှ*

ကိုယ်ပွားသတင်းစာတိုက်

နှစ်ဦးအခါသမယ နေ့ထူးနေ့မြတ်ဖြစ်သည့် မြန်မာနှစ်ဆန်းတစ်ရက်နံနက် ၆နာရီတွင် ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ကိုယ်ပွားသတင်းစာတိုက် မိသားစု၏ ၁၃၆၉ခုနှစ် နှစ်သစ်မင်္ဂလာ ဆွမ်းဆက်ကပ်လှူဒါန်းခြင်းနှင့် အန္တရာယ်ကင်း ပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်ပွဲကို အဆိုပါသတင်းစာတိုက်ရှေ့၌ ကျင်းပရာ မန္တလေးမြို့ ဝါးခင်းကုန်း မဟာဝိဇယရာမရာကျော်ကျောင်းတိုက် ပဓာနနာယက ဆရာတော်ဘဒ္ဒန္တဝိဇယ အမှူးပြုသော ဆရာတော် သံဃာတော်များကြွရောက်တော်မူကြပြီး စာတည်းမှူးနှင့် ဇနီး၊ မြန်မာ့ရုပ်ရှင်လုပ်ငန်း ဒုတိယညွှန်ကြားရေးမှူး ဦးသန်းဝင်းနှင့် တာဝန်ရှိသူများ၊ သတင်းစာတိုက် ဝန်ထမ်းမိသားစုများ တက်ရောက်ကြည်ညိုကြကာ ဆရာတော်ထံမှ ငါးပါးသီလခံယူ ဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်များက ပရိတ်တရားတော်များကို ရွတ်ပွားသရဇ္ဈာယ်တော်မူကြသည်။

ဆက်ကပ်လှူဒါန်း

ထို့နောက် စာတည်းမှူး ဦးညွန့်ဇော်နှင့်ဇနီး၊ တာဝန်ရှိသူတို့က ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြ၍ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြကာ ဆရာတော် သံဃာတော်များအား အရုဏ်ဆွမ်း ဆက်ကပ်လှူဒါန်းသည်။

ဆုတောင်းမေတ္တာပို့

မြန်မာနှစ်ဆန်းတစ်ရက်နေ့ နံနက် ၇နာရီတွင်မန္တလေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူး၍ မန္တလေးခရိုင် ခုနစ်မြို့နယ်မှ ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေး အသင်းဝင်များသည် မန္တလေးတောင်ခြေ အနောက်ဘက်ရှိ ဘိုးဘွားရိပ်သာ ပတ္တမြားမွှေရုံ၌ သက်ကြီးအဘိုး ၁၉ ဦးနှင့် အဘွား ၃၈ဦးတို့အား သက်ကြီးပူဇော်ပွဲ ကျင်းပရာ တိုင်းပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းတွဲဖက်အတွင်းရေးမှူးများဖြစ်ကြသော ဦးစိန်မြင့်နှင့် ဦးသိန်းထွန်း၊ အလုပ်အမှုဆောင်များ၊ မန္တလေးခရိုင်အသင်း အတွင်းရေးမှူး ဦးသောင်းဝေနှင့်အလုပ်အမှုဆောင်များ၊ မြို့နယ် ခုနစ်မြို့နယ်မှ အသင်းအတွင်းရေးမှူးများနှင့် အလုပ်အမှုဆောင်များ၊ အသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ တက်ရောက်ကြသည်။

ကုသိုလ်ပြု

ထို့နောက် အသင်းဝင်များက ဘိုးဘွားများအားလက်သည်း၊ ခြေသည်းများ ညှပ်ပေး၍ ကုသိုလ်ကောင်းမှုပြုကြသည်။

ရွှတ်ဖတ်ပူဇော်

မြန်မာနှစ်ဆန်းတစ်ရက်နေ့က မန္တလေးမြို့ ကိုယ်ပွားသတင်းစာတိုက် ဝန်ထမ်းမိသားစုများ၏ နှစ်သစ်မင်္ဂလာ ဆွမ်းဆက်ကပ်လှူဒါန်းခြင်းနှင့် အန္တရာယ်ကင်းပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်ပွဲကျင်းပစဉ်။ (သတင်းစဉ်)

ဆက်လက်၍ နံနက် ၇နာရီခွဲတွင် မန္တလေးခရိုင် မြို့နယ် ခုနစ်မြို့နယ်

ကောင်ရေ ၁၀၀၀၀ တို့ကို တပျော်တပါး လွှတ်ပေးကြသည်။

ရန်ကင်းပြည်သာယာ (ကျိုက္ကဆံ စူပါဝမ်း တာမွေလေးသံလမ်းအနီး) ရွှေပြည်ဟိန်း ကုသိုလ်ဖြစ်ဆေးခန်းအတွက် တော်ဝင်ထွန်းရုပ်ရှင် မိခင်ကြီး ဒေါ်တင်ရီအား ရည်စူး၍ ဦးပြုံးမောင်မောင်–အကယ်ဒမီ ခင်သီတာထွန်း မိသားစုက အလှူငွေကျပ်တစ်သိန်းနှင့် လှူဖွယ်ဝတ္ထုများကို ရွှေပြည်ဟိန်း ဆရာတော်ထံ ဆက်ကပ်လှူဒါန်းစဉ်။ (၁၁၅)

ဗဟိုအလုပ်အမှုဆောင် ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါ သက်ကြီးပူဇော်ပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ တက်ရောက်

ရန်ကုန် ဧပြီ ၁၈

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ရန်ကုန်တိုင်းတာဝန်ခံ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန်ဗိုလ်မှူးကြီးမောင်ပါသည် ဧပြီ ၁၇ ရက် ညနေပိုင်းတွင် ရန်ကုန်တောင်ပိုင်းခရိုင် ဒလမြို့နယ် သီရိဇေယျနော်ရထာခန်းမ၌ ကျင်းပသည့် ဒုတိယအကြိမ် သက်ကြီးပူဇော်ပွဲ အခမ်းအနားနှင့် ဒလမြို့နယ် မျက်ရှင်တော် ဆုတောင်းပြည့်မဟာသကြိန်ဘုရားကြီးပရဝဏ်၌ ကျင်းပသည့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ အခမ်းအနားသို့ တက်ရောက်သည်။

ရှေးဦးစွာ ဗဟိုအလုပ်အမှုဆောင် ဒုတိယမြို့တော်ဝန်သည်သက်ကြီးပူဇော်ပွဲ အခမ်းအနားသို့ တက်ရောက်၍ ပူဇော်ကန်တော့ရခြင်းနှင့်စပ်လျဉ်း၍ ပြောကြားပြီး ဗဟိုအလုပ်အမှုဆောင်နှင့် ဧည့်ပရိသတ်များက ဒလမြို့နယ် ရပ်ကွက်(၂၃)ရပ်ကွက်မှ ကန်တော့ခံ သက်ကြီးအဘိုး၊အဘွား ၄၆ ဦးအား ပူဇော်ကန်တော့၍ ဗဟိုအလုပ်အမှုဆောင်နှင့် တာဝန်ရှိသူများက လှူဖွယ်ပစ္စည်းများနှင့် အလှူငွေများ ပေးအပ်လှူဒါန်းကြသည်။

ရုပ်သိမ်း

ထို့နောက် ကန်တော့ခံ အဘိုး၊ အဘွားများကိုယ်စား အသက်(၇၇) နှစ်ရှိ ဦးရွှေဝင်းက ကျေးဇူးတင်စကား ပြန်လည်ပြောကြား၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဆက်လက်၍ဗဟိုအလုပ်အမှုဆောင် ဒုတိယမြို့တော်ဝန်သည် ဒလမြို့နယ် မျက်ရှင်တော် ဆုတောင်းပြည့် မဟာသကြိန်ဘုရားကြီးပရဝဏ်တွင် ကျင်းပသည့် နှစ်စဉ်လောင်းလှူမြဲဖြစ်သော ဆွမ်းဆန်စိမ်း လောင်းလှူပွဲ အခမ်းအနားသို့ တက်ရောက်၍ ဒလမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်း ၂၉ ကျောင်းမှ ပင့်သံဃာတော် အရှင်သူမြတ် ၂၉ ပါးအား လှူဖွယ်ပစ္စည်းများနှင့် ဆွမ်းဆန်စိမ်းများ ဆက်ကပ်လောင်းလှူသည်။

လောင်းလှူ

အဆိုပါ ဆွမ်းဆန်စိမ်းလောင်းလှူပွဲသို့ ဒလမြို့နယ် (၂၃)ရပ်ကွက်နှင့် ဒလမြို့နယ်အတွင်းရှိ ဌာနဆိုင်ရာများမှ ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ပစ္စည်း တန်ဖိုးစုစုပေါင်းငွေကျပ် တစ်ဆယ့်တစ်သိန်းသုံးသောင်းကျပ်တိတိ လောင်းလှူပူဇော်ခဲ့ကြကြောင်း သိရသည်။

(သတင်းစဉ်)

ဓိဝိတဒါန ငါးများလွှတ်ပေး

မြန်မာနှစ်ဆန်းတစ်ရက်နေ့က မန္တလေးမြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်နှင့် ဇနီးတို့ မင်္ဂလာတံတားအနီး တောင်ဘက်ကျုံးအတွင်းသို့ ဇီဝိတဒါန ငါးများလွှတ်ပေးစဉ်။ (သတင်းစဉ်)

ကုသိုလ်ကောင်းမှုပြု

မြန်မာနှစ်ဆန်းတစ်ရက်နေ့က မန္တလေးခရိုင် ခုနစ်မြို့နယ်မှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ ဘိုးဘွားရိပ်သာ ပတ္တမြားမွှေရုံ၌ သက်ကြီးအဘိုး၊အဘွားများအား ခေါင်းလျှော်ပေးခြင်း၊ လက်သည်း၊ ခြေသည်းများ ညှပ်ပေးခြင်းဖြင့် ကုသိုလ်ကောင်းမှုပြုကြစဉ်။ (သတင်းစဉ်)

ယင်းနောက် မွန်းလွဲ၂နာရီတွင် မန္တလေးမြို့တော်စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ် ဖုန်းဇော်ဟန်နှင့် ဇနီးဒေါ်မိုးသီတာ၊ တွဲဖက်အတွင်းရေးမှူး၊ ကော်မတီဝင်များ၊ ဌာနမှူးများနှင့် ၎င်းတို့၏ဇနီးများ၊ မိသားစုဝင်များသည် မြို့တော်ခန်းမ(၁)၌ အန္တရာယ်ကင်း ပရိတ်ရွတ်ပွဲ ကျင်းပရာ မြို့တော်ဝန်နှင့်ဇနီး၊ တာဝန်ရှိသူများက ဆရာတော် သံဃာတော်များအား သင့်န်းအစရှိသော လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်း၍ ရေစက်သွန်းချ အမျှပေးဝေကြသည်။

ကုသိုလ်ကောင်းမှုပြု

ယင်းနောက် မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ မိသားစု၏ ဇီဝိတဒါန စုပေါင်းငါးလွှတ်ပွဲကို ညနေ ၄ နာရီခွဲတွင် မန္တလေး မြို့တော် စည်ပင်သာယာရေး ကော်မတီရုံးရှေ့ ၂၆ လမ်း ကျုံးတောင်ဘက်၌ ကျင်းပရာ မြို့တော်ဝန် ဗိုလ်မှူးချုပ် ဖုန်းဇော်ဟန်နှင့် ဇနီးတို့က ငှက်များကို ဘေးမဲ့လွှတ်ပေးပြီး ငါးများကိုလည်း ကျုံးအတွင်းသို့ ဇီဝိတဒါန စတင်လွှတ်ပေးရာ တက်ရောက်လာကြသူများကလည်း ကျုံးအတွင်းသို့ ငါးကြင်းသားပေါက် ကောင်ရေ ၁၀၀၀၀၀ ကို တပျော်တပါး လွှတ်ပေး၍ ကုသိုလ်ကောင်းမှုပြုကြသည်။

ပရိတ်ရေသွန်းလောင်း

ထို့နောက် မန္တလေးမြို့တော်ဝန်နှင့် အဖွဲ့ဝင်များသည် မန္တလေးမြို့နေ ပြည်သူများ အန္တရာယ်ကင်းရှင်းစေရန် အမှတ်(၄)ရေတွန်းစက်ရုံနှင့် မလွန်ရေတွန်းစက်ရုံ ရေလှောင်ကန်အတွင်း ပရိတ်ရေများဖြင့် သွန်းလောင်းပေးကြသည်။ **(သတင်းစဉ်)**

နိုင်ငံသားစိစစ်ရေးကတ်ပြား ကွင်းဆင်းဆောင်ရွက်

ရန်ကုန် ဧပြီ ၁၈

တောင်ဥက္ကလာပမြို့နယ်တွင် နိုင်ငံသားစိစစ်ရေးကတ်ပြားကို ကွင်းဆင်း၍ ဆောင်ရွက်ပေးခြင်းကို ၅ ရပ်ကွက်၊ ၄ ရပ်ကွက်နှင့် ၁၃ ရပ်ကွက်တို့တွင် ဧပြီ ၈ရက်က ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်စိန်၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှူး ဦးတိုးလင်းနှင့် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအတွင်းရေးမှူး ဦးမြနိုင်တို့ဦးဆောင်၍ ၄၊ ၅၊ ၁၃ ရပ်ကွက် ဥက္ကဋ္ဌများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်းဆောင်ရွက်မှုဖြင့် ပြည်သူများ အလုပ်အကိုင်မပျက် လွယ်ကူအဆင်ပြေစေရေးအတွက် ရုံးချိန်ပြင်ပ၊ ညဘက်များတွင် ရပ်ကွက်များအလိုက် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **(၁၉၂)**

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းဝင်များ၏ ၁၃၆၉ခုနှစ် နှစ်သစ်မင်္ဂလာ ဇီဝိတဒါနစုပေါင်း ငါးလွှတ်ပွဲကို မန္တလေး အောင်မြေသာစံမြို့နယ် ကျုံးမြောက်ဘက်ရှိ လေးသိန်းတံခါးထိပ်၌ ကျင်းပရာ တိုင်း၊ခရိုင်နှင့် မြို့နယ်များမှ တာဝန်ရှိသူများ၊ တိုင်းအသင်း တွဲဖက်အတွင်းရေးမှူးများနှင့် အလုပ်အမှုဆောင်များ၊ ခရိုင်၊ မြို့နယ်အသင်း အတွင်းရေးမှူး၊ အလုပ်အမှုဆောင်များ၊ အသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ တက်ရောက်၍ ငါးများကို ကျုံးအတွင်းသို့ ဇီဝိတဒါနလွှတ်ပေးပြီး တက်ရောက်လာကြသူများက ကျုံးအတွင်းသို့ ငါးကြင်း သားပေါက်

မီးဘေးရှောင်

မလောင်ခင်တား

ပုံနှိပ်ထုတ်ဝေလုပ်ငန်းရှင်အသင်း နှစ်စဉ်မဂ္ဂဇင်းထွက်မည်

ရန်ကုန် ဧပြီ ၁၈

မြန်မာနိုင်ငံပုံနှိပ်နှင့် ထုတ်ဝေသူ လုပ်ငန်းရှင်များအသင်း (MPPA) က နှစ်စဉ်ထုတ်ဝေလျက်ရှိသော သတင်းစာလွှာမဂ္ဂဇင်းကို ၂၀၀၇ခုနှစ်အတွက် အမှတ်(၇)အဖြစ် ထုတ်ဝေရန် စီစဉ်လျက်ရှိသည်။ ကဗျာ၊ ကာတွန်း၊ ဆောင်းပါး၊ ဝတ္ထုတို/ရှည်၊ ဘာသာပြန်စာမူများကို နှစ်စဉ်ပါဝင်ရေးသားနေသော စာရေးဆရာများအပြင် အခြားပညာရှင်များထံမှလည်း စာမူများကို ဖိတ်ခေါ်ထားပြီး စာမူများနှင့် ကြော်ငြာများကို အမှတ်၁၅၂ (မြေညီ) ၃၇လမ်း(လယ်) ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း–၂၅၂၆၃၈ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(က–ပ)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၉–၄–၂၀၀၇ (ကြာသပတေးနေ့)

၇:၀၀	MRTV-4 အဖွင့် Logo
၇:၀၅	ဣန္ဒြိယသံဝရတရားတော် [ကမ္ဘာ့ဗုဒ္ဓသာသနာပြု ဘဒ္ဒန္တ ဇနကာဘိဝံသ(ချမ်းမြေ့ဆရာတော်)]
၇:၄၅	အနုပညာရုပ်ဝန်းမှ ရင်ခုန်သံများ (ကက်ကင်း)
၈:၁၅	တေးဂီတအစီအစဉ်
၈:၂၀	အံ့ဖွယ်ထူးခြား ကလောမဟာမုနိ ဆုတောင်းပြည့် နီးဘုရား
၈:၃၀	ပြည်တွင်းသတင်းအကျဉ်း
၈:၄၀	ပြည်တွင်းအနုပညာရေးရာ
၉:၁၀	တေးဂီတအစီအစဉ်
၉:၂၀	လင်းလက်သောကြယ်ပွင့်လေးများ စုဝေးတည်ရှိခြင်း
၉:၄၀	နိုင်ငံတကာသတင်းအကျဉ်း
၉:၄၅	ယနေ့သိပ္ပံနှင့်နည်းပညာ
၁၀:၀၀	တေးဂီတအစီအစဉ်
၁၀:၀၅	အားမာန်ဝင့်ချီ အားကစားဟော်ကီ
၁၀:၂၅	မိုးလေဝသခန့်မှန်းချက်
၁၀:၃၀	(၇၉)ကြိမ်မြောက် အော်စကာဆုပေးပွဲအခမ်းအနား
၁၁:၃၀	တေးဂီတအစီအစဉ်
၁၁:၃၅	သတိတစ်ချက်၊ တစ်သက်အမှား (ကျော်မင်းနောင်၊ ကြည်လဲ့လဲ့ဦး၊ နန်းကလျာလှိုင်) (ဒါရိုက်တာ–စောစန္ဒာလှိုင်)
၁၁:၄၅	ပြည်တွင်းသတင်းအကျဉ်း
၁၁:၅၀	တေးဂီတအစီအစဉ်
၁၁:၅၅	သွားမယ်၊ စားမယ် (Shanti Indian Food)
၁၂:၁၅	နိုင်ငံတကာသတင်းအကျဉ်း
၁၂:၂၀	ပြည်သူတွေအားထား ဖျာပုံတံတား
၁၂:၄၅	တေးဂီတအစီအစဉ်
၁၂:၅၀	ရတနာရွှေသိုက်
၁:၀၀	MRTV-4 အပိတ် Logo

အထက်ပါ ခြောက်နာရီစာ အစီအစဉ်များကို နံနက် ၇နာရီမှ မွန်းလွဲ ၁နာရီအထိ တစ်ကြိမ်၊ မွန်းလွဲ ၁နာရီမှ ည ၇နာရီအထိ တစ်ကြိမ်၊ ည ၇နာရီမှ နံနက် ၁နာရီအထိ တစ်ကြိမ်၊ နံနက် ၁နာရီမှ နံနက် ၇နာရီအထိ တစ်ကြိမ် လေးကြိမ်ဆက်တိုက် ၂၄ နာရီ အချိန်ပြည့် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

မော်တော်ကားပြပွဲ

တရုတ်နိုင်ငံ ပေကျင်းမြို့တွင် ကျင်းပသည့် ပေကျင်းမော်တော်ကား ပြပွဲ၌ တရုတ်ပြည်တွင်းထုတ် ဒေါင်ဖန် မော်တော်ကားတစ်စီးအား ပြသထားသည်ကို ဧပြီ ၁၈ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

မလေးရှားဝန်ကြီးချုပ် ဆူဒန်သို့ အလည်အပတ်ရောက်ရှိ

ခါတွန် ဧပြီ ၁၈

မလေးရှားဝန်ကြီးချုပ် ဒါတွတ်ဆီရီ အဗ္ဗဒူလာအာမက်ဘာဒါဝီသည် သုံးရက်ကြာ အလည်အပတ် ခရီးစဉ်အဖြစ် ဆူဒန်နိုင်ငံသို့ ဧပြီ ၁၅ ရက်က ရောက်ရှိခဲ့သည်။

ဘာဒါဝီ၏ အလည်အပတ်ခရီးစဉ်အတွင်း ဆူဒန်သမ္မတ အိုမာအယ်ဘာရှားနှင့် တွေ့ဆုံကာ နှစ်နိုင်ငံ အပြန်အလှန်ဆက်ဆံရေးကိစ္စအပြင် အခြားကိစ္စရပ် အများအပြားကို ဆွေးနွေးခဲ့ကြသည်။

ဘာဒါဝီ၏ ယခုခရီးစဉ်သည် ၂၀၀၃ခုနှစ် အောက်တိုဘာလမှ စတင်ကာ သူ၏ပထမဆုံး ခရီးစဉ်ပင် ဖြစ်သည်။ မလေးရှား ဝန်ကြီးချုပ်အဖြစ် တာဝန်ထမ်းဆောင် ခဲ့သော မဟာသီယာမိုဟာမက်သည် ၁၉၉၈ ခုနှစ် မေလက ဆူဒန်နိုင်ငံသို့ သွားရောက်ခဲ့သည်။

ထို့အတူ ဆူဒန်သမ္မတအယ်ဘာရှားအနေဖြင့်လည်း ၁၉၉၁ခုနှစ်က မလေးရှားနိုင်ငံသို့ အလည်အပတ် ရောက်ရှိခဲ့သည်။

အမ်အင်န်အေ၊ဆင်ဟွာ

ဗာဂျီးနီးယားတက္ကသိုလ်၌ ပစ်ခတ်သူမှာ တောင်ကိုရီးယားကျောင်းသားဖြစ် မိမိတို့ သင်ခန်းစာယူရမည်ဟု ဩစတြေးလျဝန်ကြီးချုပ်ပြောကြား

ဝါရှင်တန် ဧပြီ ၁၈

အမေရိကန်နိုင်ငံ ဗာဂျီးနီးယားတက္ကသိုလ်တွင် ဧပြီ ၁၆ ရက်က စာသင်ခန်းတစ်ခုအတွင်း သေနတ်သမားတစ်ဦးက ဝင်ရောက်ပစ်ခတ်ခဲ့သဖြင့် လူ ၃၂ ဦး သေဆုံးခဲ့ရာ အဆိုပါသေနတ်ဖြင့် ပစ်ခတ်ခဲ့သူမှာ တောင်ကိုရီးယားနိုင်ငံသား ကျောင်းသားတစ်ဦးဖြစ်ကြောင်း အင်တာနက်သတင်းတစ်ရပ်၌ ဖော်ပြသည်။

အဆိုပါ တောင်ကိုရီးယားကျောင်းသားမှာ အသက် ၂၃ နှစ်အရွယ်ရှိ ချိုဆောင်ဟေးအမည်ရှိ လူငယ်တစ်ဦးဖြစ်သည်။ ၎င်းသည် ဗာဂျီးနီးယားတက္ကသိုလ်တွင် အင်္ဂလိပ်စာနောက်ဆုံးနှစ် ကျောင်းသားတစ်ဦးဖြစ်ပြီး တစ်ကိုယ်တည်း အဖော်မဲ့စွာ နေထိုင်တတ်သူတစ်ဦးဖြစ်ကြောင်း သိရသည်။

ချိုဆောင်ဟေးသည် ယခုကဲ့သို့ လူ ၃၂ ဦးကို ပစ်သတ်ခြင်း မပြုမီအစောပိုင်းရက်ကလည်း လူနှစ်ဦးအား ပစ်သတ်ခဲ့သည်ဟု ယုံကြည်ရကြောင်း၊ ယခုလူ ၃၂ ဦးကို ပစ်သတ်ခဲ့ပြီးနောက် မိမိကိုယ် မိမိသတ်သေသွားခဲ့ကြောင်း ရဲအဖွဲ့က ပြောကြားသည်။

သေနတ်ဖြင့် ပစ်သတ်မှုဖြစ်ပွားခဲ့ရခြင်းနှင့် ပတ်သက်၍ အမေရိကန်သမ္မတဘုရှ်က ဤအဖြစ်အပျက်သည် မိမိတို့နိုင်ငံအတွက် ဝမ်းနည်းစရာအကောင်းဆုံးနေ့ဖြစ်ကြောင်း ပြောကြားသည်။

ဩစတြေးလျ ဝန်ကြီးချုပ် ဂျွန်ဟောင်းဝပ်ကလည်း အမေရိကန်နိုင်ငံ၏ လက်နက်ကိုင်ဆောင်ခွင့် ယဉ်ကျေးမှုအပေါ် ဝေဖန်ပြောကြားလိုက်ပြီး ၎င်းဖြစ်ရပ်သည် မိမိတို့နိုင်ငံအတွက် သင်ခန်းစာဖြစ်ကြောင်း ပြောကြားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ယူကရိန်းနိုင်ငံ ကီယက်ဗ်မြို့တွင် ၂၀၀၇ ခုနှစ် ယူကရိန်း အလှမယ်အဖြစ် ရွေးချယ်ခြင်းခံရသူ လီကာရိမန် အား ဧပြီ ၁၆ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ကျူးဘားသမ္မတ ကျန်းမာရေးပြန်ကောင်း

ကာရာကာ့စ် ဧပြီ ၁၈

ကျူးဘားသမ္မတ ဖီဒယ်ကက်စထရိုသည် ခွဲစိတ်မှုခံယူပြီးနောက် တစ်နှစ်ကြာ အနားယူရာမှ လုံးဝပြန်ကောင်းလာပြီဖြစ်ကြောင်း၊ ၎င်း၏ အုပ်ချုပ်ရေးတာဝန်များကို ပြန်လည်ထမ်းဆောင်နိုင်လိမ့်မည်ဖြစ်ကြောင်း ဗင်နီဇွဲလားသမ္မတ ဟူဂိုချာဗက်ဇ်က ဧပြီ ၁၃ရက်က ပြောကြားလိုက်သည်။

အမ်အင်န်အေ၊ရိုက်တာ

အိန္ဒိယ၌ ရထားနှင့်ကားတိုက်၍ ၁၃ဦးသေဆုံး

နယူးဒေလီ ဧပြီ ၁၈

အိန္ဒိယနိုင်ငံ တောင်ပိုင်း တမီးလ်နာဒူး၌ ဧပြီ ၁၆ ရက်က အရှိန်ဖြင့် မောင်းနှင်နေသော ရထားတစ်စီးနှင့် ဗင်ကားတစ်စီးတို့ တိုက်မိခဲ့ရာ အနည်းဆုံး လူ ၁၃ ဦးပွဲချင်းပြီးသေဆုံးကာ ခြောက်ဦးဒဏ်ရာရရှိသွားကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

အဆိုပါယာဉ်တိုက်မှုသည် တမီးလ်နာဒူ မြို့တော် ချန်နိုင်း၌ လူ ၂၃ဦး စီးနင်းလိုက်ပါလာသော ကားသည် ရထားလမ်းကို ဖြတ်ကူးစဉ် တိုက်မှု ဖြစ်ပွားခဲ့ခြင်း ဖြစ်သည်။

အမ်အင်န်အေ၊ဆင်ဟွာ

အိပ်ချ်အိုင်ဗွီပိုးရှိသူများ ဩစတြေးလျသို့ ဝင်ခွင့်မပေး

ဆစ်ဒနီ ဧပြီ ၁၈

အိပ်ချ်အိုင်ဗွီပိုးရှိသူများ ဩစတြေးလျနိုင်ငံအတွင်းသို့ ပြောင်းရွှေ့နေထိုင်ခွင့်ပြုတော့မည်မဟုတ်ကြောင်း ဩစတြေးလျဝန်ကြီးချုပ်ဂျွန်ဟောင်းဝပ်က ပြောကြားလိုက်သည်။

အိပ်ချ်အိုင်ဗွီပိုးရှိသူများ ဩစတြေးလျနိုင်ငံအတွင်းသို့ ဝင်ရောက်နေထိုင်မှု ရပ်တန့်သွားစေရန် ဥပဒေတစ်ရပ်ထုတ်ပြန်၍ တားမြစ်သွားမည်ဖြစ်ကြောင်းလည်း ၎င်းက ပြောကြားလိုက်သည်။ **အမ်အင်န်အေ၊ရိုက်တာ**

ထိုင်းနှစ်သစ်ကူးပွဲတော်ရက်အတွင်း သေဆုံးသူ ၃၆၁ဦးရှိ ယာဉ်မတော်တဆမှု ၄၂၁၄ခု ဖြစ်ပွားခဲ့

ဗန်ကောက် ဧပြီ ၁၈

ထိုင်းနိုင်ငံ နှစ်သစ်ကူးရေသဘင်ပွဲတော်၏ ခြောက်ရက်မြောက်နေ့ဖြစ်သော ဧပြီ ၁၇ ရက်အထိ သေဆုံးသည့် လူအရေအတွက်မှာ ၃၆၁ ဦးကျော်ရှိကြောင်း၊ ရေသဘင်ပွဲတော်ရက်အတွင်း မော်တော်ယာဉ်မတော်တဆဖြစ်မှု ၄၂၁၄ မှု ဖြစ်ပွားခဲ့ကြောင်း ထိုင်းပြည်ထဲရေး ဝန်ကြီးဌာနက ဧပြီ ၁၈ ရက်၌ သတင်းထုတ်ပြန်သည်။

ထိုသို့ ယာဉ်မတော်တဆဖြစ်ပွားမှု၌ ဆိုင်ကယ်မတော်တဆမှုများ အများဆုံးဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး အရက်သောက်သုံးမောင်းနှင်မှုများကြောင့် ဖြစ်ကြောင်း၊ ပွဲတော်ရက်အတွင်း ဒဏ်ရာရရှိသူအရေအတွက်မှာ ၄၈၀၅ ဦး ဖြစ်ကြောင်း ထိုင်းသတင်းဌာန (တီအင်အေ)က သတင်းထုတ်ပြန်သည်။

အဆိုပါသေဆုံး၊ ထိခိုက်ဒဏ်ရရှိသော အရေအတွက်သည် ဧပြီ ၁၇ ရက် မွန်းတည့် အချိန်အထိရရှိမှု အရေအတွက်ဖြစ်ပြီး ပွဲတော်ရက်အတွင်း လူသေဆုံးမှုမှာ ယခင်နှစ်ကထက် ၁၄ ဦး လျော့နည်းခဲ့ကြောင်း သိရသည်။

(အင်တာနက်)

သတ္တုသန့်စင်စက်ရုံ

ဇမ်ဘီယာနိုင်ငံ ချင်ဂိုလာမြို့ရှိ သတ္တုသန့်စင်စက်ရုံ တည်ဆောက်ရေး လုပ်ငန်းခွင် တစ်နေရာကို ဧပြီ ၁၇ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဒီအင်န်အေကို စစ်ဆေးခြင်းဖြင့် အသည်းကင်ဆာ ဖြစ်ပွားမှုကို စောစီးစွာသိရှိနိုင်

လော့စ်အိန်ဂျလိစ် ဧပြီ ၁၈

သွေးဒီအင်န်အေကို စစ်ဆေးခြင်းဖြင့် အသည်းကင်ဆာဖြစ်ပွားမည့် အခြေအနေကို စောစီးစွာသိနိုင်ကြောင်း ဧပြီ ၁၅ ရက်ထုတ် ကင်ဆာသုတေသနမှ ထုတ်ပြန်သော ကြေညာချက်၌ ဖော်ပြသည်။

ကိုလံဘီယာတက္ကသိုလ်မှ သုတေသနပညာရှင်များသည် သွေးရည်ကြည်နမူနာများကို ဒီအင်န်အေစစ်ဆေးခြင်းဖြင့် အသည်းကင်ဆာဖြစ်ပွားမည့် အနေအထားကို စောစီးစွာသိရှိနိုင်ကြောင်း တွေ့ရှိထားချက်ကို ယင်းလေ့လာတွေ့ရှိချက်၌ ဖော်ပြထားသည်။

ဆန်းစစ်လေ့လာ

ယင်းသုတေသန ပညာရှင်များသည် ၁၉၉၁-၁၉၉၂ ခုနှစ်ကာလအတွင်း အမျိုးသား ၁၂၀၀၀ နှင့် အမျိုးသမီး ၁၁၉၀၀တို့၏ သွေးရည်ကြည်နမူနာများကို ဆန်းစစ်လေ့လာခဲ့သည်ဟု ဆိုသည်။

ယင်းလူနာများအား ဒီအင်န်အေ စစ်ဆေးကြည့်ရာတွင် သွေးရည်ကြည်ထဲတွင် ကင်ဆာဖြစ်ပွားနိုင်သော ပြောင်းလဲမှုဖြစ်စဉ်များကို လေ့လာ တွေ့ရှိခဲ့သည်ဟု ဆိုထားသည်။

ထိုသို့ စစ်ဆေးစဉ်အတွင်း ရောဂါလက္ခဏာဖြစ်နိုင်ခြေကို တွေ့ရှိပါက တစ်နှစ်မှ ကိုးနှစ်အတွင်း ကင်ဆာဖြစ်ပွားနိုင်ကြောင်း ၎င်းတို့က ပြောကြားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

19-4 (10) 1 4/19/07, 2:19 PM

ကချင်ပြည်နယ်၌ စုပေါင်းသီလရှင်ဝတ်ပွဲကျင်းပ တိုင်းမှူးဗိုလ်ချုပ်အုန်းမြင့် တက်ရောက်ကြည့်ရှု

နေပြည်တော် ဧပြီ ၁၈

ကချင်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့နှင့် ပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့တို့က ကြီးမှူးကျင်းပသည့် စုပေါင်းသီလရှင်ဝတ်ပွဲအခမ်းအနားကို ဧပြီ ၁၂ရက် ညနေ ၃ နာရီက မြစ်ကြီးနားမြို့ သမိဒ္ဓေါဒယ သီလရှင်စာသင်တိုက်တွင် ကျင်းပသည်။ အခမ်းအနားသို့ နိုင်ငံတော်သြဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတအဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ အဘိဓဇမဟာရဋ္ဌဂုရု ဝန်းသိုကျောင်းတိုက် ဆရာတော်ဘဒ္ဒန္တ သီလဝံသအမှူးပြုသည့် ပင့်သံဃာတော် ၁၀ပါးနှင့် သမိဒ္ဓေါဒယ သီလရှင်စာသင်တိုက်ကြီး၏ ပဓာနနာယကဆရာကြီး ဒေါ်ဉာဏဇောသီအမှူးပြုသည့် သီလရှင် ဆရာကြီး ဆရာလေးအပါး ၉၀၊ သီလရှင်လောင်း ၁၇၅ပါးကြွရောက်တော်မူပြီး ကချင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်အုန်းမြင့်၊ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့နာယက၊ ပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ တိုင်းမှူး၏ဇနီး ဒေါ်နုနုဆွေ၊ ဒုတိယတိုင်းမှူး၊ တပ်မတော်အရာရှိကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ ခရိုင်၊ မြို့နယ်ဥက္ကဋ္ဌများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဓမ္မစကြာနှင့် ယောဂီဝတ်အသင်းများ၊ စေတနာရှင် အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ကိုးပါးသီလခံယူ

ရှေးဦးစွာ တိုင်းမှူးနှင့်ပရိသတ်များက အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့ဖွင့်လှစ်ပြီး ဆရာတော်ဘဒ္ဒန္တ သီလဝံသထံမှ ကိုးပါးသီလခံယူဆောက်တည်ကြသည်။

ဆက်ကပ်လှူဒါန်း

ဆက်လက်၍ ဆရာတော် သံဃာတော်များက မေတ္တာသုတ် ပရိတ်တရားတော်များရွတ်ပွားချီးမြှင့်တော်မူကြပြီး တိုင်းမှူးနှင့်ဇနီး၊ တာဝန်ရှိသူများက ဆရာတော်အရှင်သူမြတ်များထံ သင်္ကန်း အစရှိသည့် လှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ပညာဓိကကျောင်း ဆောင်သစ်ဆောက်လုပ်ရေးအတွက် အလှူငွေပေးအပ်ပွဲကိုကျင်းပရာ တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်နှင့် ဇနီး ဒေါ်နုနုဆွေ မိသားစုက ငွေကျပ်၁၀ သိန်း၊ ဒုတိယ တိုင်းမှူး ဗိုလ်မှူးချုပ်စံထွန်းနှင့် ဇနီး မိသားစုက ငွေကျပ် ငါးသိန်း၊ ဦးဝိတ်စိန်-ဒေါ်စက်ညွန့် မိသားစုက ငွေကျပ် သိန်း၂၀၊ ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့က ငွေကျပ် ငါးသိန်း၊ ဦးအောင်မင်း-ဒေါ်ခင်မြင့်ကြည် မိသားစုက ငွေကျပ် ၁၀ သိန်း၊ ဦးဝင်းနိုင်-ဒေါ်ဥမ္မာကြည် မိသားစုက ငွေကျပ်၁၀ သိန်း၊ ဦးတင်ရွှေ-ဒေါ်ကြူကြူဝင်းမိသားစု(အိုအေစစ်)က ငွေကျပ် ၁၀သိန်း၊ ဒေါ်ခမ်းရင် မိသားစု (ကချင်လုံချည်)ကငွေကျပ်၁၀သိန်းနှင့် အလှူရှင် အသီးသီးတို့က အလှူငွေများ ပေးအပ်လှူဒါန်းကြရာ စုစုပေါင်း အလှူငွေကျပ် ၈၆ သိန်း၅သောင်းကို မြို့နယ် သာသနာရေးရာအဖွဲ့ ဥက္ကဋ္ဌ ဦးညွန့်ရွှေက လက်ခံ၍ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။ **(သတင်းစဉ်)**

ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်နှင့် ဇနီးတို့ မြစ်ကြီးနားမြို့ ပညာဓိကကျောင်းဆောင်သစ် ဆောက်လုပ်ရေးအတွက် အလှူငွေများ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ဝိဘင်္ဂပါဠိတော်ကျမ်းအတွက် ကြေးပြားများလှူဒါန်း

ရန်ကုန် ဧပြီ ၁၈

အဘိဓမ္မာ ပိဋကဝင်- ၂ ကျမ်းမြောက် **"ဝိဘင်္ဂပါဠိတော်ကျမ်း"** အတွက် ဦးဆောင်ဆရာတော် ဘဒ္ဒန္တဉာဏ (အစိုးရ ဓမ္မာစရိယ၊ မဟာဂန္ထဝါစက ပဏ္ဍိတ)အရှင်မြတ်ထံသို့ သြစတြေးလျနိုင်ငံ မဲလ်ဘုန်းမြို့မှ ဒေါက်တာထင်ကျော်-မေရီယန်ကျော် မိသားစုအလှူ၊ သြစတြေးလျနိုင်ငံမဲလ်ဘုန်းမြို့မှဒေါ်မိမိသွင်အလှူ၊ သြစတြေးလျနိုင်ငံမဲလ်ဘုန်းမြို့မှ ဆင်မြူရယ်သွင်၊ ညီမရိုစီတာသွင် မွေးနေ့အလှူ၊သြစတြေးလျနိုင်ငံမဲလ်ဘုန်းမြို့မှ ဒေါ်သီသီဝင်းအလှူ၊ဗိုလ်တထောင်မြို့နယ် ၄၈ လမ်း အမှတ် ၁၀၆နေ ဒေါ်အုန်းရှင် ကောင်းမှု၊ ဗိုလ်တထောင်မြို့နယ် ၄၈ လမ်း အမှတ် ၁၀၆နေ ဒေါ်စောမြ ကောင်းမှု၊ ပုဇွန်တောင်မြို့နယ် ဦးရွှေဂွန်းလမ်း ၄လွှာ၊ အမှတ် ၃၂နေ ဒေါ်ခင်ဝင်းယုမှ မိဘနှစ်ပါး အားရည်စူးအလှူ၊ ဗိုလ်တထောင်မြို့နယ် လမ်း ၅၀ အမှတ် ၃၇/၄၁ အခန်း (၅/စီ)နေ မောင်ဇာနည်ထက်ဦး (၁၂နှစ်ပြည့် မွေးနေ့အလှူ)၊ ရန်ကင်းမြို့နယ် ပါရမီရိပ်သာ မဥ္ဇူလမ်းသွယ်(၂) အမှတ်၂၇နေ မိဘများအား အမှူးထား၍ ဒေါ်ခင်စပယ်ထွဋ်(သရုပ်ပြ-သတ္တဗေဒ ဌာန၊ဒဂုံတက္ကသိုလ်)ကောင်းမှု၊ အင်းစိန်မြို့နယ် အရှေ့ကြို့ကုန်း ၇လမ်း အမှတ် ၅၉၂နေ ဒေါ်စိန်စိန်ညွန့်၊ သား ကိုသဲအောင်-မနွယ်နီအောင် သမီး မမြဝတ်ရည် မိသားစုအလှူ၊ ရန်ကင်းမြို့နယ် ကျောက်ကုန်း အောင်ဇေယျလမ်း အမှတ်၂၄နေ မယဉ်ယဉ်နွယ်၊ မမိမိမိုး၊ မဥမ္မာ၊ မသီတာ သူငယ်ချင်းများ ကောင်းမှု၊ လှိုင်မြို့နယ် (၇)ရပ်ကွက် မယ်ဇီကုန်းလမ်း အမှတ်၁၈နေ မောင်ဉာဏ်လင်းကျော် မွေးနေ့အလှူ၊ လမ်းမတော်မြို့နယ် ရွှေတောင်တန်းလမ်း အမှတ် ၇၂နေ ဦးမြင့်အောင်- ဒေါ်အေးအေးမူ သမီး မအေးနန္ဒာအောင် မိသားစုအလှူ၊ ကျောက်တံတားမြို့နယ် အမှတ် (၅) ရပ်ကွက် ၃၇လမ်း အမှတ် ၂၀၈နေ ကွယ်လွန်သူ မိဘနှစ်ပါး ဦးတင်လှ-ဒေါ်ခင်နွဲ့နှင့် အဒေါ် ဒေါ်နုရီအား ရည်စူး၍ သမီးဒေါ်ခင်ဆွေနိုင်မိသားစုတို့က ကြေးပြားတစ်ချပ်စီ အသီးသီး လာရောက်လှူဒါန်းကြသည်။

ဆက်သွယ်လှူဒါန်းနိုင်

အလှူရှင်များ လှူဒါန်းလိုပါက ကြေးပြားတစ်ချပ်လျှင် အလှူငွေ ကျပ် ၂၅၀၀၀ဖြင့် ဦးဆောင် ဆရာတော် ဘဒ္ဒန္တဉာဏ မင်္ဂလာတိုက်ကျောင်း၊ ကျောင်းတော်ရာ ရွှေကျင်တိုက် ကိုယ့်မင်းကိုယ့်ချင်းလမ်း ဗဟန်းမြို့နယ် (ရေခဲဆိုင် မှတ်တိုင်အနီး၊ ရွှေကောင်းဟော့ပေါ့နှင့် မျက်နှာချင်းဆိုင်) ဖုန်း- ၅၄၈၈၀၅ သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်းသိရသည်။ **(က-ပ)**

မြန်မာ့နှစ်သစ်ကူး မဟာသင်္ကြန်ပွဲတော် စနစ်တကျ ကြပ်မတ်ထိန်းသိမ်းခဲ့ လာမည့်နှစ်များတွင်လည်း သက်ဆိုင်ရာ၏ သတိပေးနှိုးဆော်တိုက်တွန်းချက်များအတိုင်း

အလေးထား လိုက်နာ ပါဝင်ဆင်နွှဲ

ရန်ကုန် ဧပြီ ၁၈

မြန်မာ့နှစ်သစ်ကူးမဟာသင်္ကြန်ပွဲတော်ကို ဧပြီ ၁၃ ရက်မှ ၁၆ ရက်အထိ အမျိုးသားရေးစရိုက်လက္ခဏာများဖြင့် ယဉ်ကျေးမှုအစဉ်အလာမပျက် နိုင်ငံတစ်ဝန်းလုံး၌ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။

စည်းကမ်းတကျ

သင်္ကြန်ကာလအတွင်း မလိုလားအပ်သောအန္တရာယ်များ မဖြစ်ပေါ်စေရေးအတွက် ရုပ်မြင်သံကြားနှင့်သတင်းစာများမှတစ်ဆင့် သက်ဆိုင်ရာက ကြိုတင်သတိပေးနှိုးဆော်ချက်များကို သင်္ကြန်ရက်မတိုင်မီကပင်ထုတ်ပြန်၍ ထိန်းသိမ်းကြပ်မတ်ဆောင်ရွက်ခဲ့ပြီး သင်္ကြန်ပွဲတော်ကာလအတွင်း သက်ဆိုင်ရာဒေသအာဏာပိုင်အသီးသီးတို့က စည်းကမ်းစနစ်တကျရှိစေရေး စည်းရုံးကြပ်မတ်ကွပ်ကဲ ဆောင်ရွက်ခဲ့ကြသည်။

နိုင်ငံတစ်ဝန်းလုံးရှိ တိုင်းရင်းသားပြည်သူများက မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ကိုစည်းကမ်းတကျ ပျော်ရွှင်စွာဆင်နွှဲခဲ့ကြသော်လည်း အပျော်အပါးလွန်ကဲပြီး စည်းကမ်းလိုက်နာမှုအားနည်းသူအချို့ကြောင့် မဟာသင်္ကြန်ကာလအတွင်း လူခြောက်ဦးသေဆုံးပြီး ၇၁ ဦး ဒဏ်ရာရရှိခဲ့ကြောင်း၊ သေဆုံးထိခိုက်ဒဏ်ရာရရှိသူများမှာ ခိုက်ရန်ဖြစ်ပွားမှုကြောင့် သေဆုံးသူနှစ်ဦး၊ ဒဏ်ရာရရှိသူ ၄၂ ဦး၊ ယာဉ်မတော်တဆမှုကြောင့် သေဆုံးသူတစ်ဦး၊ ဒဏ်ရာရရှိသူ ၂၉ ဦးနှင့် ရေနစ်သေဆုံးသူသုံးဦးတို့ဖြစ်ကြောင်း သိရသည်။

အလေးထားလိုက်နာ

အဆိုပါဖြစ်စဉ်များအပေါ် သင်ခန်းစာယူ၍ နောင်လာမည့်မဟာသင်္ကြန်ကာလများတွင် အလားတူဖြစ်စဉ်များ၊ ကြေကွဲဖွယ်ရာများ မဖြစ်ပွားစေရန် တိုင်းရင်းသားပြည်သူများအနေဖြင့် သက်ဆိုင်ရာက ထုတ်ပြန်ထားသော လိုက်နာရန် စည်းကမ်းများ၊ သတိပေးနှိုးဆော်ချက်များ၊ ရှောင်ကြဉ်ထိန်းသိမ်းရန်အချက်များကို အထူးအလေးထားလိုက်နာသွားကြရန်ဖြစ်သည်။ **(သတင်းစဉ်)**

သီတဂူဓမ္မသဘင် ကျင်းပမည်

ရန်ကုန် ဧပြီ ၁၈

ပုဂံ ညောင်ဦးခရိုင် ငါ့သရောက်မြို့ ဗိုလ်ချိုခန်းမတွင် အပ္ပမာဒ နာရေးကူညီမှုအသင်းက ကြီးမှူးကျင်းပသော ဓမ္မသဘင်၌ ဧပြီ ၂၁ ရက်နှင့် ၂၂ရက်တို့တွင် သီတဂူအရှင်တေဇိန္ဒ (ဓမ္မာစရိယ ဘီ-အေ)အရှင်မြတ်က လည်းကောင်း၊ ၂၃ရက်နှင့် ၂၄ရက်တို့တွင် သီတဂူအရှင်ကုမုဒါလင်္ကာ (ဓမ္မာစရိယ)ကလည်းကောင်း တရားအလှူပေးလှူမည်ဖြစ်ရာ စေတနာရှင်များ ပါဝင်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

မိုးကုတ်ဝိပဿနာ တရားစခန်း

ရန်ကုန် ဧပြီ ၁၈

ပဲခူးတိုင်း ဒိုက်ဦးမြို့နယ် သုံးခွကျေးရွာ ကန်သာကျောင်းတိုက် မိုးကုတ်ဝိပဿနာအဖွဲ့ခွဲ ၃၅၇၏ ဦးစီးပဓာန နာယကဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကေလာသက (၁၀)နှစ်မြောက် အဓိဋ္ဌာန် ဒုလ္လဘအပါး ၁၀၀ ရဟန်းခံပွဲနှင့် ၁၀ရက်တရားစခန်း အားထုတ်ပူဇော်ပွဲကို (၁၃၆၈ခုနှစ် ကဆုန်လဆန်း ၈ရက်) ဧပြီ ၂၃ရက် (တနင်္လာနေ့)တွင် ကျင်းပမည်ဟုသိရသည်။ **(မြန်မာ့အလင်း)**

မြန်မာ့အလင်း အင်တာနက် ဟောင်ပိတ်သတင်း

ဘဂ္ဂဒက်မြို့၌ ဗုံးလေးလုံး နာရီခြား၍ ပေါက်ကွဲ ၁၅၇ ဦးသေဆုံး၊ အများအပြား ဒဏ်ရာရရှိ

ဘဂ္ဂဒက် ဧပြီ ၁၈

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့၌ ဧပြီ ၁၈ရက်က ဗုံးလေးလုံးပေါက်ကွဲခဲ့ရာ အနည်းဆုံး လူ ၁၅၇ဦး သေဆုံးသွားကြောင်း အင်တာနက်တစ်ရပ်၌ ဖော်ပြသည်။

ဖြစ်ပွားခဲ့

အဆိုပါဗုံးပေါက်ကွဲမှုများမှာ ဘဂ္ဂဒက်မြို့လယ်ရှိ ဆာဒရီရပ်ဈေး၌လည်းကောင်း၊ ဆာဒါစီးတီးအရပ်၌လည်းကောင်း၊ ကာရာဒက်ချ်အရပ်၌လည်းကောင်း၊ ဘဂ္ဂဒက်မြို့ အနောက်မြောက်ပိုင်း၌လည်းကောင်းဖြစ်ပွားခဲ့ခြင်း ဖြစ်သည်။

၁၁၂ ဦး

ဆာဒရီရပ်ဈေး၌ ပေါက်ကွဲသောဗုံးမှာ ကားဗုံးခွဲတိုက်ခိုက်မှုဖြစ်ပြီး အနည်းဆုံး လူ၁၁၂ဦးသေဆုံးပြီး ၁၁၅ဦး ဒဏ်ရာရရှိသွားကြောင်း အယ်ကင်ဒီဆေးရုံမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ယင်းဗုံးမကွဲမီ တစ်နာရီစော၍ ဆာဒါစီးတီးအရပ်၌ အီရတ်ရဲ စစ်ဆေးရေးဂိတ်တွင် အသေခံကားဗုံးခွဲတိုက်ခိုက်ရာ အနည်းဆုံး လူ ၃၀ သေဆုံးခဲ့သည်။

ယင်းဗုံးထက်အချိန်စော၍ ကာရာဒက်ချ်ဆေးရုံအနီး၌လည်း ကားဗုံးခွဲတိုက်ခိုက်ရာ ၁၁ဦးသေဆုံးပြီး ၁၃ဦး ဒဏ်ရာရရှိသွားကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

စတုတ္ထမြောက်ဗုံးမှာ ဘဂ္ဂဒက်မြို့ အနောက်မြောက်ပိုင်း၌ မီနီဘတ်စ်ပေါ်တွင် ပေါက်ကွဲခဲ့ရာ လေးဦးသေဆုံးပြီး ခြောက်ဦးဒဏ်ရာရရှိသွားကြောင်း သိရသည်။ (အင်တာနက်)

အပူချိန်

၁၈-၄-၂၀၀၇

နေပြည်တော်	၄၃	ဒီဂရီစင်တီဂရိတ်
ထားဝယ်	၃၅	ဒီဂရီစင်တီဂရိတ်
ရန်ကုန် (ကမ္ဘာအေး)	၃၈	ဒီဂရီစင်တီဂရိတ်
ဖန်းဇော်၊ ပုသိမ်	၃၈	ဒီဂရီစင်တီဂရိတ်
ကသာ	၃၉	ဒီဂရီစင်တီဂရိတ်
မန္တလေး	၄၀	ဒီဂရီစင်တီဂရိတ်
သာယာဝတီ	၄၁	ဒီဂရီစင်တီဂရိတ်
မင်းဘူး	၄၂	ဒီဂရီစင်တီဂရိတ်

ကျေးရွာချင်းဆက်လမ်းနှင့် သစ်သားတံတားဆောက်လုပ်မှု တိုင်းမှူးပိုလ်မှူးချုပ်သက်နိုင်ဝင်း ကြည့်ရှုစစ်ဆေး

နေပြည်တော် ဧပြီ ၁၈

မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်မှူးချုပ်သက်နိုင်ဝင်းသည် ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါလျက် ဧပြီ ၈ရက် မွန်းလွဲ ၁နာရီက ကျိုက်မရောမြို့နယ် ကော့ဘီးကျေးရွာသို့ သွားရောက်၍ ကျိုက်ပရံကျေးရွာနှင့် ကော့ဘီးကျေးရွာ ကျေးရွာချင်းဆက်လမ်းနှင့် ကော့ဘီးကျေးရွာ၌ အရှည်ပေ ၄၀၊ အကျယ် ၁၄ပေ သစ်သားတံတား ဆောက်လုပ်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

မှာကြား

ထို့နောက် မြို့နယ်ဥက္ကဋ္ဌက ကျေးရွာချင်းဆက်တံတားနှင့် အရှည်သုံးမိုင်ခြောက်ဖာလုံ မြေသားလမ်းဖောက်လုပ်ထားရှိမှုများကို ရှင်းလင်းတင်ပြရာ တိုင်းမှူးက လမ်းဝဲယာ ရေနုတ်မြောင်းတူးဖော်ထားရှိမှုနှင့် စိုက်ပျိုးမြေများ တိုးချဲ့ပြီး နွေစပါးနှင့် အခြားသီးနှံများ စိုက်ပျိုးသွားနိုင်ရေးတို့ကို မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ တိုင်းမှူးသည် မော်တော်ယာဉ်ဖြင့် ကျိုက်ပရံ-ကော့ဘီး-ခရုံဂူလမ်း မြေသားလမ်း ဖောက်လုပ်ထားရှိမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဖြည့်ဆည်းဆောင်ရွက်

ထိုမှတစ်ဆင့် တိုင်းမှူးသည်ကျိုက်မရောမြို့နယ် ဘုရားကုန်းကျေးရွာ အခြေခံပညာ မူလတန်းကျောင်းသို့ ရောက်ရှိပြီး အရှည်ပေ ၁၂၀၊ အကျယ်ပေ ၃၀ နှစ်ထပ်ကျောင်းဆောင်သစ် ဆောက်လုပ်ပြီးစီးနေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြား ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲ ဖွင့်ပွဲအခမ်းအနားကို ဧပြီ ၄ရက်က အမှတ်(၄၇)ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ပညာဥယျာဉ်စာကြည့်တိုက်ရှေ့တွင် ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးဒေါ်လှလှဌေးနှင့် ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးထိုက်အောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ် ပြန်/ဆက်)

ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များသို့ အလှူငွေနှင့် စာအုပ်များပေးအပ်လှူဒါန်း

ရန်ကုန် ဧပြီ ၁၈

သရက်ခရိုင် မင်းလှမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနကကြီးမှူး၍ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် စေတနာရှင်များက ရပ်ကွက်၊ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် အလှူငွေ၊ စာအုပ်များ လှူဒါန်းပွဲနှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ပွဲ အခမ်းအနားကို မတ် ၈ရက် နံနက် ၉နာရီက မင်းလှမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမတွင် ကျင်းပသည်။

ဂုဏ်ပြုမှတ်တမ်းလွှာ

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြဟန်က အမှာစကားပြောကြားပြီး မြို့နယ်ဥပဒေအရာရှိ ဦးဖိုးတုနှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးအောင်စိုးမိုးတို့က အလှူငွေနှင့်စာအုပ်များကိုလက်ခံ၍ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

အဆိုပါ လှူဒါန်းငွေနှင့် စာအုပ်မျိုးစုံ အုပ် ၁၂၀၀ ကို မြို့နယ်ဦးစီးမှူး ဒေါ်မြင့်မြင့်ဆွေက ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ကော်မတီများသို့ လွှဲပြောင်းပေးအပ်ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ပြင်ဦးလွင် သကြ်န်ရွှေဖလားနှင့် KM Golf Open Championship ပြိုင်ပွဲပြီးစီး

နေပြည်တော် ဧပြီ ၁၈

မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ်နှင့် ပြင်ဦးလွင် ဂေါက်သီးရိုက်အသင်းတို့က ကြီးမှူးကျင်းပသော (၄၉)ကြိမ်မြောက် ပြင်ဦးလွင်သကြ်န်ရွှေဖလားနှင့် KM Golf Open Championship ပြိုင်ပွဲကို ဧပြီ ၁၅ ရက်နံနက် ၆နာရီခွဲက ပြင်ဦးလွင်မြို့ ပြင်ဦးလွင်ဂေါက်ကွင်း၌ ဆက်လက်ကျင်းပပြီး ညနေပိုင်းတွင် ပြိုင်ပွဲကျင်းပပြီးစီးသည်။

Professional အဆင့်ပြိုင်ပွဲတွင် စိုးကျော်နိုင် (Srixon)က ပထမ၊ သိန်းဇော်မြင့်(KM) က ဒုတိယ၊ နိုင်နိုင်လင်း (KM)နှင့် ကျော်စွာလင်း (Srixon) တို့က ပူးတွဲတတိယရရှိသည်။

Amateur အဆင့်ပြိုင်ပွဲတွင် အောင်ဝင်းက ပထမ၊ ခင်မောင်တိုးက ဒုတိယ၊ သန်းနိုင်ဦးက တတိယရရှိသည်။

အသင်းလိုက်ပထမ

ရွှေအဆင့်အသင်းလိုက်ပြိုင်ပွဲ တွင် သစ်တောရေးရာ အသင်းက ပထမရရှိပြီးပြင်ဦးလွင်(A)အသင်းက ဒုတိယ ရရှိသည်။

သက်ကြီးတန်းပြိုင်ပွဲတွင် ကျော်ခင်က ပထမ၊ မောင်စိုးက ဒုတိယ၊ ဌေးအောင်က တတိယ၊ အမျိုးသမီး ပြိုင်ပွဲတွင် မအေးကျော်က ပထမ၊ မေဦးခိုင်က ဒုတိယနှင့် နန်းမေဝင်းက တတိယ ရရှိသည်။

ဆုချီးမြှင့်

ပြင်ဦးလွင် ဖလားပြိုင်ပွဲတွင် အောင်အောင်က ပထမ၊ ကျော်သက်ပိုင်က ဒုတိယ ရရှိသည်။ ဆုပေးပွဲကို ညနေပိုင်းတွင် ပြင်ဦးလွင်ဂေါက်ကွင်း မြက်ခင်းပြင်၌ ကျင်းပရာ ပြင်ဦးလွင် တပ်နယ်မှ တပ်မတော်အရာရှိကြီးများနှင့် တာဝန်ရှိသူများက ဆုများ ချီးမြှင့်ကြသည်။

(သတင်းစဉ်)

မော်လမြိုင်မြို့နယ်၌ အားကစားသင်တန်းများဆင်း

ရန်ကုန် ဧပြီ ၁၈

မွန်ပြည်နယ်မော်လမြိုင်မြို့နယ် အားကစားနှင့် ကာယပညာ ကော်မတီက ကြီးမှူးဖွင့်လှစ်သော မော်လမြိုင်မြို့နယ်နွေရာသီ အားကစားခြောက်မျိုး သင်တန်းများဆင်းပွဲကို ဧပြီ ၁၀ရက် နံနက် ၉နာရီက မွန်ပြည်နယ် မော်လမြိုင်မြို့ ပြည်နယ်အားကစားခန်းမ၌ကျင်းပရာ မော်လမြိုင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသိန်းဝင်း၊ မွန်ပြည်နယ် အားကစားနှင့်ကာယပညာ ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးလှဝင်း၊ မော်လမြိုင်ခရိုင်(အား/ကာ) လက်ထောက်ညွှန်ကြားရေးမှူး ဦးအေးထွင်၊ မော်လမြိုင်မြို့နယ်(အား/ကာ) ဦးစီးအရာရှိ ဦးနိုင်လင်းအောင်၊ သင်တန်း နည်းပြဆရာများနှင့် သင်တန်းသား သင်တန်းသူ ၂၁၀တို့ တက်ရောက်ကြသည်။

သင်တန်းဆင်းလက်မှတ်ပေး

သင်တန်းဆင်းပွဲတွင် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသိန်းဝင်းက အမှာစကားပြောကြားပြီး မြို့နယ်ဥက္ကဋ္ဌ နှင့် ပြည်နယ်(အား/ကာ) ဒုတိယညွှန်ကြားရေးမှူး ဦးလှဝင်းတို့က ဂုဏ်ပြုဆုနှင့် သင်တန်းဆင်းလက်မှတ်များကို ပေးအပ်ချီးမြှင့်ကြသည်။**(အောက်ပုံ)**

တစ်လကြာသင်တန်းပို့ချ

အဆိုပါ သင်တန်းကို မတ် ၁၅ ရက်မှ ဧပြီ ၁၀ရက်အထိ တစ်လကြာ သင်ကြားပို့ချပေးခဲ့သည်။ **(သတင်းစဉ်)**

လှူဒါန်း

ညောင်ဦးမြို့နယ် စဉ့်ကူမြို့ကုန်းရပ် အများပြည်သူသောက်သုံးရန် ဗုဒ္ဓပူဇနိယ ဆီမီး ၉၉၀၀၀အဖွဲ့(အင်းစိန်) က ကြီးမှူးတူးဖော်မည့် စက်ရေတွင်းအတွက် မရမ်းကုန်းမြို့နယ်နေ သီရိသုမေ္မမဏိဇောတရေ ဦးမြင့်စိုး-ဒေါ်မြမြစိုး၊ သမီး မရတနာစိုး မိသားစုက စက်ရေတွင်း၊ လက်နှိပ်ပန့်၊ ၃ပေ × ၃ပေ အုတ်ရေကန်အတွက် အလှူငွေကျပ် နှစ်သိန်းငါးသောင်းကို ဧပြီ ၃ရက်က ဆီမီး ၉၉၀၀၀အဖွဲ့သို့ လာရောက်လှူဒါန်းရာ အဖွဲ့နာယက ဦးစိုးဝင်း (စဉ့်ကူစိုးဝင်း)နှင့် တာဝန်ရှိသူများကလက်ခံယူစဉ်။ (ဝ၄၆)

မီးလောင်မှုများ ဖြစ်ပွား

ရန်ကုန် ဧပြီ ၁၈

မန္တလေးမြို့ ချမ်းအေးသာစံ မြို့နယ် ကဋ္ဌနမဟီရပ်ကွက် (၃၄ × ၃၅)လမ်းထောင့်၌ ဧပြီ ၁၂ ရက် ည ၁၁နာရီခွဲကျော်ခန့်က မီးလောင်မှုဖြစ်ပွားရာ အိမ်လေးလုံး မီးလောင်ဆုံးရှုံးခဲ့ပြီး လူ ၃၁ဦး အိုးမဲ့အိမ်မဲ့ ဖြစ်ခဲ့သည်။

မကွေးတိုင်း မကွေးမြို့ ဆုံရပ်ကွက် ၁၂ လမ်းနှင့် ၁၃ လမ်းကြား ကမ်းနားလမ်းထောင့်၌ ဧပြီ ၁၅ရက် နံနက် စောစောက မီးလောင်မှုဖြစ်ပွားရာ အိမ်ငါးလုံးမီးလောင်ဆုံးရှုံးခဲ့ပြီးလူ၂၂ ဦး အိုးမဲ့ အိမ်မဲ့ဖြစ်ခဲ့သည်။

ရန်ကုန်မြို့ ကမာရွတ်မြို့နယ် (၃)ရပ်ကွက် လှည်းတန်း ၆လမ်း၌ ဧပြီ ၁၅ ရက် နံနက် ၇ နာရီခန့်က မီးလောင်မှုဖြစ်ပွားရာ အိမ်သုံးလုံး မီးလောင်ဆုံးရှုံးခဲ့ပြီး လူ ၂၃ ဦး အိုးမဲ့အိမ်မဲ့ ဖြစ်ခဲ့သည်။

အင်းစိန်မြို့နယ်

ရန်ကုန်မြို့ အင်းစိန် မြို့နယ် ဖော့ကန်ရပ်ကွက် အောက်မင်္ဂလာဒုံလမ်း၌ ဧပြီ ၁၅ ရက် ညနေ ၅နာရီခွဲက မီးလောင်မှု ဖြစ်ပွားခဲ့ရာ အိမ်နှစ်လုံး မီးလောင်ဆုံးရှုံးခဲ့ကြောင်း သတင်းရရှိသည်။

မင်းတုန်းမြို့နယ်

မကွေးတိုင်း သရက်ခရိုင် မင်းတုန်းမြို့နယ် အောက်သရက်ချဉ်ကျေးရွာ၌ ဧပြီ ၈ရက်က တောမီးမှတစ်ဆင့် မီးလောင်မှုဖြစ်ပွားရာ နေအိမ် ၁၅ လုံး မီးလောင်ဆုံးရှုံးပြီး လူ ၅၄ ဦး အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့သည်။

ဝမ်းတွင်းမြို့

မန္တလေးတိုင်း ဝမ်းတွင်းမြို့သဲတော (၁)အောင်မင်္ဂလာရပ်ကွက်၌ဧပြီ၆ရက်က မီးလောင်မှုဖြစ်ပွားရာ တဲရှစ်လုံး၊ တန်းလျားသုံးလုံးမီးလောင်ဆုံးရှုံးခဲ့ပြီး အိမ်ထောင်စုကိုးစု အိုးမဲ့အိမ်မဲ့ ဖြစ်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သောင်းကျန်းသူများထောင်ထားသည့် မိုင်းနင်းမိ ကျောက်ကြီးမြို့နယ်၌ လူနှစ်ဦးသေဆုံး၊ တစ်ဦးဒဏ်ရာရ

ရန်ကုန် ဧပြီ ၁၈

ပဲခူးတိုင်း ကျောက်ကြီးမြို့နယ် မုန်းဒေသ၌ ဧပြီ ၈ ရက်က သောင်းကျန်းသူများ ထောင်ထားသည့် မိုင်းနင်းမိ၍ အပြစ်မဲ့ပြည်သူ နှစ်ဦးသေဆုံးပြီး တစ်ဦးဒဏ်ရာရရှိခဲ့ကြောင်းသိရှိရသည်။

ဖြစ်ပွားမှုမှာ မုန်းဒေသ ကြောင်ပြာ ကျေးရွာအုပ်စု မွေတော်ကျေးရွာနေ ကိုအာနိုး၊ ကိုအောင်ဆန်းနှင့် ထန်းတပင်မြို့နယ် ဇရပ်ကြီးကျေးရွာနေ ကိုတင်မြင့်တို့သည် ဧပြီ ၈ရက် နံနက် ၉နာရီခန့်က ငါးမျှားရန် အတွက် မွေတော်ကျေးရွာမှ ထွက်ခွာလာစဉ် ရွာ၏အရှေ့ဘက် တစ်မိုင်ခန့် အရောက်၌ သောင်းကျန်းသူများ ထောင်ထားသည့် မိုင်းတစ်လုံးအား နင်းမိသဖြင့် ကိုအောင်ဆန်းနှင့် ကိုတင်မြင့်တို့နှစ်ဦး မိုင်းစထိမှန်ပြီးရရှိသော ဒဏ်ရာများဖြင့် သေဆုံးခဲ့ကြောင်း၊ ကိုအာနိုးမှာ ဝဲဘက်ခြေချင်းဝတ်ပြတ်သည့် ဒဏ်ရာရရှိခဲ့ကြောင်း ကိုအာနိုးအား ကျောက်ကြီး ဆေးရုံသို့ ပို့ဆောင်၍ ဆေးကုသပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

Sky Lion Trading Co., Ltd.

BannerStore Super Market အတွက် Supplier များခေါ်ယူခြင်း

Sky Lion Trading Co., Ltd. မှ မကြာခင် ဖွင့်လှစ်မည့် **BannerStore Super Market** သည် သမားရိုးကျမဟုတ်ဘဲ မြန်မာနိုင်ငံတွင် ပထမဦးဆုံး ဖွင့်လှစ်မည့် ထူးခြားသော **Super Market** ဖြစ်ပါသည်။ ဝယ်ယူသူများအတွက် စိတ်ဝင်စားဖွယ် ထူးခြားသော အစီအစဉ်များရှိပါသည်။ နိုင်ငံတကာရှိ အရည်အသွေးမြင့် ကုန်ပစ္စည်းမျိုးစုံကိုလည်း တင်သွင်းရောင်းချမည်ဖြစ်ပြီး ဝယ်ယူသူများအတွက် လိုအပ်ချက်များ အားလုံးကို တစ်နေရာတည်းတွင် ချိုသာသော ဈေးနှုန်းဖြင့် စိတ်ကြိုက်ရွေးချယ် ဝယ်ယူရရှိနိုင်ပါသည်။ လာရောက်ဝယ်ယူသော စားသုံးသူများအတွက် ဝယ်ယူသုံးစွဲလေလေ ဈေးနှုန်းပိုမိုသက်သာစေမည့် အခွင့်အလမ်းများရှိပါသည်။ **Sky Lion Trading Co., Ltd.** ၏ အဖွဲ့ဝင်ကိုယ်စားလှယ်များအတွက် မိတ်ဆွေများပိုမိုရရှိပြီး မိမိ၏ကွန်ရက်ကို ကြီးမားအောင် အထောက်အကူပြုမည့် အခွင့်အလမ်းကောင်းများရှိပါသည်။

အဆိုပါ **Super Market** တွင် အောက်ဖော်ပြပါ ကုန်ပစ္စည်းများ ဝယ်ယူရောင်းချလိုပါ၍ တင်သွင်းရောင်းချမည့် ကုမ္ပဏီများ ပိုင်ရှင်များအနေဖြင့် ဆက်သွယ်ဆောင်ရွက်လိုပါက ကြော်ငြာပါသည့်နေ့မှစ၍ ဆက်သွယ်နိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်။

၁။	စားသောက်ကုန်ပစ္စည်းများ	၂။	လူသုံးကုန်ပစ္စည်းများ
၃။	မီးဖိုချောင်သုံးပစ္စည်းများ	၄။	အိမ်သုံးပစ္စည်းများ
၅။	အလှကုန်ပစ္စည်းများ	၆။	ကလေးအသုံးအဆောင်ပစ္စည်းများ
၇။	စာရေးကိရိယာမျိုးစုံ	၈။	လျှပ်စစ်ပစ္စည်းများ
၉။	ဖန်စီပစ္စည်းများ	၁၀။	အားကစားပစ္စည်းများ
၁၁။	ကျန်းမာရေးဓာတ်စာ	၁၂။	ဓာတ်ပုံဆိုင်
၁၃။	မိတ္တူဆိုင်	၁၄။	ရွှေဆိုင်

ဆက်သွယ်ရန် ⟶ ဒေါ်မိုးသီတာအောင်
Sky Lion Trading Co., Ltd. အမှတ် (၅၂၀-အေ)၊ ၄-အေ၊ ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၅၅၉၇၂၁၊ ၅၅၉၇၂၂၊ ၅၅၉၇၂၃၊ ၅၅၉၇၂၄၊ ၅၅၉၇၂၅၊ ဖက်စ်- လိုင်းခွဲ (၆၁၄)

ကျိုက္ကဆံ သီတဂူ အာယုဒါန ဓမ္မသဘင်

ရန်ကုန် ဧပြီ ၁၈

ဗဟန်းမြို့နယ် ဆရာစံရပ်ကွက် အရှေ့ဈေးဟောင်းလမ်း ဝါတွင်းဝါပ ဆွမ်းလောင်းအသင်းမှ ကြီးမှူး၍ စစ်ကိုင်းတောင်ရိုး သီတဂူအာယုဒါန ဆေးရုံအတွက် အာယုဒါနဆေး အလှူတော်မင်္ဂလာ သဘင်ကို ၁၃၆၉ခုကဆုန်လဆန်း ၈ရက် (ဧပြီ ၂၃ ရက်) တနင်္လာနေ့ ည ၇ နာရီတွင် အနောက်မြင်းပြိုင်ကွင်းလမ်း ကျိုက္ကဆံအားကစားကွင်း (ဂိတ်အမှတ် ၉)၌ ကျင်းပမည်ဖြစ်ရာ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် အဓိပတိဆရာတော် ဒေါက်တာအရှင်ဉာဏိဿရက အနုမောဒနာတရား ဟောကြားမည်ဖြစ်သည်။ သီတဂူအာယုဒါနဆေး အလှူအတွက် ဖုန်း-၅၄၀၂၂၆၊ ၀၉-၅၁၁၅၀၂၈၊ ၀၉-၅၁၃၀၆၉၃ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

နှစ်သစ်ကူးမင်္ဂလာဆုမွန်လွှာ

ဦးလှထွန်း မေတ္တာရိပ်မွန် (ကင်ဆာ) ဖောင်ဒေးရှင်း တည်ထောင်သူနှင့် ဥက္ကဋ္ဌကြီး ဦးလှထွန်း၏မေတ္တာဖြင့် မြန်မာတို့ရဲ့ နှစ်သစ်မင်္ဂလာအခါသမယတွင် မြန်မာပြည်သူပြည်သားအပေါင်း၊ မျှဝေလှူဒါန်းကြသော အလှူရှင်အပေါင်းနှင့် ကင်ဆာဝေဒနာရှင်များအား ပြုစုစောင့်ရှောက်ပေးကြသော ဆရာဝန်ကြီးများ၊ သမားတော်ကြီးများ ကျန်းမာချမ်းသာကြပါစေကြောင်း ဆုမွန်ကောင်း တောင်းလိုက်ပါသည်။

အဖွဲ့ဝင်လူကြီးများ၊ ကင်ဆာဝေဒနာရှင်များနှင့် ဝန်ထမ်းများ
ဦးလှထွန်းမေတ္တာရိပ်မွန်(ကင်ဆာ)ဖောင်ဒေးရှင်း
ရန်ကုန်၊ မန္တလေး။

မွန်ပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၊ မော်လမြိုင်မြို့ လမ်း/တံတားအသုံးပြုခကောက်ခံခြင်းလုပ်ငန်းလုပ်ပိုင်ခွင့် ချိပ်ပိတ်တင်ဒါ လေလံတင်ရောင်းချရန်ကြော်ငြာ

မွန်ပြည်နယ်အတွင်း လက်ရှိလမ်း/တံတားအသုံးပြုခကောက်ခံနေသော နိုင်ငံပိုင်တံတားငါးစင်းနှင့် လမ်းအသုံးပြုခကောက်ခံရေးဂိတ်ရှစ်ခု၏ ၂၀၀၇-၂၀၀၈ခုနှစ် (၁-၅-၂၀၀၇)မှ (၃၁-၃-၂၀၀၈)အထိ ၁၁လ လမ်း/တံတားအသုံးပြုခကောက်ခံခြင်းလုပ်ငန်း လုပ်ပိုင်ခွင့်လိုင်စင်ကို နိုင်ငံသားလုပ်ငန်းရှင်များသို့ အောက်ဖော်ပြပါအတိုင်း ချိပ်ပိတ်တင်ဒါစနစ်ဖြင့် လေလံတင်ရောင်းချမည်ဖြစ်ပါသည်-

(က) လေလံတင်ရောင်းချမည့်လမ်း/တံတားများ

(၁) သံလွင် (မော်လမြိုင်)တံတားဂိတ် (မော်လမြိုင်မြို့)
(၂) အတ္တရံတံတားဂိတ် (မော်လမြိုင်မြို့)
(၃) ဂျိုင်း-ဇာသပြင်တံတားဂိတ် (မော်လမြိုင်မြို့)
(၄) ဘီးလင်းတံတားဂိတ် (ဘီးလင်းမြို့)
(၅) ရေးချောင်းတံတားဂိတ် (ရေးမြို့)
(၆) သထုံလမ်းဂိတ် (သထုံမြို့)
(၇) ဘင်လှိုင်လမ်းဂိတ် (သထုံမြို့)
(၈) ဘီးလင်းလမ်းဂိတ် (ဘီးလင်းမြို့)
(၉) ပေါင်လမ်းဂိတ် (ပေါင်မြို့)
(၁၀) ကြာအင်းလမ်းဂိတ်(မော်လမြိုင်မြို့)
(၁၁) မုဒုံလမ်းဂိတ် (မုဒုံမြို့)
(၁၂) သံဖြူဇရပ်လမ်းဂိတ် (သံဖြူဇရပ်မြို့)
(၁၃) ရေးလမ်းဂိတ် (ရေးမြို့)

(ခ) လေလံလျှောက်လွှာဝယ်ယူရရှိနိုင်သည့်နေရာ - မွန်ပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး၊ မော်လမြိုင်မြို့၊ ဖုန်း-၀၅၇-၂၄၂၄၆၊ ၀၅၇-၂၄၉၄၂၊ ၀၅၇-၂၄၇၃၀။

(ဂ) လေလံတင်လျှောက်လွှာတင်သွင်းရမည့်နေရာ - မွန်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၊ မော်လမြိုင်မြို့

(ဃ) လေလံဆွဲဝယ်ခွင့်လျှောက်လွှာ စတင်လက်ခံမည့်ရက်၊အချိန် - ၂၃-၄-၂၀၀၇ရက်(တနင်္လာနေ့)နံနက်၀၉း၀၀နာရီ

(င) လေလံတင်သွင်းရန်နောက်ဆုံးနေ့ရက်၊အချိန် - ၂၃-၄-၂၀၀၇ရက် (တနင်္လာနေ့) ညနေ ၁၆း၀၀နာရီ

(စ) လေလံတင်ရောင်းချမည့်နေ့ရက်နှင့် ချိပ်ပိတ်တင်ဒါဖွင့်လှစ်မည့် နေ့ရက်၊ အချိန်
၂၄-၄-၂၀၀၇ရက် (အင်္ဂါနေ့) နံနက် ၁၀း၀၀နာရီ

(ဆ) လေလံတင်ရောင်းချမည့်နေရာ - မွန်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၊ ရာမညခန်းမ၊ မော်လမြိုင်မြို့။

မှတ်ချက်။ မွန်ပြည်နယ်အတွင်းနေထိုင်သူ ပုဂ္ဂလိကလုပ်ငန်းရှင်များကိုသာ လေလံယှဉ်ပြိုင်ဆွဲဝယ်ယူခွင့်ပြုမည်ဖြစ်ပါသည်။

မွန်ပြည်နယ် လမ်း/တံတားများအသုံးပြုခွင့်လိုင်စင်
လေလံတင်ရောင်းချရေးကော်မတီ၊ မော်လမြိုင်မြို့။

နှစ်ဦးအထူးတရားပွဲ

ရန်ကုန် ဧပြီ ၁၈

ရန်ကုန်တိုင်း ရန်ကင်းမြို့နယ် မိုးကောင်းလမ်း မဟာဗောဓိ ပရိယတ္တိ စာသင်တိုက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ပဏ္ဍိတာဘိဝံသနှင့် နှစ်ဖက်သော မိဘတို့ကို ရည်စူးအမှူးထား၍ ဦးနီထွေး-ဒေါ်စန်းစန်းဝင်း၊ သား မောင်ချမ်းမြေ့ဝင်း၊ သမီး မမေဇာပိုင်တို့၏ မဟာဗောဓိ ပရိယတ္တိစာသင်တိုက် ရန်ကင်းမြို့နယ်တွင် ဧပြီ၂၀ ရက်၌ တိပိဋကဓရ ယောဆရာတော် ဘဒ္ဒန္တ သိရိန္ဒာဘိဝံသ အဂ္ဂမဟာပဏ္ဍိတ ယောဆရာတော်နှင့် ၂၁ ရက်တွင် ပါဠိကာရီ ဆရာတော် ဘဒ္ဒန္တ အင်္ဂီရသ အဂ္ဂမဟာပဏ္ဍိတ ဆရာတော်တို့က နိဗ္ဗာန်ရောက်ကြောင်း တရားတော်မြတ်များကို ညစဉ် ၇နာရီမှစ၍ ဟောကြားမည်ဟု သိရသည်။ **(က-ပ)**

မြန်မာနှစ်ဆန်းတစ်ရက်နေ့က ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်မျိုးသူနှင့် အဖွဲ့ဝင်များ ဗဟန်းမြို့နယ် ကြားတောရလမ်းရှိ မဟာဇေယျအတုလမာရဇိန် ကြေးသွန်းဘုရားရှေ့ရှိ ကန်တော်မင်္ဂလာတွင် ဇီဝိတဒါန သက်လွှတ်ပွဲ ကျင်းပစဉ်။ (က-ပ)

ဗဟန်းမြို့နယ် မိုးညှင်းဝိပဿနာတိုက်သစ်အတွင်းရှိ တည်ဆောက်ဆဲ ရွှေရတုစိန်တိုးကျောင်းဆောင်တော်ကြီးအတွက် နှစ်ဖက်သောမိဘများအားအမှူးထားရည်စူး၍ ဗိုလ်ကြီးကျော်ဇော် (ငြိမ်း) လူမှုထူးချွန်တတိယဆင့်-ဒေါ်ဝင်းဝင်းမြေတို့၏ (၃၂)နှစ်မြောက် မင်္ဂလာအထိမ်းမှတ်အဖြစ် သားကြီး-မောင်မြင့်မြတ်ဇော်၊ မောင်ရန်ရှင်းလင်း၊ သမီး မချစ်ကြည်ငြိမ်း-မောင်မြတ်စံမိသားစုတို့က အလှူငွေကျပ် တစ်သိန်းကို ဧပြီ ၁၈ ရက်တွင် ကျောင်းဆောင်ဖြစ်မြောက်ရေးအဖွဲ့ နာယကဆရာတော် မိုးညှင်းအရှင်ဣန္ဒကထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

မိုင်းဖြတ်မြို့မဈေး မီးဘေးလုံခြုံရေး သဲပုံးများထားရှိ

မိုင်းဖြတ် ဧပြီ ၂

မိုင်းဖြတ် မြို့မဈေးကို မီးလောင်မှု မဖြစ်စေရန်အတွက် မီးဘေးလုံခြုံရေး ဆောင်ရွက်ထားရှိမှု၊ မီးသတ်ကန်၊ မီးချိတ်၊ မီးကပ်၊ သဲပုံးများ ဆောင်ရွက်ထားရှိမှုနှင့် မီးသုံးစွဲမှု စနစ်တကျ ဆောင်ရွက်ထားရှိမှုများကို မတ် ၁၉ ရက်က အမှုဆောင်အရာရှိ ဦးကိုကို နှင့် ဈေးခေါင်း ဦးဌေးဒမ်လိုက်ပါလျက် လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

သုဝဏ္ဏဝိဟာရ သာသနာ့ဗိမာန်တော်ဆောက်ရန် ပန္နက်တင်

ကျိုက်ထို ဧပြီ ၄

မွန်ပြည်နယ် ကျိုက်ထိုမြို့ ဆိပ်ဖူးတောင် တောရကျောင်း လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာနှင့် အမှတ်(၁) ဘုန်းတော်ကြီးသင် ပညာရေးကျောင်း ဝင်းအတွင်း စင်ကာပူနိုင်ငံ ရွှေဘုရားကျောင်း ဆရာတော်နှင့်အဖွဲ့က လှူဒါန်းသော သုဝဏ္ဏဝိဟာရ သာသနာ့ဗိမာန်တော်ကြီး ဆောက်လုပ်ရန် ပန္နက်တင် မင်္ဂလာအခမ်းအနားကို မတ် ၃၀ရက် မွန်းလွဲ ၁၂နာရီ ၄၅မိနစ်ကကျင်းပရာ ပဓာနနာယက မဟာသဒ္ဓမ္မဇောတိက ဓဇ ဘဒ္ဒန္တဇောတိကဆရာတော်က ဩဝါဒကထာ မြွက်ကြားပြီး သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးဦးဝင်းဟန်နှင့် စင်ကာပူနိုင်ငံ ရွှေဘုရားကျောင်း ဆရာတော်၏ အကျိုးတော်ဆောင် ဦးလှသိန်းတို့က ပန္နက်ကို ရိုက်ပေးကြသည်။ **(အပေါ်ပုံ)(က-ပ)**

လောင်စာတွေကိုရှင်း မီးဘေးအန္တရာယ်ကင်း

ညောင်ဦးခရိုင် ဖျောက်ဆိပ်ပင်ကျေးရွာ စက်ရေတွင်းဖွင့်

ညောင်ဦး ဧပြီ ၅

ညောင်ဦး(ပုဂံ) မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရန်ပုံငွေဖြင့် ၂၀၀၆-၂၀၀၇ ဘဏ္ဍာရေးနှစ်အတွင်း တူးဖော်ဆောင်ရွက်ခဲ့သော ညောင်ဦးခရိုင် ငါ့သရောက်မြို့ ဖျောက်ဆိပ်ပင်ကျေးရွာ စက်ရေတွင်းဖွင့်ပွဲ အခမ်းအနားကို မတ် ၁၉ရက် နံနက် ၉ နာရီက ကျင်းပသည်။

ရှေးဦးစွာ ညောင်ဦးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ကျော်စိုးနှင့် ညောင်ဦး (ပုဂံ) မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင် အရာရှိဦးမောင်မောင်ဝင်းတို့က စက်ရေတွင်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်က စက်ရေတွင်းရေပိုက်ခေါင်းကို လှည့်၍ ဖွင့်လှစ်ပေးသည်။

တက်ရောက်

အဆိုပါ အခမ်းအနားသို့ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်နှင့် တိုင်းအဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ခရိုင်နှင့် မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းဝင်များ၊ အမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များနှင့် ကျေးရွာပြည်သူများ တက်ရောက်ကြသည်။ **(ခရိုင် ပြန်/ဆက်)**

အုတ်ဖိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၆-၂၀၀၇ ဘဏ္ဍာရေးနှစ် ကျေးလက် (သာမန်လုပ်ငန်း)ဖြစ်သော အုတ်ဖို-တိမ်မြုပ် ဂဝံလမ်းပေါက် ဖာထေးခြင်း လုပ်ငန်းဆောင်ရွက်မှုကို မတ် ၂၄ရက်က ဒုတိယဦးစီးမှူး(အခွန်) ဦးစန်းလွင် ကြီးကြပ်ဆောင်ရွက်စဉ်။ (၀၇၄)

မီးဘေးကြိုတင်ကာကွယ်ရေး စုပေါင်းဇာတ်တိုက်သရုပ်ပြ

ယင်းမာပင် ဧပြီ ၁၂

စစ်ကိုင်းတိုင်း ယင်းမာပင်မြို့နယ် မီးဘေး ကြိုတင်ကာကွယ်တားဆီးရေး ကြီးကြပ်မှုကော်မတီနှင့် မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များသည် ဧပြီ ၃ ရက် ညနေ ၃ နာရီက ယင်းမာပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင်မြို့မဈေးကြီး မီးဘေးလုံခြုံရေး၊ ကာကွယ်တားဆီးရေးအတွက် မြို့နယ်ဥက္ကဋ္ဌ ဦးစိုးလှိုင်၊ မြို့နယ်စည်ပင်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်လွင်ဦးနှင့် မြို့နယ်မီးသတ်တပ်ဖွဲ့ တာဝန်ခံ ဦးမြင့်လွင်တို့ ကြီးကြပ်၍ မီးငြိမ်းသတ်မှု ဇာတ်တိုက် သရုပ်ပြသကြသည်။ **(မြို့နယ် ပြန်/ဆက်)**

တနင်္သာရီတိုင်း ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့ ကျင်းပ အာဟာရ၊ ဆေးပစ္စည်းနှင့် ဆေးရုံသုံးပစ္စည်းများလှူဒါန်း

မြိတ် ဧပြီ ၄

ကျန်းမာရေးဝန်ကြီးဌာန တနင်္သာရီတိုင်း ကျန်းမာရေးဦးစီးဌာနနှင့် တိုင်းအမျိုးသမီးရေးရာအဖွဲ့၊ တိုင်းမိခင်နှင့် ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့တို့ ပူးပေါင်းကျင်းပသော ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့ အခမ်းအနားကို မတ် ၂၄ ရက် နံနက် ၇ နာရီက မြိတ်မြို့ အထက(၁) ပညာ့ဗိမာန်ခန်းမ၌ ကျင်းပသည်။

အမှာစကား

အခမ်းအနားတွင် တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ခင်ဇော်ဦးက ဂုဏ်ပြုအမှာစကားပြောကြားပြီး တိုင်းကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာမောင်မောင်လှက ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး၏ မိန့်ခွန်းကို ဖတ်ကြားသည်။

ယင်းနောက် တီဘီရောဂါသည်များအား အာဟာရနှင့် ဆေးများကို တိုင်းမိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်သန်းဌေးနှင့် တိုင်းအမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌဒေါ်အေးအေးကျော်တို့က လှူဒါန်းကြသည်။

ဆက်လက်၍ တိုင်းမှူးနှင့်အဖွဲ့သည် မြိတ်မြို့ အထွေထွေရောဂါကု ဆေးရုံကြီးတွင် ကျင်းပသည့် ဆေးရုံသုံးပစ္စည်းများ လှူဒါန်းပွဲအခမ်းအနားသို့ တက်ရောက်၍ တိုင်းမှူး ဗိုလ်မှူးချုပ်ခင်ဇော်ဦးက အမှာစကားပြောကြားသည်။

ချွဲစုပ်စက်

ယင်းနောက် တနင်္သာရီတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်သန်းဌေးက အထွေထွေရောဂါကုဆေးရုံကြီးအတွက် လေအေးပေးစက်ကိုလည်းကောင်း၊ တိုင်းအမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်အေးအေးကျော်က မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းသားဖွားခန်းအတွက် ချွဲစုပ်စက်ကိုလည်းကောင်း ပေးအပ်လှူဒါန်းရာ ဆေးရုံအုပ်ကြီး ဒေါက်တာမောင်မောင်မြင့်က လက်ခံ ရယူသည်။ **(ခရိုင်ပြန်/ဆက်)**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မက်မန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်လျက်ရှိသော အဖွဲ့ရုံး ဆောက်လုပ်မှုနှင့် ပတ်သက်၍ မတ် ၃၀ ရက်က ရှမ်းပြည်နယ်(အရှေ့ပိုင်း) ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ခေတ္တညွှန်ကြားရေးမှူး ဦးခင်ကျော်နှင့် အဖွဲ့ကွင်းဆင်းစစ်ဆေးရာမြို့နယ် တာဝန်ခံ ဦးအောင်ကျော်ထက် ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

ဆွမ်ပရာဘွမ်လမ်း သန့်ရှင်းသာယာလှပရေး မြေခင်းအလှဆင်

မြစ်ကြီးနား ဧပြီ ၄

မြစ်ကြီးနားမြို့နယ်စည်ပင်သာယာရေးအဖွဲ့ လက်ထောက်အင်ဂျင်နီယာ ဦးမျိုးအေးလွင်နှင့် ဒုတိယဦးစီးမှူး (သန့်)ဦးသန်းဝင်းတို့ကြီးကြပ်သော အဖွဲ့ဝန်ထမ်းများသည် မြို့သစ်ရပ်ကွက် နာရီစင်မှ ဆွမ်ပရာဘွမ်လမ်း၊ လမ်းလယ်ကျွန်း ပန်းပေါင်အမှတ် ၁၆၃အထိ မြက်ခင်းများ သပ်ရပ်လှပစေရန် မြက်ဖြတ်ခြင်း၊ ရေလောင်းခြင်း၊ လမ်းဘေး ဝဲယာ သန့်ရှင်းရေး ဆောင်ရွက်ခြင်း၊ ပုံဖော်ပန်းပင်များ ပုံဖော်ပေးခြင်း၊ ဆွမ်ပရာဘွမ်လမ်းနှင့် အထက(၁)အနီး တြိဂံပန်းခြံတွင် မြေခင်းအလှပြုပြင်၊ မြက်ခင်းစိုက်ပျိုးခြင်းလုပ်ငန်း ဆောင်ရွက်မှုတို့ကို မြို့နယ်တာဝန်ခံအရာရှိ ဦးဇော်မိုးက ကြီးကြပ်ဆောင်ရွက်ပေးကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

ဝမ်းတွင်းမြို့နယ်ပြန်/ဆက်ဦးစီးဌာနရုံး အဆောက်အအုံသစ်ဖွင့် ရုပ်မြင်သံကြားပြစက်နှင့် ရေဒီယိုများ ပေးအပ်လှူဒါန်း

ဝမ်းတွင်း ဧပြီ ၆

မန္တလေးတိုင်း မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး အဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနားကို မတ် ၃၁ရက် နံနက် ၉ နာရီက အဆိုပါရုံးသစ်၌ ကျင်းပသည်။

ဖွင့်လှစ်

ရှေးဦးစွာ တိုင်းပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်သန်းထွန်းနှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဟန်စိုးတို့က ရုံးသစ်အဆောက်အအုံကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

ဆက်လက်၍ မြို့နယ်ဥက္ကဋ္ဌ ဦးဟန်စိုးက အဖွင့်အမှာစကားပြောကြားပြီး တိုင်းပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်သန်းထွန်းက ရုံးသစ်အဆောက်အအုံ ဆောက်လုပ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

လက်ခံယူ

ထို့နောက် ကျေးရွာစာကြည့်တိုက်များအတွက် မြောက်ဇချမ်းကုန်းကျေးရွာ၊ ပဲခင်းကျော်ကျေးရွာ၊ ရွာတန်းရွာတို့မှ အလှူရှင်များက ရုပ်မြင်သံကြားပြစက်သုံးလုံး၊ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌက ရေဒီယို ၂၉ လုံးတို့ကို ပေးအပ်လှူဒါန်းရာ တိုင်းပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးက လက်ခံယူခဲ့ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

အမြို့မြို့ အနယ်နယ် သတင်းများ

မြန်မာ့အသံ နားဆင်စရာ

၁၃၆၉ ခုနှစ် ကဆုန်လဆန်း ၅ ရက်
၂၀-၄-၂၀၀၇ (သောကြာနေ့)

နံနက်ပိုင်း

၀၇း၀၀ တရားတော် (ဦးဥတ္တမသာရ ဆရာတော်ကြီး၏ ခန္ဓသုတ်နှင့် ဂုဏ်တော်ကွန်ချာ)

နေ့လယ်ပိုင်း

၀၉း၃၅ ဟောပြောချက် (လက်ဆင့်ကမ်းအမွေ ကျောက်ဆည်ဆင်အကလေ)
၁၁း၁၅ နိုင်ငံ့စီးပွားလုပ်ငန်းများ [ပဲခူးတိုင်း(အရှေ့)သစ်တောဦးစီးဌာန၏ လုပ်ငန်းဆောင်ရွက်ချက်များ]
၁၁း၃၅ သုတကမ္ဘာ
၁၂း၀၀ ကျန်းမာရေးနှင့် ဆေးပညာ (အသည်းမခိုက်ရလေအောင်)
၁၂း၃၀ ဇာတ်လမ်းပမာနားဆင်စရာ (ပိုက်ကိုတိုးသောယုန်)

ညနေပိုင်း

၁၆း၁၀ ရာသီခါမိတေးပန်းချီ
(၁) မိန်ရာသီ (မြတ်ဝတ်ရည်)
(၂) နွေဦးကုံကော် (ထူးအိမ်သင်)
(၃) နွေမျက်လုံးနဲ့ မကြည့်နဲ့ (ဆောင်း)
၁၇း၃၀ ရေဒီယိုမဂ္ဂဇင်း
(၁) နှစ်ဦးဆုမွန် (ခေါင်းကြီး)
(၂) တစ်နှစ်ကူးပြန်ပေါ့ (ဆောင်းပါးသရုပ်ဖော်)
၁၇း၅၀ နိုင်ငံတကာစီးပွားရေး သတင်းပဒေသာ
၁၈း၂၅ ကျေးလက်ဇာတ်လမ်း (အရွယ်တိုင်းအတွက်)
၁၈း၄၀ သိပ္ပံပညာသိကောင်းစရာ (သတ္တဝါတို့၏ဝလေ့စရိုက်-မောင်ဆုရှင်)
၂၀း၃၀ ခံစားနားဆင်မြန်မာတေးသံစဉ်
(၁) အချစ်ကိုဘယ်လိုပြောရမယ် (မောင်မောင်ကြီး)
(၂) စကားဝါပန်း (ဌေးဌေးမြင့်)
(၃) နှမလက်လျှော့နေလေတော့ (တွံတေးသိန်းတန်)

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း (မူလကျောင်းဟောင်းအနောက်ဘက်) တိုးချဲ့မြေနှစ်ဧက ဝယ်ယူရန်နှင့် သာသနိကအဆောက်အအုံများ ဆောက်လုပ်ရန်အတွက် ပျဉ်းမနားမြို့ (TOP ONE STORE)ဦးကိုကို–ဒေါ်ဝါဝါ(ခ)ဒေါ်ဌေးဌေးလှိုင်၊ သမီး မသီရိသဇင်၊ မသီရိရွှေစင်၊ မယဉ်ယဉ်ဖြူဖြူပိုင် မိသားစုတို့က သားကြီး မောင်ကျော်သူငြိမ်းချမ်း (သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်) ၁၀နှစ်ပြည့်အား ရည်စူး၍ အလှူငွေကျပ် ငါးသိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် (ဂမုန်းပွင့်ဘေးလမ်း) အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အမှူဆောင်ဆရာတော် ပြည်တော်သာ အရှင်စန္ဒန(ဓမ္မာစရိယ)ထံ ဆက်ကပ်လှူဒါန်းစဉ်။ (က–ပ)

မဟာဝါဠုက သဲပုံစေတီ ဗုဒ္ဓပူဇနီယပွဲကျင်းပမည်

မန္တလေး ဧပြီ ၃

မန္တလေးတိုင်း မဟာအောင်မြေမြို့နယ် ရတနာဘုမ္မိအနောက်ရပ်ကွက် အကွက် ၅၃၄–၅၃၅ ရှိ မဟာဝါဠုက ဥဏ်တော် ၂၅ ပေရှိ သဲပုံစေတီတော်၏ (၂၂၃)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်ကို ဧပြီ ၂၈ရက်တွင် တည်ထားကိုးကွယ်ပူဇော်ခြင်း၊ ၂၉ ရက်တွင် လှူဖွယ်ပစ္စည်းများဖြင့် ကြည်ညိုဖွယ် ခင်းကျင်းခြင်း၊ ၃၀ ရက်တွင် ဩဝါဒါစရိယ ဆရာတော်များက သဲပုံစေတီတော်အား ဗုဒ္ဓါဘိသေက အနေကဇာ တင်လှူပူဇော်ပြီး ပင့်သံဃာတော် ၅၇ပါးတို့အား ဆွမ်းတော်ကြီး လောင်းလှူ၍ လှူဖွယ်ဝတ္ထုပစ္စည်းများကို စာရေးတံမဲဖောက် လှူဒါန်းခြင်းများ ပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ရန်ကုန်တိုင်း တောင်ဥက္ကလာပမြို့နယ် (၁၃) ရပ်ကွက် အနော်မာလမ်း အမှတ် ၈၃၈နေ ဒေါ်အေး အေးမိသားစုက ဒဂုံမြို့နယ် အမှတ် ၁၆ စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီး အတွက်အလှူငွေကျပ် တစ်သိန်းကို

အနုနာယက ဆရာတော်ဘဒ္ဒန္တပဏ္ဍိစ္စထံ ရေစက်ချ အနုမောဒနာတရား နာယူပြီး တိ=နိ(ပင်မ)ဥက္ကဋ္ဌ ဦးအေးဖေထံ ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

မိဘများအား အမှူးထား၍ မောင်ဘိုဘိုဟန်–မဖြူဖြူသင်း မင်္ဂလာဦးအလှူအဖြစ် သာကေတမြို့နယ် အမှတ် ၁၁၇ ရန်ပြေ ၉ လမ်းက တွံတေးမြို့ မိဘဂုဏ်ဘိုးဘွားရိပ်သာ အာဟာရနှင့် ဆေးပဒေသာပင်အတွက် ငွေကျပ်တစ်သိန်း လှူဒါန်းရာ တွဲဖက်အတွင်းရေးမှူး ဦးစိုးဝင်းက လက်ခံယူစဉ်။ (၃၈၀)

လင်းခေးမြို့၌ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များဖွင့်

လင်းခေး ဧပြီ ၅

လင်းခေးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်သော လင်းခေးမြို့ မြို့ဦးရပ်ကွက်နှင့် မြို့မတောင်ရပ်ကွက် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များကို မတ် ၂၇ ရက် နံနက် ၈ နာရီက အဆိုပါစာကြည့်တိုက်များ၌ ကျင်းပသည်။

ဖွင့်လှစ်

မြို့ဦးစာကြည့်တိုက်ကို နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီးတင့်လွင်၊ ခရိုင်ဥက္ကဋ္ဌဦးစန်းမြင့်အောင်နှင့် မြို့ဦးရပ်ကွက်ဥက္ကဋ္ဌ ဦးစိုင်းထွန်းအေးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး မြို့မတောင်ရပ်ကွက်စာကြည့်တိုက်ကို မြို့နယ်ဥက္ကဋ္ဌ ဦးတင်စိုး၊ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဦးအယ်လ်စိုးထန်တူးနှင့်ရပ်ကွက်ဥက္ကဋ္ဌ ဦးစိုင်းတာယတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

လှူဒါန်း

ဆက်လက်ပြီး အဆိုပါစာကြည့်တိုက်များ ဖွင့်ပွဲအခမ်းအနားကို မြို့မတောင် အမကကျောင်းခန်းမ၌ကျင်းပရာ ခရိုင်ဥက္ကဋ္ဌနှင့် မြို့နယ်ဥက္ကဋ္ဌတို့က အမှာစကားပြောကြားကြပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးက စာကြည့်တိုက်များ ဖွင့်လှစ်ရခြင်းနှင့်ပတ်သက်ပြီး ရှင်းလင်းတင်ပြသည်။

ထို့နောက် ဖွင့်လှစ်လိုက်သည့် စာကြည့်တိုက်နှစ်တိုက်အတွက် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် အမျိုးသမီးရေးရာအဖွဲ့တို့က စာအုပ်များလှူဒါန်းရာ ရပ်ကွက်ဥက္ကဋ္ဌများက လက်ခံယူကြသည်။ **(ခရိုင် ပြန်/ဆက်)**

စဉ့်ကူးမြို့ သုတရောင်ခြည် စာကြည့်တိုက်သို့ သုတရသစာအုပ်မျိုးစုံ ပေးအပ်လှူဒါန်း

စဉ့်ကူး ဧပြီ ၅

ပြင်ဦးလွင်ခရိုင် စဉ့်ကူးမြို့နယ်ရဲတပ်ဖွဲ့ မြို့နယ်စခန်းရုံးတွင်ဖွင့်လှစ်ထားသော သုတရောင်ခြည်စာကြည့်တိုက်သို့ အလှူရှင် ဦးဝင်းမောင်–ဒေါ်သောင်းသောင်းဌေး မိသားစုက သုတ ရသစာအုပ်မျိုးစုံ ပေးအပ်လှူဒါန်းပွဲကို မတ်၈ရက် ညနေ၄နာရီက အဆိုပါစခန်းရုံးရှိ သုတရောင်ခြည်စာကြည့်တိုက်တွင် ကျင်းပရာ မြို့နယ်စခန်းမှူး ရဲအုပ်ဝင်းသိန်း၊ ဒုတိယရဲအုပ်များ၊ ရဲတပ်ဖွဲ့ဝင်များနှင့် အလှူရှင်မိသားစုများ တက်ရောက်ကြသည်။

ပေးအပ်

ရှေးဦးစွာ အလှူရှင်က လှူဒါန်းရသည့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး တန်ဖိုးငွေကျပ်၁၂၅၀၀တန်ဖိုးရှိ သုတ ရသစာအုပ်မျိုးစုံ ၄၁ အုပ်ကို မြို့နယ်စခန်းမှူး ရဲအုပ်ဝင်းသိန်းထံ ပေးအပ်လှူဒါန်းသည်။ **(အောက်ပုံ)**

(မြို့နယ် ပြန်/ဆက်)

မုံရွာမြို့၌ မီးဘေးကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်

မုံရွာ ဧပြီ ၅

မုံရွာမြို့နယ်အတွင်း မီးလောင် ဆုံးရှုံးမှုများ မဖြစ်ပွားစေရေးအတွက် မီးဘေး ကာကွယ်ရေး ဇာတ်တိုက် လေ့ကျင့်မှုကို မုံရွာမြို့ နတ်လူထိပ်ပန် ရပ်ကွက်ရှိ မြန်မာ့ရေနံနှင့် ရေနံထွက်ပစ္စည်း ရောင်းဝယ်ရေး မုံရွာမြို့ စက်သုံးဆီ အရောင်းဆိုင် အမှတ်(၀၆၄၀)တွင် မတ် ၁၁ရက် နံနက် ၁၀နာရီက ကျင်းပသည်။

အဆိုပါ မီးဘေး ကာကွယ်ရေးဇာတ်တိုက် လေ့ကျင့်မှုကို မုံရွာခရိုင် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်ကျော်၊ မုံရွာမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးကျော်စွာထွန်း၊ မြန်မာ့ရေနံထွက်ပစ္စည်း ရောင်းဝယ်ရေး လုပ်ငန်း စက်သုံးဆီ အရောင်းဆိုင် အမှတ်(၀၆၄၀) မန်နေဂျာ ဦးတင်ချိုချိုတို့က ကြီးကြပ်ပြီး မုံရွာမြို့နယ် မီးသတ်ဦးစီးဌာန ဒုတိယ ဦးစီးမှူး(စခန်းမှူး) ရဲဗလ သိန်းအေးက ဦးဆောင်၍ လေ့ကျင့်မှုများ ဆောင်ရွက်ခဲ့သည်။

ဇာတ်တိုက်လေ့ကျင့်ရာတွင် မီးသတ်ယာဉ် နှစ်စီးနှင့်အတူ သန္ဓေ မီးသတ် ငါးဦး၊ အရန်မီးသတ် တပ်ဖွဲ့ဝင် ၂၅ဦး၊ မြန်မာ့ရေနံနှင့် ရေနံထွက်ပစ္စည်း ရောင်းဝယ်ရေး လုပ်ငန်း စက်သုံးဆီ အရောင်းဆိုင် အမှတ်(၀၆၄၀)မှ ဝန်ထမ်း ၁၀ဦးတို့က ပါဝင် လေ့ကျင့် ဆောင်ရွက်ကြသည်။

(ခရိုင် ပြန်/ဆက်)

လူမှုဝန်ထမ်းဦးစီးဌာန မြောက်ဥက္ကလာပမြို့နယ် မူလတန်းကြိုကျောင်း၏ ကျောင်းတွင်းပဒေသာကပွဲကို မတ်၂၉ရက်က ကျင်းပရာ ရင်သွေးငယ်များ လှယဉ်ကျေးမယ်ကိုယ်ဟန်ပြ သရုပ်ဆောင်ကပြကြစဉ်။ (၃၆၃)

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်) ရန်ကုန်အဝေးသင်တက္ကသိုလ်

e- Education Learning Centre

သင်ခန်းစာထုတ်လွှင့်မည့်အစီအစဉ်

(တနင်္လာမှ သောကြာ) မွန်းလွဲ ၁ နာရီမှ ညနေ ၃ နာရီအထိ

(စနေ၊ တနင်္ဂနွေ) နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ

၂၃–၄–၂၀၀၇ (တနင်္လာနေ့)

- ❑ "ရဲဘော်မသေ သေသော်ငရဲမလား" စကားပြေပို့ချချက်
  - အဝေးသင်တက္ကသိုလ် ပထမနှစ်ကျောင်းသား ကျောင်းသူအားလုံး
- ❑ "ဝေရွှန်းစန္ဒာ"ကဗျာပို့ချချက်
  - ပထမနှစ် အထူးပြု ကျောင်းသား ကျောင်းသူအားလုံး
- ❑ "ဥမ္မာဒန္တီပျို့ မိတ်ဆက်"
  - ပထမနှစ် မြန်မာစာအထူးပြု ကျောင်းသား ကျောင်းသူများ

၂၄–၄–၂၀၀၇ (အင်္ဂါနေ့)

- ❑ Alphabet (အက္ခရာ)
  - ပထမနှစ် မြန်မာစာ မြန်မာမှု၊ ရသစာပေ၊ အရှေ့တိုင်းပညာ အထူးပြုကျောင်းသား ကျောင်းသူများ
- ❑ The Application of Schroedinger's Equation
  - တတိယနှစ် ရူပဗေဒအထူးပြု ကျောင်းသား ကျောင်းသူများ

၂၅–၄–၂၀၀၇ (ဗုဒ္ဓဟူးနေ့)

- ❑ Phobic Disorders
  - တတိယနှစ် စိတ်ပညာအထူးပြု ကျောင်းသား ကျောင်းသူများ
- ❑ Application of Maxwell's Equation
  - တတိယနှစ် သင်္ချာအထူးပြု ကျောင်းသား ကျောင်းသူများ
- ❑ NuclearBindingEnergy andSemi-Empirical MassFormula
  - တတိယနှစ် ရူပဗေဒအထူးပြု ကျောင်းသား ကျောင်းသူများ

၂၆–၄–၂၀၀၇ (ကြာသပတေးနေ့)

- ❑ ADVANCED LOGIC
  Logic of Truth Function
  - ဒုတိယနှစ် ဒဿနိကဗေဒအထူးပြု ကျောင်းသား ကျောင်းသူများ
- ❑ The Structure of DNA
  - တတိယနှစ် သတ္တဗေဒအထူးပြု ကျောင်းသား ကျောင်းသူများ

၂၇–၄–၂၀၀၇ (သောကြာနေ့)

- ❑ Compare the Integument of Invertebrates and Vertebrates
  - တတိယနှစ် သတ္တဗေဒအထူးပြု ကျောင်းသား ကျောင်းသူများ
- ❑ How to Write a Summary
  - ပ၊ဒု၊တနှစ် အင်္ဂလိပ်စာအထူးပြု ကျောင်းသား ကျောင်းသူများ
- ❑ Applied Aspects of Invertebrates
  - တတိယနှစ် သတ္တဗေဒအထူးပြု ကျောင်းသား ကျောင်းသူများ

၂၈–၄–၂၀၀၇ (စနေနေ့)

- ❑ Double Entry and Book-Keeping
  - ပထမနှစ်စီးပွားရေး၊ စီးပွားစီမံအထူးပြု ကျောင်းသား ကျောင်းသူများ
- ❑ Probability Distributions
  - ပထမနှစ် စီးပွားရေး၊ စီးပွားစီမံအထူးပြု ကျောင်းသား ကျောင်းသူများ
- ❑ Production
  - ပထမနှစ် စီးပွားရေး၊ စီးပွားစီမံအထူးပြု ကျောင်းသား ကျောင်းသူများ
- ❑ Time Series 1
  - ပထမနှစ် စီးပွားရေးအထူးပြု ကျောင်းသား ကျောင်းသူများ
- ❑ Marketing
  - ပထမနှစ် စီးပွားရေး၊ စီးပွားစီမံအထူးပြု ကျောင်းသား ကျောင်းသူများ
- ❑ Book-keeping Procedures and Cash Book
  - ပထမနှစ် စီးပွားရေး၊ စီးပွားစီမံအထူးပြု ကျောင်းသား ကျောင်းသူများ
- ❑ History of Psychology
  - ပထမနှစ် စိတ်ပညာအထူးပြု ကျောင်းသား ကျောင်းသူများ
- ❑ Perceiving Distance
  - ပထမနှစ် စိတ်ပညာအထူးပြု ကျောင်းသား ကျောင်းသူများ
- ❑ Operant Conditioning
  - ပထမနှစ် စိတ်ပညာအထူးပြု ကျောင်းသား ကျောင်းသူများ
- ❑ Central Nervous System
  - ပထမနှစ် စိတ်ပညာအထူးပြု ကျောင်းသား ကျောင်းသူများ
- ❑ Memory 1
  - ပထမနှစ် စိတ်ပညာအထူးပြု ကျောင်းသား ကျောင်းသူများ

၂၉–၄–၂၀၀၇ (တနင်္ဂနွေနေ့)

- ❑ အင်းဝခေတ်ရသစာပေသမိုင်း
  - ပထမနှစ် ရသစာပေအထူးပြု ကျောင်းသား ကျောင်းသူများ
- ❑ ရွှေပြည်စိုးနှင့်ကျွန်တော်
  - ပထမနှစ် ရသစာပေအထူးပြု ကျောင်းသား ကျောင်းသူများ
- ❑ မွေ့နွှန်းရကန်
  - ပထမနှစ် ရသစာပေအထူးပြု ကျောင်းသား ကျောင်းသူများ
- ❑ ဥမ္မာဒန္တီပျို့လာ ဇာတ်ဆောင်များ၏စရိုက်
  - ပထမနှစ် မြန်မာစာအထူးပြု ကျောင်းသား ကျောင်းသူများ
- ❑ Importance of Micro Business in Economic Development
  - ပထမနှစ် အိမ်တွင်းစီးပွားအထူးပြု ကျောင်းသား ကျောင်းသူများ
- ❑ Ouality Control
  - ပထမနှစ် အိမ်တွင်းစီးပွားအထူးပြု ကျောင်းသား ကျောင်းသူများ
- ❑ Micro Business
  - ပထမနှစ် အိမ်တွင်းစီးပွားအထူးပြု ကျောင်းသား ကျောင်းသူများ
- ❑ Structure of Markets
  ပထမနှစ်စီးပွားရေး၊စီးပွားစီမံ၊ပြည်သူ့ရေးရာအထူးပြု ကျောင်းသား ကျောင်းသူများ
- ❑ Economic Resource Development in Myanmar
  - ပထမနှစ် ပြည်သူ့ရေးရာအထူးပြု ကျောင်းသား ကျောင်းသူများ
- ❑ Administrative Tribunals
  - စတုတ္ထနှစ် ဥပဒေပညာအထူးပြု ကျောင်းသား ကျောင်းသူများ
- ❑ Immunities
  - စတုတ္ထနှစ် ဥပဒေပညာအထူးပြု ကျောင်းသား ကျောင်းသူများ

အများသိစေရန်ကြေညာချက်

အောက်ဖော်ပြပါပုဂ္ဂိုလ်များမှမိမိတို့၏ အဆောက်အအုံကို ဆောက်လုပ်ခွင့်/ ပြင်ဆင်ခွင့် ရရှိရန် လျှောက်ထားလာသည့်အတွက် ကန့်ကွက်ရန် အကြောင်းရှိပါက သက်ဆိုင်သည့် အထောက်အထား စာရွက်စာတမ်းများနှင့်တကွ ရက်ပေါင်း (၁၅) ရက်အတွင်း ဤဌာနသို့ လျှောက်ထား ကန့်ကွက်နိုင်ကြောင်း အသိပေး ကြေညာအပ်ပါသည် -

စဉ်	အမည်	မှတ်ပုံတင်အမှတ်	လိပ်စာ	မှတ်ချက်
၁	ဦးသစ်ထွန်း	၁၂/မဂဒ(နိုင်) ၀၂၅၆၈၇	၂၀/ခ၊ ပြည်လမ်း၊ တောက်ကြန့် မြောက်ပိုင်း၊ မင်္ဂလာဒုံ	(၂)ထပ်တိုက်ဆောက်လုပ်ရန်
၂	ဦးသန့်ဇင်ထွန်း	TAK-၀၄၀၅၅၇	၂၉၇၊ ကာယ (၁၀) လမ်း၊ သယ်နီ ကျွန်းကြီး၊ မင်္ဂလာဒုံ	(၂)ထပ်အုတ်တိုက်ဆောက်လုပ်ရန်
၃	နော်ခရစ္စတင်းညွန့်	TGO-၁၂၆၈၀၀	၁၀၅၊ ခရေလမ်း (၂/က) ရပ်ကွက်၊ မင်္ဂလာဒုံ	(၂)ထပ်တိုက်ဆောက်လုပ်ရန်
၄	ဦးစန်းထိုက်	၇/တဝန (နိုင်) ၁၁၁၉၅၀	၁၂၃၉/က၊ နှယ်နီ (၄) လမ်း၊ ၁၀/တောင်၊ သာကေတ	(၂)ထပ်တိုက်ဆောက်လုပ်ရန်
၅	ဦးအောင်သန်း+၁	PGU-၀၈၇၁၆၀	၁၃၄၊ ဟုမ်းလမ်း (၃) လမ်း၊ ဟုမ်းလမ်းရပ်ကွက်၊ စမ်းချောင်း	(၂)ထပ်အုတ်ညှပ်ပြင်ဆင်ရန်
၆	ဒေါ်ခင်မျိုးမြင့်	KLO-၀၅၂၁၁၁	၁၉၊ မဟာဆွေလမ်း၊ (၁၃) ရပ်ကွက်၊ လှိုင်	(၁)ထပ်အုတ်ညှပ်ပြင်ဆင်ရန်
၇	ဒေါ်ငွေငွေမြင့်	၁၂/အစန(နိုင်) ၁၆၅၀၀၀	၂၀၀၊ (က-၃)လမ်း၊ မြို့သစ်(က+ခ) အင်းစိန်	(၂)ထပ်တိုက်ဆောက်လုပ်ရန်
၈	ဦးလှဦး	ISN-၆၂၈၉၈၀	၇၀၇၊ ဗိုလ်တေဇလမ်း၊ စော်ဘွားကြီးကုန်း၊ အင်းစိန်	(၂)ထပ်တိုက်ဆောက်လုပ်ရန်
၉	ဒေါ်ကြည်	KPG-၀၉၂၇၅၀	၂၁၇ ဦ/၂၊ သုဓမ္မာလမ်း၊ (ည)ရပ်ကွက်၊ မြောက်ဥက္ကလာပ	(၃)ထပ်တိုက်ဆောက်လုပ်ရန်
၁၀	ဒေါ်ခင်သောင်း	TGA-၁၄၄၇၃၂	၄၃၀/ခ၊ ဟန်ဖြေ (၁၀) လမ်း/အရှေ့ ၃/မာန်ပြေ၊ သာကေတ	(၂)ထပ်အုတ်ညှပ်ပြင်ဆင်ရန်
၁၁	ဦးသိန်းဆွေ	၁၁/ရပန(နိုင်) ၀၄၁၁၅၇	၄၃/ဘီ၊ ဓမ္မာသုခလမ်း၊ မုန့်/တောင်၊ စမ်းချောင်း	(၂)ထပ်အုတ်ညှပ်+မျဉ်တိုးချဲ့ပြင်ဆင်ဆဲ
၁၂	ဦးတင်ဦး	၁၂/သကတ(နိုင်) ၀၅၄၂၁၄	၁၂၈၆/ခ၊ ခိုင်ရွှေဝါလမ်း၊ ၁၀/တောင်၊ သာကေတ	(၂)ထပ်တိုက်ဆောက်လုပ်ရန်

ဌာနမှူး၊ အင်ဂျင်နီယာဌာန (အဆောက်အအုံ)၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန
ဝန်ကြီးရုံး

ရက်စွဲ- ၂၀၀၇ခုနှစ် ဧပြီလ ၁၁ ရက်

တင်ဒါများ ဖိတ်ကြားခြင်း

၁။ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန၊ စက်မှုနှင့် သက်မွေးပညာ ဦးစီးဌာန လက်အောက်ရှိ နည်းပညာတက္ကသိုလ်၊ သန်လျင်နှင့် မော်ဘီတို့တွင် တည်ဆောက်မည့် သုံးထပ် ကျောင်းဆောင်သစ် တစ်လုံးစီ ဆောက်လုပ်ရန်အတွက် ချိပ်ပိတ်တင်ဒါများ တင်သွင်းရန် ဖိတ်ကြားအပ်ပါသည်။

၂။ တင်ဒါတင်သွင်းသူသည် ဆောက်လုပ်ပေးနိုင်မည့်တန်ဖိုးကို (B.Q)နှင့် တကွ ပူးတွဲတင်ပြရမည်။ လုပ်ငန်းအတွေ့အကြုံရှိသူကို ဦးစားပေးမည်။ တင်ဒါရွေးချယ်ရေးအဖွဲ့၏ ဆုံးဖြတ်ချက်သည်သာ အတည်ဖြစ်သည်။

၃။ နည်းပညာပိုင်းဆိုင်ရာ လိုအပ်ချက်များရှိပါက သက်ဆိုင်ရာနည်းပညာ တက္ကသိုလ်မှ အကူအညီရယူနိုင်ပါသည်။

၄။ တင်ဒါတင်သွင်းသူသည် တင်ဒါစည်းကမ်းချက်များ၊ တင်ဒါပုံစံနှင့် တင်ဒါတင်သွင်းသူမှ လိုက်နာရန်အချက်အလက်များကို အောက်ပါ လိပ်စာမှ ဆက်သွယ်စုံစမ်းရယူနိုင်ပါသည်-

ညွှန်ကြားရေးမှူးချုပ်
စက်မှုနှင့် သက်မွေးပညာဦးစီးဌာန
သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန
ရုံးအမှတ်(၂၀)၊ နေပြည်တော်။
ဖုန်း-၀၆၇-၄၀၄၀၁၅၊ ၄၀၄၄၅၆

၅။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အထက်ပါလိပ်စာအတိုင်း လူကိုယ်တိုင် ဖြစ်စေ၊ တယ်လီဖုန်းဖြင့်ဖြစ်စေ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

သံတွဲခရိုင် သံတွဲမြို့နယ် လင်းသာကျေးရွာအုပ်စု အမှတ်(၃၈၄)နေ ကျွန်မ၏ သား မောင်မြင့်နိုင်(ခ)တုတ်ကြီးသည် မိဘနှင့် မိသားစုအပေါ် စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်ခြင်း၊ မိဘ၏ဆုံးမညွှန်ကြားမှုများကို လိုက်နာခြင်းမရှိသည့်အတွက် အမွေခံသားအဖြစ်မှ (လုံး၀)အမွေပြတ်စွန့်လွှတ်လိုက်ကြောင်း မောင်မြင့်နိုင်နှင့် ပတ်သက် သမျှကိစ္စအဝဝကို(လုံး၀) တာဝန်မယူပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

မိခင်-ဒေါ်ခင်တင့်။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ
သမဝါယမဝန်ကြီးဌာန
သမဝါယမဦးစီးဌာန
ညွှန်ကြားရေးမှူးချုပ်ရုံး
သမဝါယမ ပညာရေးနှင့် လေ့ကျင့်သင်ကြားရေးဆိုင်ရာ ညွှန်ကြားမှုအဖွဲ့
လက်မှတ်ရစာရင်းကိုင်သင်တန်း
(Certificate in Book-Keeping and Accountancy)

၁/၂၀၀၇-၂၀၀၈ အတွက်

သင်တန်းသားခေါ်ယူခြင်း

၁။	ဖွင့်လှစ်မည့်နေရာ	- သမဝါယမသင်တန်းကျောင်း ပုသိမ်၊ မော်လမြိုင်၊ တောင်ကြီး၊ မကွေး။
၂။	သင်တန်းကာလ	- (၄)လ
၃။	သင်ကြားမည့် ဘာသာရပ်များ	- Book-keeping and Accountancy, Advanced Accountancy, Computerized Accounting, Economics, Co-operative.
၄။	ဖွင့်လှစ်မည့်ရက်	- ၃-၅-၂၀၀၇
၅။	လျှောက်လွှာ လက်ခံမည့်ရက်	- ကြော်ငြာသည့်ရက်မှစ၍
၆။	လျှောက်လွှာပိတ်ရက်	- ၂-၅-၂၀၀၇
၇။	သင်တန်းဝင်ခွင့် အရည်အချင်း	- အခြေခံပညာအထက်တန်း သင်ယူခြင်းအဆင့်
၈။	လျှောက်လွှာဝယ်ယူ ရမည့်နေရာ	- သမဝါယမသင်တန်းကျောင်းများ
၉။	လျှောက်လွှာတင်ရမည့် နေရာ	- တက်ရောက်လိုသည့် သင်တန်းကျောင်းသို့ တိုက်ရိုက်လျှောက်ထားရန်

၁၀။ အသေးစိတ် အချက်အလက်များကို လျှောက်လွှာဝယ်ယူရာ ဌာနများနှင့် တယ်လီဖုန်း-၀၆၇-၄၁၀၃၄၃ သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ယနေ့ မီးဘေးကြိုတင်ကာကွယ်ရေးသည် မနက်ဖြန် မီးဘေးလုံခြုံရေး ဖြစ်သည်

မဟာဂန္ထဝါစက ပဏ္ဍိတဘဒ္ဒန္တ ကုန္ဒက အန္တိမစျာပနပူဇာကျင်းပ

မိတ္ထီလာ ဧပြီ ၁၀

မန္တလေးတိုင်း မိတ္ထီလာမြို့ သဒ္ဓမ္မဝံသာရုံ(ပါဠိတက္ကသိုလ်)စာသင်တိုက်ကြီး၏ ဦးစီးပဓာနနာယကဆရာတော် သက်တော်(၇၉)နှစ်၊သိက္ခာတော်(၅၉)ဝါရှိ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ မဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တ ကုန္ဒက မထေရ်အား အန္တိမစျာပနသာဓုကီဠနပူဇာပွဲ အခမ်းအနားကို ဧပြီ ၂ ရက် နံနက် ၇ နာရီခွဲက အဆိုပါစာသင်တိုက်တွင် ကျင်းပသည်။

ရှေးဦးစွာ တက်ရောက်လာကြသည့် သံဃာတော်အရှင်သူမြတ်များနှင့် လူပုဂ္ဂိုလ်တို့က နမောတဿ သုံးကြိမ်ရွတ်ဆို၍ ဖွင့်လှစ်ပြီး တက်ရောက်လာကြသူများက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ဝိဇာဒေယထံမှ ငါးပါးသီလခံယူ ဆောက်တည်ကြရာ သံဃာတော် အရှင်သူမြတ်များက ဂါထာတော်များ ရွတ်ဆို၍ သံဝေဂဉာဏ် ပွားများကြသည်။

ရွတ်ဖတ်ပူဇော်

ရမည်းသင်းမြို့ ကုတင်ဗောဓိကုန်းကျောင်းဆရာတော် ဦးသောဘိတက ဆရာတော်ကြီး၏ ထေရုပ္ပတ္တိကထာကို ရွတ်ဖတ်ပူဇော်ပြီး မိတ္ထီလာမြို့နယ် သံဃနာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော် ဘဒ္ဒန္တ သူရိယက သံဝေဂဂါထာကို ရွတ်ဖတ်ပူဇော်သည်။

ပူဇော်ပေး

ထို့နောက် နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီး ခင်မောင်ဌေးနှင့်ဇနီး၊ ခရိုင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊တပည့်ဒါယကာဒါယိကာမများက သံဃာတော်အရှင်သူမြတ်တို့အား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး ဆရာတော်ကြီး၏ ရုပ်ကလာပ်တော်ကို စံကျောင်းတော်သို့ လက်ဆင့်ကမ်း ပင့်ဆောင်၍ရုပ်ကလာပ်တော်အား သဒ္ဓမ္မဝံသာရုံ စာသင်တိုက်မှ ဦးနန္ဒဝံသ၊ ခရိုင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ပူဇော်ပေးခဲ့ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

အခြေခံပညာမူလတန်းကျောင်းဆောင်သစ်ဖွင့် ဖြူးမြို့နယ်သို့စာရွက်စာတမ်းများ လွှဲပြောင်းပေးအပ်

ဖြူး ဧပြီ ၁၀

ပဲခူးတိုင်း ဖြူးမြို့နယ် ဇေယျဝတီဒေသ လယ်ပြင်ကြီး ကျေးရွာအုပ်စု ဘုတ်စုတ်ခင်ကျေးရွာ တွဲဖက်အခြေခံပညာမူလတန်းကျောင်းမှ အခြေခံပညာမူလတန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ဖွင့်လှစ်ခြင်းနှင့် ကျောင်းဆောင်သစ် ပေးအပ်လှူဒါန်းပွဲကို ဧပြီ ၁ ရက် နံနက် ၉ နာရီက အဆိုပါကျောင်းဆောင်သစ်၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းပညာရေးမှူး ဦးသိန်းလှိုင်နှင့် မြို့နယ်ဥက္ကဋ္ဌ ဦးတင်ဆွေမြင့်တို့က အမှာစကားပြောကြားပြီး အလှူရှင်မိသားစုကိုယ်စား သားဖြစ်သူ ဦးမောင်တင်က မြေနေရာဝယ်ယူ၍ ကျောင်းဆောင်သစ် ဆောက်လုပ်လှူဒါန်းရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းတင်ပြသည်။ ကျောင်းဆောင်သစ်နှင့် ပတ်သက်သော စာရင်းဇယားများနှင့် စာရွက်စာတမ်းများကို တိုင်းပညာရေးမှူးထံ လွှဲပြောင်းပေးအပ်သည်။ ထို့နောက် ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးအေးသက်က ကျေးဇူးတင် စကားပြောကြားပြီး တက်ရောက်လာကြသည့် တိုင်းပညာရေးမှူး ဦးသိန်းလှိုင် **(အပေါ်ပုံ)**နှင့် တာဝန်ရှိသူများအား အလှူရှင်မိသားစုက ဂုဏ်ပြုလက်ဆောင်ပစ္စည်းများ ပေးအပ်သည်။ **(၂၈၄)**

ပေါင်းတည်၌ အထူးဈေးရောင်းပွဲတော်ကျင်းပ

ပေါင်းတည် ဧပြီ ၁၄

အမှတ်(၁)စက်မှုဝန်ကြီးဌာန အထူးဈေးရောင်းပွဲတော် (ပေါင်းတည်)ဖွင့်ပွဲကို ဧပြီ ၅ ရက် နံနက် ၈ နာရီက ပဲခူးတိုင်း (အနောက်ပိုင်း)ပေါင်းတည်မြို့ ဘုရားကြီးလမ်း သကျမုနိ မိုဃ်းကောင်းဘုရားကြီးအနီးရှိ ပွဲတော်မုခ်ဦးရှေ့၌ကျင်းပရာ ပဲခူးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးကြီးစိန်မြင့်နှင့် နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီး မောင်မောင်အေးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ (အပေါ်ပုံ)

ဖွင့်ပွဲသို့ တိုင်း၊ ခရိုင်အဆင့် ဌာနဆိုင်ရာများ၊ မြို့နယ်ဥက္ကဋ္ဌ ဦးကိုကိုလွင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်း အဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့် ပြည်သူများ တက်ရောက်ကြသည်။

အဆိုပါ ပွဲတော်တွင် အမှတ်(၁) စက်မှုဝန်ကြီးဌာနအောက်ရှိ စက်မှုလုပ်ငန်းခြောက်ခုမှ ထုတ်လုပ်သော အထည်အလိပ်နှင့် လူသုံးကုန် ပစ္စည်းမျိုးစုံကို ဧပြီ ၅ ရက်မှ ၁၁ ရက်အထိ အထူးဈေးနှုန်း ဖြင့် လက်လီလက်ကား ဖွင့်လှစ်ရောင်းချပေးခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

အရန်မီးသတ်တပ်ဖွဲ့ရုံး အဆောက်အအုံသစ်ဖွင့်

ဟိုပုံး ဧပြီ ၈

ရှမ်းပြည်နယ် (တောင်ပိုင်း) ဟိုပုံးမြို့နယ် အရန်မီးသတ်တပ်ဖွဲ့ရုံး အဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနားကို မတ် ၂၆ရက်က အဆိုပါ အဆောက်အအုံရုံးရှေ့၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးထွန်းအောင်၊ ခရိုင်မီးသတ်တပ်ဖွဲ့ ဦးစီးအရာရှိ ဦးသန်းဆွေနှင့် မြို့နယ်အရန်မီးသတ်တပ်ဖွဲ့ ဒုတိယတပ်ရင်းမှူး ဦးမြတ်ဆွေတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး**(ဝဲပုံ)** မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်ကွက်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ ရပ်မိ ရပ်ဖများနှင့် အလှူရှင်များက တက်ရောက်ကြသည်။ **(မြို့နယ် ပြန်/ဆက်)**





ရထားပို့ဆောင်ရေးဝန်ကြီးဌာန၌ အန္တရာယ်ကင်း ပရိတ်တရားတော်များရွတ်ပွားပူဇော်

နေပြည်တော် ဧပြီ ၁၈

မြန်မာနှစ်သစ်ကူး အန္တရာယ်ကင်း ပရိတ်တရား ရွတ်ဖတ်ပူဇော်ပွဲကို ယမန်နေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ရထားပို့ဆောင်ရေးဝန်ကြီးဌာနရုံးချုပ် အစည်းအဝေးခန်းမ၌ ကျင်းပရာ ပျဉ်းမနားမြို့နယ် သံဃနာယကအဖွဲ့ ဉက္ကဋ္ဌ သံလမ်းကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တဥာဏဝံသ အမှူးပြုသော သံဃာတော်များကြွရောက်တော်မူကြပြီး ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်အောင်မင်းနှင့်ဇနီး၊ ဒုတိယဝန်ကြီးများ၊ ဦးဆောင်ညွှန်ကြားရေးမှူးနှင့် ညွှန်ကြားရေးမှူးချုပ်များ၊ ၎င်းတို့၏ဇနီးများနှင့် ဝန်ထမ်းမိသားစုများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဝန်ကြီးနှင့်ဧည့်ပရိသတ်တို့က မြို့နယ် သံဃနာယကအဖွဲ့ ဉက္ကဋ္ဌ သံလမ်းကျောင်း ဆရာတော်ထံမှ ကိုးပါးသီလ ခံယူဆောက်တည်ကြသည်။ ဆက်လက်၍ ဆရာတော် သံဃာတော်များက အန္တရာယ်ကင်း ပရိတ်တရားတော်နှင့် ကမ္မဝါများ ရွတ်ပွားတော်မူကြသည်။

ထို့နောက် ဆရာတော် သံဃာတော်များအား ဝန်ကြီးနှင့်တာဝန်ရှိသူများက လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းကြပြီး ဆရာတော်ထံမှ ပရိတ်သတ်တို့က ရေစက်ချတရား နာယူကြကာ ရေစက်သွန်းချ အမျှပေးဝေကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရေစက်သွန်းချ

ရထားပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်အောင်မင်းနှင့်ဇနီးတို့ မြန်မာ့နှစ်သစ်ကူး အန္တရာယ်ကင်း ပရိတ်တရား ရွတ်ဖတ်ပူဇော်ပွဲတွင် လှူဒါန်းမှု အစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြစဉ်။

(ရထား)

ဓိဝိတဒါန

မြန်မာနှစ်ဆန်းတစ်ရက်က အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် မိသားစု စုပေါင်းဓိဝိတဒါန ငါးလွှတ်ပွဲ ပြုလုပ်စဉ်။

(သတင်းစဉ်)

မြန်မာနှစ်ဆန်းတစ်ရက် နှစ်သစ်မင်္ဂလာ အခါတော်နေ့ မန္တလေးမြို့၌ ကုသိုလ်ကောင်းမှုပြုလုပ်ကြသူများဖြင့် စည်ကား

ရန်ကုန် ဧပြီ ၁၈

မြန်မာသက္ကရာဇ် ၁၃၆၉ ခုနှစ် နှစ်ဆန်းတစ်ရက်နေ့သည် နှစ်ဟောင်းကုန်၍ နှစ်သစ်သို့ကူးပြောင်းသော နှစ်သစ်မင်္ဂလာနေ့ဖြစ်၍ နှစ်ဦးရောက်ချိန်တွင် ကောင်းမြတ်သော စိတ်ထားဖြင့် ကောင်းမှုကုသိုလ်များကို ဆည်းပူးပြုမူကြမြဲဖြစ်သည်။

<u>ပရိတ်ရွတ်</u>

မြန်မာနှစ်ဆန်းတစ်ရက် နှစ်သစ် မင်္ဂလာအခါတော်နေ့တွင် မန္တလေးမြို့ပေါ်၌ နံနက်အရုဏ်တက်ချိန်မှစ၍ မန္တလေးမြို့ပေါ်ရှိ တန်ခိုးကြီးဘုရား ပုထိုး၊ စေတီတော်များ၌လည်းကောင်း၊ မြို့နယ်ရပ်ကွက်များရှိ ဓမ္မာရုံများ၌ လည်းကောင်း၊ ဒါနကုသိုလ်ကောင်းမှုပြုကြသူများက သက်ကြီးပူဇော်ပွဲများ ပြုလုပ်ကြပြီး ညနေပိုင်းတွင် ရပ်ကွက် အသီးသီးတို့၌ အန္တရာယ်ကင်း ပရိတ်ရွတ်ပွဲများ ကျင်းပကြသည်။

မြန်မာနှစ်ဆန်းတစ်ရက် နံနက် ၄နာရီခွဲက မန္တလေးမြို့ရှိ မဟာမုနိရုပ်ရှင်တော်မြတ်အား ရေတော် ဆရာတော်အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပညာဝံသအမှူးပြုသော မျက်နှာသစ်တော် ဝတ်အဖွဲ့က မျက်နှာသစ်တော်မူပြီး ရွှေသင်္ကန်းကပ်လှူကာ ပန်း၊ ဆွမ်း၊ ရေချမ်း ကပ်လှူပူဇော်ကြသည်။ ဗုဒ္ဓဘာသာဝင် သူတော်စင် ရဟန်းရှင်လူပြည်သူများကလည်း မဟာမုနိရုပ်ရှင်တော်မြတ်အား ရွှေသင်္ကန်းကပ်လှူခြင်း၊ ဖယောင်းဆီမီး ပူဇော်ခြင်း၊ ခုနစ်နေ့နံဘုရားများတွင် ရေသပ္ပာယ်ခြင်း၊ ငါးကန်တွင် ဓိဝိတဒါန ငါးလွှတ်ခြင်း၊ ငှက်လွှတ်ခြင်း၊ အစာကျွေးခြင်း စသည့် ကုသိုလ်ကောင်းမှုများကို ပြုလုပ်ကြသည်။ **စာမျက်နှာ ၉ ကော်လံ ၁** ■

မြန်မာ့အလင်း နိုင်ငံတကာသတင်း အညွှန်း

တိုက်စစ်မှူး ဒရက်ကွတ်

လီဗာပူးအတွက် ဂိုး အများဆုံး သွင်းယူပေး ထားသော တိုက်စစ်မှူး ဒရက်ကွတ်။

ကမ္ဘာတစ်လွှား အားကစား (စာ-၅)

ထိုင်းနှစ်သစ်ကူးပွဲတော်အတွင်း ထိခိုက်သေဆုံးမှု

ထိုင်းနိုင်ငံ နှစ်သစ်ကူးရေသဘင်ပွဲတော်၏ ခြောက်ရက်မြောက်နေ့ ဖြစ်သော ဧပြီ ၁၇ရက်အထိ သေဆုံးသည့် လူအရေအတွက်မှာ ၃၆၁ဦး ရှိပြီး မော်တော်ယာဉ်မတော်တဆဖြစ်မှု ၄၂၁၄မှု ဖြစ်ပွားခဲ့ကြောင်း ထိုင်းပြည်ထဲရေးဝန်ကြီးဌာနမှ ဧပြီ ၁၇ ရက်၌ သတင်းထုတ်ပြန်သည်။

နိုင်ငံတကာသတင်း (စာ-၁၀)

ဘဂ္ဂဒက်မြို့၌ ဗုံးလေးလုံး နာရီခြား၍ပေါက်ကွဲ ၁၅၇ဦးသေဆုံး အများအပြား ဒဏ်ရာရရှိ

အင်တာနက်ဖောင်ပိတ်သတင်း (စာ-၁၁)